www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မစန္ဒာ

# ဝတ္ထုတိုများ (၆)

www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုတိုများ(၆)
ပထမအကြိမ်၊ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ၊ အုပ်ရေ ၁၀၀၀

**အဖုံးနှင့် အတွင်းပန်းချီ   စံတိုး**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၁၀၆/ ၂၀၀၂(၁၂)နှင့် စာမူ ခွင့်ပြုချက်အမှတ် ၉၄၁/ ၂၀၀၂(၁၀)တို့အရ ဦးတင်နိုင် (၀၃၇၆၃)စန်းစေရာင်နှိုင်စာပေ၊ ၄/ ၁၇၇၊ ဓမ္မလမ်း၊ ဝေဘာဂီ မြို့သစ်၊ မြောက်ဥက္ကလာ က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးကျော်သင်း(၀၅၈၂၉) သံလွင်ဦး ပုံနှိပ်တိုက်၊ အမှတ် ၁၄၈၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန် က ပုံနှိပ်သည်။

**တန်ဖိုး ၅၅၀ ကျပ်**

**ပါရမီစာပေ**
၂၃၈၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုန်း ၂၉၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မှန်ဦးဆောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail: paramibk@myanmar.com.mm

www.burmeseclassic.com

www.burmeseclassic.com

# ပန်းချီဦးစံတိုးကို အမှတ်ရ ဂုဏ်ပြုခြင်း

ကွယ်လွန်သူ ပန်းချီဦးစံတိုးသည် သူ၏ သက်တမ်း တစ်လျှောက်လုံး၌ သရုပ်ဖော်ပန်းချီများကို စေတနာ အပြည့်ဖြင့် ရေးဆွဲပေးခဲ့သည်ကို စာဖတ်ပရိသတ်များ သိရှိပြီး ဖြစ်ကြပါသည်။

ပါရမီစာပေက ထုတ်ဝေပြီးသော စာအုပ် ၂၀၀ တွင် ဆရာ့လက်ရာ အဖုံး ၉၂ ခုမျှ ပါဝင်ပါသည်။ ဆရာသည် ပါရမီစာပေအတွက် သရုပ်ဖော် ပန်းချီများ ဆွဲပေးရုံသာမက အခြား စာပေရေးရာကိစ္စများတွင်လည်း ကိုယ်အား ဉာဏ်အားဖြင့် စိတ်ပါ လက်ပါ ဝေဖန် အကြံပေး ကူညီခဲ့ပါသေးသည်။ အကယ်၍ ပါရမီစာပေထုတ်စာအုပ်များသည် အတိုင်းအတာ တစ်ခုအထိ အောင်မြင်သည် ဆိုကြပါအံ့၊ ထိုအောင်မြင်မှုများတွင် ဆရာ၏ ကဏ္ဍသည် အလွန်အရေးပါသော အခန်းမှ ပါဝင်ခဲ့ကြောင်း မှတ်တမ်းတင်ပါသည်။

ပါရမီစာပေမှ မစန္ဒာ၏ စာအုပ်များကို ထုတ်ဝေရာ၌ ဤစာအုပ်မတိုင်မီ ထုတ်ဝေခဲ့သောဝတ္ထုတိုများ ၅ အုပ်နှင့် မဂ္ဂဇင်းဝတ္ထုရှည်များ ၄ အုပ် စုစုပေါင်း ၉ အုပ်၏ အဖုံးနှင့် အတွင်းပန်းချီပုံများအားလုံးသည် ဆရာ့လက်ရာများသာ ဖြစ်ပါသည်။ ဤဝတ္ထုတိုများ(၆)၏ အဖုံးကို ပြီးစီးအောင် ဆွဲပေးခဲ့သော်လည်း အတွင်းပန်းချီများကိုမူ ဆရာ အကောင်အထည်

www.burmeseclassic.com

ဖော်သွားနိုင်ခဲ့ပါ၏။ နှုတ်ကမှ ဤစာအုပ်ပါ ဝတ္ထုတိုများကို အလွန်နှစ်သက်ကြောင်း၊ အတွင်းပုံများကို မကြာမီ အားရပါးရ ဆွဲမည်ဟုမှ မကွယ်လွန်မီက ပြောကြားခဲ့ပါသည်။

ဤစာအုပ်ကို ထုတ်ဝေရန် စီစဉ်သောအခါ ဆရာ ကတိပေးခဲ့သော်လည်း မပြီးစီးခဲ့သော အတွင်းပုံများနေရာတွင် ဆရာအား အမှတ်ရ ဂုဏ်ပြုသည့်အနေဖြင့် ထုတ်ဝေပြီး ဝတ္ထုတိုများ ၅ အုပ်နှင့် မဂ္ဂဇင်းဝတ္ထုရှည်များ ၄ အုပ် စုစုပေါင်း ၉ အုပ်ပါ အတွင်းပန်းချီများထဲမှ ယခု စာအုပ်ပါ ဝတ္ထုတိုများနှင့် လိုက်ဖက်သည့်ပုံများကို ဆရာ့မိသားစု၊ ဆရာမ မစန္ဒာတို့နှင့် တိုင်ပင်ပြီး ရွေးချယ် ဖော်ပြထားပါကြောင်း တင်ပြပါသည်။

ပါရမီစာပေ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | |
|---|---|
| ၁။ ပင္ကို | ၄ |
| ၂။ ဒါတော့သိဘူးလေ | ၁၈ |
| ၃။ ပါရမီမယ် မရင့်သော်ကြောင့် | ၃၂ |
| ၄။ ၂၁ ရာစု အကြို ဦးနှောက်များ | ၄၂ |
| ၅။ မှောင်မိုက်မှာငို | ၅၈ |
| ၆။ ၂၁ ရာစု မြို့ပြချစ်ခရီး | ၇၄ |
| ၇။ ကိုခြောက်ချက်၏ဒဿန | ၈၂ |
| ၈။ အကြံအဖန် | ၉၄ |
| ၉။ ဤအရာကား | ၁၀၆ |
| ၁၀။ ပေါက်ပင်ကိုင်းကိုင်း | ၁၁၈ |
| ၁၁။ ကားမှတ်တိုင်မှ စကားသံ | ၁၃၂ |
| ၁၂။ လျှာနှင့်သွား | ၁၄၂ |
| ၁၃။ + × နှင့် ÷ | ၁၆၂ |
| ၁၄။ မရေးတတ်၍ဖြစ်မလာသောဝတ္ထုများ | ၁၇၆ |
| ၁၅။ လူ | ၁၈၂ |


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပဂ္ဂီ

ပဂ္ဂီတစ်ထည်လောက် လိုချင်နေသည်မှာ ကြာလှချေပြီ။

ပဂ္ဂီဟူသည်မှာ ယခုနောက်ပိုင်း တစ်နှစ် နှစ်နှစ်ပိုင်း လောက်ကမှ ခေတ်စားလာသော ခြောက်တောင်ပါတိတ်ဖြစ်လေသည်။ အနံက နှစ်တောင့်ထွာ၊ အလျားက ခြောက်တောင်ဆိုတော့ ထဘီတစ်ထည်၊ အင်္ကျီလက်တိုတစ်ထည်အပြင် ဘလောက်(စ) အင်္ကျီတစ်ထည် ထပ်ရသေးသည်။ အကယ်၍ ဝတ်ရဲလျှင်တော့ မိန်းမအတွက် ထဘီတစ်ကွင်း ဖြတ်ပြီး ကျန်အစကို ယောက်ျားက ရှပ်အင်္ကျီချုပ်ကာ ဆင်တူဝတ်နိုင်ကြသေးသည်။

အပွင့်အဆင်တွေက ခပ်ကြီးကြီး ခပ်ရဲရဲဖြစ်သော်လည်း အရောင်အသွေးက စိုလှတော့ လှမျိုးခင်၏မျက်စိထဲတော့ မြင်မြင်သမျှ ပဂ္ဂီတွေ အကုန်လှနေလေသည်။

အကုန်လှနေသော်လည်း ယခုထိ တစ်ထည်မှ မရသေးသည်က ခက်လှသည်။

မရသေးဆို ဈေးကလည်း ကြည့်ပါဦး၊ ပေါ်စတုန်းက သုံးရာကျော် လေးရာနား ကပ်နေသည်။ ယခုနောက်ပိုင်း တဖြည်းဖြည်း ဈေးကျလာသော်လည်း သုံးရာနား ကပ်နေဆဲဖြစ်သည်၊ တစ်နေ့တုန်းကတော့ တစ်ဖက်အိမ်မှ နီနီလှိုင်ဝယ်လာသည်ကတော့ နှစ်ရာ့ငါးဆယ်ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com


'ပဂ္ဂိတွေ ဈေးကျလာပြီမောင်ရေ့၊ နီနီလှိုင်ဝယ်လာတာ နှစ်ရာ့ငါးဆယ်တဲ့' ဟု သူကပြောတော့ အိမ်ကလူက မျက်နှာကို မသိမသာမဲ့သည်၊ 'ကျတဲ့ဈေးကလည်း နှစ်ရာ့ငါးဆယ်တဲ့လားကွ' ဟု ဆိုလိုဟန်ရှိမှန်းသိသော်လည်း လှမျိုးခင်က စကားနည်းရန်စဲ မသိချင်ဟန်ဆောင်နေလိုက်သည်၊ သူတစ်ခွန်းငါတစ်ခွန်း စကားနိုင်လုနေရုံနှင့် သူလိုချင်သော ပဂ္ဂိက လက်ထဲ ရောက်လာမည်မဟုတ်။

ငွေနှစ်ရာ့ငါးဆယ်ဟူသည်မှာ မနည်းဘူးဆိုလျှင်လည်းဟုတ်၊ နည်းသည်ဆိုလျှင်လည်း ဟုတ်လေသည်။ အရေးကြီးသည်ကတော့ ပေတံသာဖြစ်သည်၊ ဆင်းရဲသားပေတံနှင့် တိုင်းပါက အလွန်များပြီး လူချမ်းသာပေတံနှင့်တိုင်းပါက ဘာမှ ပြောပလောက်သောငွေ မဟုတ်ပေ။ လှမျိုးခင်တို့ကတော့ မရှိမရှားထဲကဖြစ်သည်၊ အိမ်ကလူက လခသုံးရာကျော်ကျော် ရသော ရုံးအမှုထမ်းဖြစ်သည်။

'လခကတော့ သုံးရာကျော်ကျော်ပဲ' ဟူသောစကားကို ခပ်မော့ မော့လေး ပြောနိုင်ခဲ့သည်။ သားသမီးက နှစ်ယောက်မို့ စုနိုင်၊ ဆောင်း နိုင်၊ စိန်နားကပ်ပန်နိုင်ခြင်းမရှိခဲ့သော်လည်း ရှားတော့ သိပ်မရှား။ ထို့ ကြောင့် သူများတွေလိုလည်း မဝတ်နိုင်သော်လည်း တစ်ထည်တလေ လောက်တော့ ရှိသင့်သည်ဟု လှမျိုးခင်ယူဆသည်။

'အန်တီလှတို့အိမ်မှာ နောက်အပတ် တနင်္ဂနွေကျရင် ဘုရားကိုးဆူ ကပ်မယ်တဲ့'

နီနီလှိုင်က သတင်းပေးတော့ 'ဘာဝတ်ရပါ့မလဲ' ဟု ချက်ချင်းပင် စဉ်းစားမိပြီး ချက်ချင်းပင် ခေါင်းကိုက်လာသည်။

အန်တီလှက ဟိုဘက်လမ်းထိပ်မှ စိန်ပွဲစားရွှေပွဲစားကြီးဖြစ်သည်။

အရောင်းအဝယ်မကောင်းလျှင်လည်း ကောင်းစေရန်၊ ကောင်းလျှင်လည်း ပို၍ ကောင်းစေရန် မကြာခဏ ဆွမ်းကျွေးလိုက်၊ ဘုရားကိုးဆူကပ်လိုက်လုပ်တတ်လေသည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် အန်တီ

www.burmeseclassic.com

www.burmeseclassic.com


လှ အရောင်းအဝယ် ပိုကောင်း မကောင်း မသိရသော်လည်း မိုလေးရှန်တွေ၊ ပါတိတ်တွေကို ဈေးထဲမှတစ်ဆင့်ယူကာ တစ်အိမ်တက်ဆင်း လိုက်ပြီး လပေးရောင်းတတ်သော မခင်ဝေကတော့ တော်တော်လေး ရောင်းကောင်းလေသည်။ ဒီရပ်ကွက်က အရေးအကြောင်းရှိလျှင် ကိုယ်ဖိ ရင်ဖိ ကူညီတတ်ကြသလို ပြိုင်စရာရှိလျှင်လည်း သူ့ယောက်ျား ကိုယ့်ယောက်ျား၊ သူ့သား ကိုယ့်သားသာမက သူ့သမီးကိုယ့်သမီး၊ သူ့ ဖိနပ် ကိုယ့်ဖိနပ်ကအစ ပြိုင်ကြလေသမို့ ဆွမ်းကျွေးတစ်ခါရှိတိုင်း အသစ်တစ်ခါ ဝယ်ရန် ကြိုးပမ်းတတ်ကြသောကြောင့် ဖြစ်သည်။

မဝယ်လို့ရော ဖြစ်မလား။ ဟိုဘက်အိမ်၊ ဒီဘက်အိမ် အကုန်လုံးက တစ်ယောက်ထဘီ၊ တစ်ယောက်အင်္ကျီအကုန်သိနေတာ။ အကုန်မှတ်မိနေတာ။ တစ်ရပ်ကွက်လုံးက ရှိရှိသမျှမိန်းမတွေ ဆုံတဲ့ပွဲ၊ ဝတ်ပြီးသားကြီးတွေ ပြန်ဝတ်သွားရင် ရှက်စရာ။

နီနီလှိုင်က ပြောတတ်သည်။ သူ့မှာကတော့ ထဘီအသစ်၊ အင်္ကျီအသစ်က အမြဲတမ်းပင် အဆင်သင့်ရှိတတ်သည်၊ သူ့မိဘက တတ်နိုင်သည့်အပြင် သူကိုယ်တိုင်ကလည်း သူ့အစ်မတဝမ်းကွဲ၏ ဗွီဒီယိုအငှားဆိုင်တွင် နေ့ခင်းတိုင် ထိုင်ပေး၍ အပိုဝင်ငွေရသေးသည်။ အိမ်ထောင်မကျသေးတော့လည်း ဘာအပူအပင်မှမရှိ၊ တစ်လ တစ်လ အသစ်ဝယ်ရန် အဆန်းဝယ်ရန်သာ စဉ်းစားနေတတ်သူဖြစ်သည်။

သူက ကလေးနှစ်ယောက်အမေဖြစ်သည့်အပြင် နီနီလှိုင်လောက်လည်း တတ်နိုင်သူမဟုတ်ပေ။ ထို့ကြောင့် မပြိုင်သင့်သည်ကို လှမျိုးနွယ် က သိသော်လည်း ဝမ်းတွင်းပါ ဝါသနာမို့ မနေနိုင်၊ နည်းနည်းဖြစ်ဖြစ် ပြိုင်တော့ ပြိုင်ချင်သေးသည်။

အိမ်ကလူ ရသမျှလခသည် အိမ်လခ၊ ကျောင်းလခ၊ မီတာခ၊ ရေခ၊ အစစနှင့် အမြီးနုတ် ခေါင်းနုတ် နုတ်ပြီးသော အခါ တစ်လလုံး စားစရာ ဆန်ဖိုးပင် မပြည့်။ ယခုလလို ကလေးတွေ ကျောင်းအပ်ဖွင့်

www.burmeseclassic.com

www.burmeseclassic.com


ကျောင်းဝင်ကြေးသွင်းရ၊ စာအုပ်ဝယ်ရ၊ ကျောင်းစိမ်းအင်္ကျီဝယ်ရနှင့် ဆိုပါက ဆန်ဖိုးပင်မကျန်။

နီနီလှိုင်ကို ပြိုင်နိုင်သူကတော့ မျက်စောင်းထိုးအိမ်က သင်္ဘောသားကတော်ဖြစ်သည်။ သို့သော် သူကတော့ မပြိုင်ချေ။ သူ့ယောကျ်ား ပို့သမျှကို အတန်အသင့်သာဝတ်ပြီး ကျန်အထည်များကိုတော့ ဈေးတွင်ပင် ဖောက်သည်သွင်းပစ်တတ်သည်။ 'အဆင်ဆန်းလေးတွေပါရင် ပြပါ ဦး' ဟု နီနီလှိုင်တို့စကားခေါ်လျှင် 'ကားဖိုးစုနေလို့ ဘာမှမပို့ဖြစ်ပါဘူး' ဟု ပိတ်၍ပြောတတ် သေးသည်။

'သင်္ဘောသားလုပ်ရတယ်ဆိုတာ နိုင်ငံခြားငွေရပေမယ့် ဘယ်လောက် ပင်ပန်းလဲ၊ ဘယ်လောက်မျက်နှာငယ်လဲ ပတ်သက်တဲ့လူတွေ သိပါတယ် မမျိုးရယ်၊ ကျွန်မကတော့ သူပို့သမျှကို ပပလွှားလွှား ဝတ်စား မပစ်ရက်ပါဘူး၊ အိမ်မှာ ဆင်းကြ တက်ကြနဲ့ ပစ္စည်းတွေ လာဝယ်ကြ ရွေးကြလည်း မကြိုက်ဘူး။ ဒါကြောင့် ဖောက်သည်ပဲ သွင်းပစ်တာ၊ သူပို့သမျှကို ကျစ်ကျစ်ပါအောင် စုထားတယ်၊ အိမ်ကလေး မြေကလေး ဝယ်နိုင်ရင်တော့ စိုက်ပျိုးရေး၊ မွေးမြူရေးလေးလုပ်ပြီး မိသားစုလေး တစုတစည်းတည်း နေတော့မယ်' ဟု ပြောဖူးလေသည်။ အလိမ္မာလွှမ်းသော စကားလေးမို့ ကြားရသည်မှာ နားဝတွင် ချိုမြွေးနေသော်လည်း လှမျိုးခင်၏အတွင်းစိတ် တစ်နေရာကတော့ 'မိုက်လိုက်တာဟယ်၊ မသကာ ဆယ်ထည်ပို့ရင် ငါးထည်ရောင်း ငါးထည်ဝတ်ဆိုရင် တော်သေးတယ်၊ အခုတော့ ကိုးထည်ရောင်းပြီး တစ်ထည်ပဲ ဝတ်သတဲ့၊ ငါနဲ့သာ နေရာလဲလိုက်ချင်တော့' ဟု ဖြတ်ခနဲ တွေးလိုက်မိသေးလေသည်။

သူသာ သင်္ဘောသားကတော်ဖြစ်လို့ကတော့ နီနီလှိုင်တို့ ပုဝပ်သွားအောင် ဝတ်ပြလိုက်မိမည်ထင်သည်။ ခုတော့ နီနီလှိုင် ဆယ်ထည်ဝယ်လို့မှ သူက တစ်ထည်မဝယ်နိုင်၊ မရွှေနီနီလှိုင်က အိတ်တီဝမ်းတွေ၊

www.burmeseclassic.com

www.burmeseclassic.com


ကိုးဆယ်ဆက္ကာလိမ့်မယ်' ဟု ဆိုနေသယောင်ရှိလေသည်။ သို့သော် ဒီနေရာမှာတော့ လှမျိုးခင်တို့က အားကစားစိတ်ဓာတ် အပြည့်ရှိသည်။ အနိုင်အရှုံးသည် ပဓာနမဟုတ်၊ ယှဉ်ပြိုင်ခြင်းသာ အဓိကမို့ တတ်နိုင်သမျှတော့ ပြိုင်လိုက်ချင်သေးသည်။

ခုတလောတော့ ကောင်းကောင်းပင် အိပ်မပျော်ချင်၊ ဘုရားကိုးဆူသို့ ပဂ္ဂီလေးတစ်ထည်လောက်မှ ဝတ်မသွားနိုင်လျှင် စိတ်မချမ်းသာသောရောဂါနှင့် သေရလိမ့်မည်ထင်သည်။

'အမေ ခြောက်တောင်ပါတိတ်ဝယ်မယ်ဆို'

ပဂ္ဂီ ဝယ်ဖြစ်လျှင် သူ့အတွက် ဝမ်းဆက်ယူပြီး ကျန်အစကို သမီးအား စကတ်ချုပ်ပေးမည်ဟု ပြောထား၍ သမီးကလည်း မကြာခဏ မေးတတ်သည်။ သမီးသည် ရှစ်နှစ်မပြည့်သေးသော်လည်း အမေ့သမီးပီပီ အလှအပ အဝတ်အစားများကို မက်မောနေတတ်ပြီဖြစ်သည်။

'နီနီလှိုင်တို့လို ထည်လဲမဝတ်နိုင်ရင်တောင် တစ်ထည်လောက်တော့ ရှိချင်တယ်'

ရင်ထဲစိတ်ထဲတွင် ထိုအတွေးကသာ ချာချာလည်နေလေသည်။ အခုနေသာ သိကြားမင်း နားကင်းကြီးနှင့်ဆင်းလာပြီး 'လိုရာဆု တောင်းစေ' ဟု ပြောလျှင်ပင် 'ပဂ္ဂီ' ဟု အော်မိလေမည်လား မပြောတတ်။

'ခင်ဗျားကတော့ ပဂ္ဂီရူး ရူးနေပြီ၊ ခွေးရူး ဝက်ရူးကမှ ကုစရာဆေးရှိသေးတယ်၊ ခင်ဗျား ပဂ္ဂီရူးကတော့ ဗလာနတ္တိ ဆေးမရှိပဲ'

'အံမာ ဘာဆေးမရှိရမှာလဲ၊ ဒီမှာ မှတ်ထား၊ ရေကြောင့် ဖြစ်တဲ့ ရွှံ့ကို ရေနဲ့ပဲဆေးရတယ်တဲ့၊ ဒါကြောင့် ပဂ္ဂီကြောင့် ဖြစ်တဲ့စိတ်ကို ပဂ္ဂီနဲ့ပဲ ကုရမှာပဲ'

မနက်တုန်းကတော့ အိမ်ကလူနှင့်ပင် စကားများရသေးသည်။ သူက မျက်နှာထားရော အသံရော တင်းပစ်သောကြောင့် ထင်သည်၊

www.burmeseclassic.com

www.burmeseclassic.com


'ဟုတ်တာပေါ့ကွာ မှန်တာပေါ့၊ ပဂ္ဂိကြောင့် ဖြစ်တဲ့စိတ်ကို ပဂ္ဂိနဲ့ကုမှပဲ ပျောက်တော့မှာပေါ့'ဟု ပြောလေသည်။ သူ့မျက်နှာက ပြုံးတုံ့တုံ့မို့ ငါပြောတာ သဘောပေါက်သွားပြီဟု တွေးကာ ကျေနပ်မိသည်။

ဒီနေ့တော့ တော်တော်လေးကံကောင်းနေသည်၊ သိကြားမင်းကြီး ဆင်းလာလျှင်ပင် လှမျိုးခင်တို့ ဒီလောက်ဝမ်းသာလိမ့်မည်မထင်၊ အခုတော့ မခင်ဝေတစ်ယောက် နံနက်ထမင်းစားအပြီး သရက်စေ့ ထိုင်စုပ်နေချိန်ဝယ် ပဂ္ဂိထုပ်ကြီးနှင့် ပေါက်ချလာလေသည်။

'အစ်မရဲ့အစ်ကိုဝမ်းကွဲတစ်ယောက် စက်ာပူမှာသွားပြီး အလုပ်လုပ်တာလေ၊ အဲဒါပြန်လာလို့ ပါလာတာ ကြည့်ပါဦး မမျိုးရယ်၊ အဆင် တွေက လှမှလှ၊ ဆန်းမှဆန်း၊ နောက်ပြီး ဈေးကလည်း သွင်းဈေးပဲ ပေးရမှာ၊ တစ်ထည်မှ နှစ်ရာတည်း'

'အောင်မယ်လေး ဝမ်းသာလိုက်တာ'

လှမျိုးခင်တစ်ယောက် တကယ်ပင် ဝမ်းသာလုံး ဆို့သွားရှာသည်။ စက်ာပူက တိုက်ရိုက်လာသော အထည်များဆိုတော့ ဈေးထဲကအဆင်တွေထက် ဆန်းမှာတော့ သေချာသည်။ ငွေကျတော့လည်း သက်သာသည်။ အိမ်တိုင်ရာရောက်လည်း ရသည်။ တစ်လတစ်ရာနှင့် နှစ်လခွဲဆပ်၍လည်းရသည်။ ကဲ ဒါကိုမှ မရယူရင် လှမျိုးခင် နင့်လောက်မိုက်တဲ့မိန်းမတော့ ရှိတော့မှာမဟုတ်ဘူးဟု ကိုယ့်ကိုကိုယ် ပြောရသည်။ လလယ်ပိုင်း ရောက်ပြီမို့ ပိုက်ဆံအိတ်ထဲတွင် အိမ်စရိတ် တစ်ရာ့ ငါးဆယ်သာ ကျန်တော့သည်၊ မီးဖိုချောင်တွင်လည်း ဆီက ကုန်ခါနီးပြီ၊ ကြက်သွန်လည်းမရှိတော့။ သားကလည်း မိုးကာအင်္ကျီပူဆာနေသည်၊ ကုန်စရာတွေက အများကြီး ရှိနေသေးသည်မို့ လှမျိုးခင် သက်ပြင်းချမိသည်၊ သို့သော် ထိုအတွေးများကို ချက်ချင်းပင် ခေါင်းထဲမှမောင်းထုတ်ပစ်လိုက်သည်၊ ဒါတွေကို ထည့်စဉ်းစားနေလျှင် ပဂ္ဂိနှင့်ဝေးရတော့မည်။ 'အို မတတ်နိုင်ဘူး' ဟု တွေးပြီး ရာတန် တစ်ချပ် ပစ်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


လာလေရော့ 'ပဂ္ဂီ'၊ နောက်မှ ရောက်ရား၊ ဆားနှင့်ပင် စားရ စားရ။

*

'ပဂ္ဂီ'ကို ကိုအောင်ရွှေလည်း လိုချင်သည်ပင်။

သို့သော် သူလိုချင်သော ပဂ္ဂီမှာ သူ့မိန်းမ လှမျိုးခင် လိုချင်သော ခြောက်တောင်ပါတိတ်တော့မဟုတ်။ ဖြူဖြူ၊ ဝင်းဝင်း၊ အိအိ၊ ထွေးထွေး၊ လှလှပပ ကောင်မလေးဖြစ်သည်။

ကောင်မလေးအမည်က 'ပဂ္ဂီ' တဲ့။

'ရတယ်လို့တော့ ပြောတယ်ဗျ၊ ဒါပေမယ့် အတိအကျမသိဘူး ဖြစ်နေတယ်၊ ကောင်မက မှင်တော့ အကောင်းသား'

ပဂ္ဂီအား ကိုအောင်ရွှေ စတွေ့တုန်းက သူ့ကို ငေးရသည်နှင့် ခလုတ်တိုက်ပြီး ခြေမပင် ကွဲရသည်၊ လှတော့ အတော်လေး လှသည်၊ အိမ်ကမိန်းမ လှမျိုးခင်ထက် ဆယ်ဆမသာတောင် ငါးဆလောက်တော့ သာသည်။ 'ဘယ်က ကောင်မလေးလဲဗျ' ဟု သူတို့ရုံးက အဘိဓာန်ကြီး ကိုတင်စိုးကို မေးသောအခါမှ မျက်လုံးပြူးရတော့သည်။ အမယ်လေး လေး။ ဒီကောင်မလေးကို ရနိုင်သည်ဆိုပဲ။

'ကြေးကတော့ ကြီးတယ်ဗျ'

'ဘယ်လောက်များလဲဗျာ'

'အတိအကျတော့ မသိဘူး၊ တစ်ဆင့်စကားပဲ၊ နောက်ပြီး အမြဲတမ်းလည်း မဟုတ်ဘူး၊ တစ်ခါတစ်ရံမှပဲတဲ့'

'ဘယ်လို တစ်ခါတစ်ရံလဲ'

'သြော်ဗျာ ခင်ဗျားကလဲ သူ ငွေလိုတဲ့ အခါပေါ့ဗျာ'

'ဘယ်လို အခါများမှ ငွေလိုပါ့မလဲနော်'

သူက အဖျားတက်သံနှင့် ညည်းမိသည်။ ကောင်မလေးအဖေ

www.burmeseclassic.com

www.burmeseclassic.com


အမေတွေ ဖျားနာကြပါစေ၊ အကြွေးတင်ကြပါစေ။ ထိုပဂ္ဂိုလ်သည် ဤပဂ္ဂိုလ်များကို များများဝတ်ချင်ပါစေဟု ချက်ချင်း ဆုတောင်းမိသည်။ သို့မှသာ ငွေလိုမည် မဟုတ်ပါလား။

'အဆက်အသွယ်လေး ဘာလေးရှာပေးစမ်းပါဗျာ၊ ကြွေးလေး ဘာလေးလည်း စုံစမ်းပါဦး'

'ဘာလဲ လိုချင်လို့လား'

'ဒီလောက်နိပ်တာလေး လိုချင်ပြီလားဗျာ၊ ဘယ့်နှယ် ပြောပါလိမ့်၊ ခုရရင် ခုပဲဗျို့'

'ကြွေးကတော့ ကြီးမှာနော'

'ကြီးကြီးဗျာ'

'ပေးနိုင်တယ်ပေါ့လေ'

'ပေးမယ်ဗျာ၊ မသကာ တစ်လလုံး ဆားနဲ့ စားရရုံပေါ့၊ ဒါမျိုးလေးများဆိုရင် အောင်ရွှေတို့က တစ်ညကို တစ်လနဲ့ လဲသဗျ'

သူက စိတ်အားထက်သန်စွာ ပြောမိသည်၊ သူက အရက်ကို ကြုံလျှင် သောက်သော်လည်း သိပ်မကြိုက်၊ ဖဲကို ကြုံလျှင် ရိုက်သော်လည်း သိပ်မစွဲ၊ အစားကောင်းကို ကြုံလျှင်စားသော်လည်း သိပ်မမက်၊ အဲ ဒါမျိုးလေးဆိုလျှင်တော့ ဖဲထက် လည်းကောင်း၊ အရက်ထက် လည်းကောင်း၊ အစားထက်လည်းကောင်း ပိုပြီးကြိုက်လေသည်။ ဝါသနာကလည်း ခပ်ပါပါမို့ ကြုံလျှင် ကြုံသလို၊ မကြုံပြန်တော့လည်း မကြုံလို့မို့ ကြုံရန် ကြိုးစားတတ်လေသည်။

ကိုယ့်သား ကိုယ့်မယားကို မချစ်လို့တော့ မဟုတ်၊ လူမျိုးခင်သည် သူ သုံးနှစ်သုံးမိုးပိုးပြီးယူထားသော မိန်းမဖြစ်သည်။ သားနှင့်သမီးကိုတော့ မိန်းမထက်ပင်ပိုပြီးချစ်သေးသည်၊ သို့သော် ချစ်သည်က ချစ်သည်တစ်ပိုင်း၊ ဝါသနာက ဝါသနာတစ်ပိုင်း ဖြစ်သည်၊ အထင်အရေး

www.burmeseclassic.com

www.burmeseclassic.com


ကြုံစရာကလေးများကိုတော့ ကြုံလျှင် ကြုံသလို ကြုံရန် ငွေကုန်ကြေး ကျခံလေ့ရှိသည်။

ဘဝဆိုတာ နေဖို့ ထိုင်ဖို့ စားဖို့ သောက်ဖို့လောက်ပဲ အမြဲရုန်းကန်နေရတာ၊ဒီလိုဖြေဖျော်မှုလေးတွေလည်းရှိဦးမှ နေပျော်တော့မှာပေါ့။

သူ့ကိုယ်သူတော့ ခွင့်လွှတ်စရာ အကြောင်းပြချက် ကောင်းကောင်းရှိသည်။

'ဟင်းပြောင်း ဟင်းလွှဲလေးဆိုတာ စားပေးရတယ်၊ တစ်မျိုးတည်း ကြာရှည်စွဲစားနေရင် ခံတွင်းပျက်တတ်ပါဘိသနဲ့'

ဝါသနာတူ အပေါင်းအသင်းများရှေ့တွင်တော့ရယ်သွမ်းသွေးပြီး ပြောမိသည်၊ မတတ်နိုင်သောအခါတွင်လည်း မတတ်နိုင်သည့်အလျောက် လက်သုပ်စုံလောက်နှင့်ပြီးကာ တတ်နိုင်သောအခါများတွင်လည်း ဟိုတယ်တက်ပြီး ဝက်သားပေါင်း စားချင်သည်။ ငါးမြင်းခေါင်းခဲချင်သည်။ သို့သော် ခုအထိတော့ ဝက်သားပေါင်းတွေ၊ ငါးမြင်းခေါင်းတွေ မစားနိုင်သေးပေ။ လက်သုပ်စုံလောက်နှင့်ပင် ပြီးနေရသောကြောင့်တယ်တော့ မကျေနပ်လှ။ အစားအသောက်က စျေးပေါသော်လည်း ပင်နဆလင်ဖိုးက ထိလှသည်။

'ပဂ္ဂိကတော့ တကယ့်ကို သန့်သန့်ပြန့်ပြန့်လေးပါ၊ ရုပ်ကလည်း ခင်ဗျားမြင်တဲ့ အတိုင်းပဲဗျာ'

အဘိဓာန်ကြီးကိုတင်စိုးကပြောတော့ သူကခေါင်းကို တဆတ်ဆတ်ညိတ်ကာ ထောက်ခံမိသည်။

မနက်ကျတော့ သူ့မိန်းမလှမျိုးခင်က 'ရေကြောင့်ဖြစ်တဲ့ နွံ့ကို ရေနဲ့ပဲ ဆေးရတယ်၊ ပဂ္ဂိကြောင့်ဖြစ်တဲ့စိတ်ကိုလဲ ပဂ္ဂိနဲ့ပဲကုရမှာပဲ' ဟု ပြောသည်။ တစ်သက်နှင့် တစ်ကိုယ် သူ့မိန်းမ ပြောသမျှစကားတွေထဲတွင် ဒီတစ်ခွန်းအကြိုက်ဆုံး ဖြစ်သည်။ 'ဟုတ်တာပေါ့၊ မှန်တာပေါ့'ဟု ခပ်သွက်သွက် ထောက်ခံပစ်လိုက်သည်၊ ဟုတ်သည်။ ပဂ္ဂိကြောင့်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com


သော စိတ်ကို ပဂ္ဂီနှင့်ပင် ကုရမည်။

'နှစ်ရာတဲ့'

'ဟာ မနည်းပါလား'

'အေးလေ၊ ကြေးကြီးတယ်ဆိုကာမှ'

'ဟင်'

'သူက သူ့အိမ်ကို အိုဗာတိုင်ရှိတယ်ပြောထားပြီး ဣန္ဒြေမပျက် အိမ်ပြန်မှာ၊ ဒါကြောင့်မို့လို့ ညဘက်တော့ မဖြစ်ဘူးတဲ့'

'အင်းလေ၊ ဘယ်တတ်နိုင်မလဲ၊ နေရာရော'

'ရှိပါတယ်'

ဒီနေ့တော့ ကံကောင်းသွားသည်၊ ကိုတင်စိုး၏ကျေးဇူးကြောင့် ပွဲစားနှင့်ဆက်မိလေသည်၊ နှစ်ရာဆိုတော့ သူနည်းနည်း တွန့်သွားမိ သည်။

'နှစ်ရာဆိုတော့ များတော့ များတယ်နော်'

'များတော့ များတာပေါ့၊ ဒါပေမယ့် မများဘူး'

လူပွဲစားက ခပ်ပြုံးပြုံးလေးဆိုသည်။

'ငွေနှစ်ရာဆိုတာ ဖိနပ်ကောင်းတစ်ရံပဲ ရတာပါဗျာ၊ ရှန်ထဘီ တစ်ထည်ဝယ်လိုက်ရင် ကုန်ရော၊ ရေမွှေးဆိုရင်လည်း ကောင်းကောင်း ဆို တစ်ပုလင်းပဲရမှာ၊ နေမကောင်းလို့ ဆေးဝယ်သောက်ရရင်တော့ လောက်မှာတောင်မဟုတ်ဘူး၊ သူ့အဖေအသားဝါရောဂါဖြစ်လို့ ဒရစ်(ပ်) သွင်းရမှာက တစ်ရာ့ခုနစ်ဆယ်တဲ့၊ ကဲ'

ဒီလိုဆိုတော့လည်း ဟုတ်တုတ်တုတ်မို့ သူဘာမှ ပြန်မပြော ချင်တော့။ သူ့အိတ်ထဲတွင် ငွေမရှိသေးတော့ ငွေရပေါက်ကို တွေးရ သည်။ ဟိုလိုလို ဒီလိုလိုနှင့် ညနေကျတော့ နှစ်ရာ ပြည့်သွားသည်။

'ညနေဗျနော်၊ ညနေ'

www.burmeseclassic.com

www.burmeseclassic.com


မည်။ ပဂ္ဂိကြောင့်ဖြစ်သောစိတ်ကို ပဂ္ဂိနှင့်ပင် အမြန်ဆုံး ကုရမည်။

ညနေကျတော့ ရုံးဆင်းအောင်မနေတော့။ နှစ်ချက်ခွဲ သုံးနာရီလောက်ရှိတော့ အသာကလေး လစ်ပြီး အိမ်ပြန်လာသည်။ ချိန်းထားသော နေရာကို ငါးနာရီခွဲအရောက်သွားရမည်။ နောက်ကျမခံချင်။ စောစောပြန်ပြီး ရေမိုးချိုး၊ မှုန်နံ့သာသပြီး ပြန်ထွက်၊ ငါးနာရီထက် တစ်မိနစ်မှ နောက်ကျလို့မဖြစ်၊ နှစ်ရာကြီးများတောင် ပေးထားရတာမို့ အချိန်သည် တန်ဖိုးရှိလှသည်။

'အင်း မိန်းမကို ဘယ်လိုဖြီးရပါ့မလဲ၊ အိုဗာတိုင်ရှိတယ် ဆိုပြန်ရင်လည်း ဘာဖြစ်လို့ နေ့ခင်းမလုပ်ဘဲ ပြန်လာရသလဲ ဖြစ်နေဦးမယ်၊ အင်း ရုံးက သူငယ်ချင်းတစ်ယောက် မင်္ဂလာဆောင်လို့ လူပျိုညှ ကျွေးတာလို့ ညာပြောလိုက်မယ်၊ ဟဲ ဟဲ၊ အဲဒါကောင်းတယ်၊ မယုံရင်လည်း နည်းနည်းပါးပါးချော့ရမှာပေါ့'

သူက ချော့ဖို့ စိတ်ကူးပြီးပြန်လာသော်လည်း မိန်းမက သူ့ကို ဆီးချော့တော့ သူ တော်တော်အံ့အားသင့်သွားသည်။

'ဟော မောင်တောင်ပြန်လာပြီ၊ စောလှချေကလား မောင်ရဲ့၊ နေမကောင်းလို့လား'

မိန်းမက သောက်ရေအိုးထဲမှ ရေတစ်ခွက်ကို အပြေးအလွှား ခပ်ပေးသည်၊ သူ့ဘေးတွင် ကျုံ့ကျုံ့ကလေးထိုင်ကာ ယပ်ခပ်ပေးသည်၊ သူက မောချင်ဟန်ဆောင်ပြီးခြေပစ်လက်ပစ်ထိုင်သည်၊ မျက်လုံးကို မှေး စင်းပြီး မိန်းမအား အကဲခတ်သည်၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ဘာတစ်ခုခုမှန်းတော့ မသိသေး။ သို့သော် မကြာခင် သိမှာပဲ ဆိုတာကိုတော့ သိသည်။ ထို့ကြောင့် အသာငြိမ်နေလိုက်သည်၊ ခဏနေတော့ မိန်းမက လေချိုချို ပျော့ပျော့လေးနှင့် ခေါ်သည်။

'မောင်ရေ'

www.burmeseclassic.com

www.burmeseclassic.com


'ဒီမှာ ကြည့်စမ်း'

'ဘာလဲ'

'ဒီမှာလေ မလှဘူးလား'

မိန်းမက အဆင်ရှုပ်ရှုပ်၊ အရောင်စုံစုံ အစတစ်စကို ဖြန့်ပြသည်။

'ပင်္ဂလေ မောင်ရဲ့၊ နှစ်ရာတည်းနဲ့ရလိုက်တာ'

'ဘာ'

သူက လန့်ပြီးအော်မိသည်၊ သူ့အကြောင်းကို သိပြီး သူ့မိန်းမက တည့်တည့်ပြောလိုက်သည်ဟုပင် ထင်လိုက်မိသည်၊ မြတ်စွာဘုရား၊ ဒီပင်္ဂနှင့် ဟိုပင်္ဂ ဈေးခြင်းအတူတူပါလား။

'ဈေးတော့ နည်းနည်းကြီးတာပေါ့ မောင်ရယ်'

'အဲ...'

'ဒါပေမယ့် တန်ပါတယ်'

'ဟုတ်လား'

'ယူလိုက်ရမလားဟင်'

'ခင်က လိုချင်လို့လား'

'မေးနေရသေးလား မောင်ရယ်'

အင်း နှစ်ရာဆိုတော့ နမြောတော့ နမျောစရာ၊ ဒီပင်္ဂမယူလျှင် ဟိုပင်္ဂကိုသာ တစ်ခါထပ်ရနိုင်သည်ဟု သူကလည်း သူ့ဝါသနာနှင့်သူ တွေးမိသည်။ မိန်းမက 'ယူလိုက်ရမလား' ဟု လေချိုကလေးနှင့် မေးနေသော်လည်း ယူပြီးဖြစ်ကြောင်း သူသိသည်။ 'မယူနဲ့' ဟု ဆိုလျှင် ရန်ဖြစ်ရုံသာရှိမည်။ သူလည်း ဟိုပင်္ဂဆီကို ဖြောင့်ဖြောင့်ဖြူးဖြူး သွားရမည် မဟုတ်။

'ပင်္ဂနှစ်ရာနဲ့ရတာ တန်သလား မိန်းမရ'

www.burmeseclassic.com

www.burmeseclassic.com


'ဒီလိုဆို ယူလိုက်ပေါ့ကွာ'

သူက သူ့အတွေးနှင့်သူ ပြုံးပြုံးကြီး ပြောလိုက်သည်၊ သူ့ဆီမှ ခွင့်ပြုချက်ရတော့ လှမျိုးခင်ခမျာ တော်တော်ပျော် သွားသည်၊ ဆယ့်ခြောက်နှစ်ရွယ် အပျိုမလေးလို မြူးပြီး ရွှင်သွားသည်။

'မောင် ရှပ်အင်္ကျီလိုချင်ရင် ကျန်တဲ့အစ ချုပ်လိုက်ပါလား၊ ခင်က ထဘီတစ်ထည်စာပဲ ယူမယ်လေ'

'နေပါစေကွာ၊ မောင်က ဒီပင်္ကိုမကြိုက်ပါဘူး'

သူက သူ့အဓိပ္ပာယ်နှင့်သူ ပြောသည်။ ခါတိုင်းလိုသာဆိုလျှင် 'ဟင် ဒါက ဘာစကားလဲ၊ ဒီပင်္ကိုမကြိုက်တော့ ရှင်က ဘယ်ပင်္ကိုကြိုက်နေလို့တုန်း' ဟု ကက်ခနဲ ရန်ထောင်သံကြားရမည်ဖြစ်သော်လည်း ဒီတစ်ခါတော့ မရွှေလှမျိုးခင်တို့က သူ့ စကားကို ဂရုထားမိပုံပင်မပေါ်။ မှန်ရှေ့ပြေးပြီး ပင်္ကိုကို ခါးမှာကပ်ကြည့်နေသည်။

'ဒီပင်္ကိုက တကယ်လှတာ မောင်ရဲ့'

'ဟိုပင်္ကိုကလည်း တကယ်လှတာပါကွာ'

သူက စိတ်ထဲမှပြောသည်။

'ဒီပင်္ကိုကို နှစ်ရာနဲ့ရတာ တကယ့်ကို တန်တာ'

'ဟိုပင်္ကိုကို နှစ်ရာနဲ့ရတာလည်း တန်လိမ့်မယ်ထင်ပါရဲ့ကွာ'

သူက စိတ်ထဲမှ ပြောသည်။

လှမျိုးခင်လည်း ပျော်နေသည်။

ကိုအောင်ရွှေလည်း ပြုံးနေသည်။

ပြုံးပျော်ခြင်းဟူသည်မှာ ဘဝအာဟာရ။

အပေါ်ယံ ချမ်းသာစွ။

(ချယ်ရီ ၁၉၈၄ ဩဂုတ်)

www.burmeseclassic.com

www.burmeseclassic.com

# ဒါတော့သိဘူးလေ



www.burmeseclassic.com

www.burmeseclassic.com

အသက်လေးဆယ်ကျော်ပြီဖြစ်သော တိုင်ကပ်နာရီကြီးကို မှုန်ရီမှဲ့သီသော မျက်လုံးများနှင့် မော်ကြည့်မိသည်၊ လေးနာရီထိုးကာနီးပြီ။ အဖေကြီးနှင့်တကွ အမေ့သားတွေ အမေ့သမီးတွေ အသီးသီးပြန်လာကြရန် အချိန်နီးပြီ။

အမေသည် လက်ထဲမှ စိပ်ပုတီးကို လက်ကောက်ဝတ်တွင် အသာပတ်လိုက်ရင်း ထိုင်ရာမှ ထသည်၊ ထမင်းအိုးကို အခုနေ တည်ထားပါမှ မိသားစုထမင်းဝိုင်းတွင် မပူမအေး ခပ်နွေးနွေး ထမင်းကလေးကို စားရမည်ဖြစ်သည်။ အဖေကြီးက ဟင်း ချေးမများသော်လည်း ထမင်းကျတော့ အတော်လေး ချေးများလေသည်။ ဆန်ကောင်း ဆန်ညံ့ရွေးပြီး ကြီးကျယ်သည်တော့မဟုတ်။ ဖိုပေါ်မှ ချကာစ ပူလွန်းသော ထမင်းကိုလည်း မစားတတ်၊ အေးစက်နေသော ထမင်းကြမ်းကိုလည်း မစားတတ်၊ ချက်ပြီး တဖြည်းဖြည်း အပူလျော့လာသော ထမင်းနွေးနွေးကလေးကို စားတတ်လေတော့ အမေ၏ဦးနှောက်က ထမင်းချက်ချိန်၊ ကျက်ချိန်နှင့်၊ စားချိန်ကို အစဉ်အမြဲ ချိန်ရ တွက်ရ စဉ်းစားနေရလေသည်။

'ပြည့်သူဆိုင်ကလည်းတော်၊ ဘယ်တော့များမှ ကောက်ကြီး

www.burmeseclassic.com

www.burmeseclassic.com


အမေက မဆုံးသေးသော သံဗုဒ္ဓေကို ဆက်ရွတ်နေရင်း ကြား ဖြတ် စဉ်းစားမိသည်။ 'ဒီတစ်ခါဆိုရင်တော့ အပြင်က ဆန်ကောင်း ကောင်းလေး တစ်တင်းလောက်ဝယ်ပြီး ရောစားမယ်၊ တစ်တင်း တစ်ရာ ကျော်လည်း ကျော်ပေါ့၊ တစ်ခါတလေပဲဟာ၊ ဘာဖြစ်သေးလဲ၊ အဖေကြီး လခက သုံးရာ၊ သားကြီးက ငါးရာ့လေးဆယ်၊ သမီးကြီးက သုံးရာ့ငါး ဆယ်၊ သားငယ်က နှစ်ရာ့ အစိတ်၊ ကဲ နည်းတဲ့ဝင်ငွေလား' ဟု ဆက်၍ စဉ်းစားမိတော့ သံဗုဒ္ဓေကို ဆက်ရွတ်ရန်မေ့သွားလေသည်။

တစ်ချိန်တုန်းကတော့ အမေတို့ တော်တော်လေး ကျပ်တည်း ခဲ့သည်။ အဖေကြီးတစ်ဦးတည်း၏လစာနှင့် သားသမီးတွေ အကုန်လုံး စားစရိတ်၊ ကျောင်းစရိတ်ကို ထမ်းရလေတော့ မနိုင်ဝန်ကို ထမ်းရသည် သို့ ရှိလေသည်။ သမီးကြီးက ဆယ်တန်းအောင်တော့ တက္ကသိုလ်ဆက် မတက်ဘဲ အလုပ်ဝင်လုပ်ခဲ့သောကြောင့်သာ အဖေကြီးခမျာ အသက်ရှူ သာသွားခြင်းဖြစ်လေသည်။ အခုတော့သားနှစ်ယောက်လည်းပညာစုံပြီ၊ အလုပ်ကိုယ်စီနှင့်ဝင်ငွေလေးတွေလည်း အသီးသီး ရှိလာပြီဆိုတော့ အမေသည် ခါတိုင်းရပ်နေကျ ဘဲဥဆိုင်ရှေ့တွင် နေ့တိုင်း ရပ်စရာ မလို တော့ဘဲ ကြက်သားဆိုင် ဆိတ်သားဆိုင်ရှေ့တွင်လည်း တစ်ခါတစ်ရံ ရပ်နိုင်ပြီဖြစ်သည်။ တစ်ခါတစ်ရံလည်း 'ရှင်အေးမေ ဘာရခဲ့တုံး၊ ကျွန်မ တော့ ပုစွန်ထုပ်ချဉ်လေး ကောင်းတာနဲ့ ဝယ်လာခဲ့တယ်၊ ကြက်သွန်ဖြူ လေး လှီးထည့်၊ ပင်စိမ်းရွက်လေးအုပ်ပြီး ဆီရွှဲရွှဲရေတ်သီးစပ်စပ်နဲ့ သုတ် စားရအောင်လေ' ဟု ခပ်ကျယ်ကျယ်လေး ပြောနိုင်ပြီဖြစ်သည်။

စိတ်ကသာ ဟိုတွေး ဒီတွေး တွေးနေသော်လည်း ဆန်ချင်ရာ တွင်တော့ မမှား။ အကျင့်ပါနေသောလက်က ဆန် နို့ဆီဘူး သုံးလုံးကို ထမင်းအိုးထဲထည့်အပြီး ဆန်ပုံးကို အလိုလို ပိတ်မိပြီး ဖြစ်နေသည်။ အမေ စပါးလုံးရွေး၊ ဆန်ကွဲပြာ၊ ဆန်ချင်၊ ထမင်းအိုးတည်၊ ထမင်းရည်

www.burmeseclassic.com

www.burmeseclassic.com


ငှဲ့ခဲ့သော နှစ်ကာလကလည်း ရွှေရတုသဘင်ပင် ကျင်းပလို့ ရနေပြီဆို တော့ ဒီလက်တွေကလည်း ပြေးလမ်းကျင့်ထားသော မြင်းလို အလိုလို လှုပ်ရှားတတ်နေပြီထင်သည်။

'မနက်တုန်းက ငါးဖယ်ဆုပ်ကျန်တာနဲ့ မြင်းခွာရွက်ဟင်းချို လေး ထပ်ချက်လိုက်မယ်ဆိုရင် တော်ရောပေါ့၊ ငါးပိရည်ကိုတော့ ရေ ထပ်ထိုးပြီး ကျိုလိုက်ဦးမယ်၊ တို့စရာအတွက်တော့ သခွားသီးလေး တစ်လုံး ကျန်သေးတယ် ထင်ပါရဲ့'

အမေက ထမင်းအိုးကို ဖိုပေါ်တင်ပြီး ဆက်၍တွေးပြန်သည်။ တစ်နေကုန် တစ်ယောက်တည်း နေရသော သူ့အတွက်တော့ အတွေး သည်သာ အကောင်းဆုံးအဖော်ဖြစ်လေသည်။ သူက အိမ်လည်း မလည် တတ်၊ စာကိုလည်း ဖတ်လေ့ဖတ်ထမရှိ၊ သီချင်းလည်း မညည်းတတ် ဆိုတော့ လုပ်စရာရှိသည်များကို လက်က လုပ်ရင်း တွေးစရာရှိသည်များကိုလည်းစိတ်ကတွေးရင်းတစ်နေကုန်ရတတ်လေသည်။

'တည င်းသီးကလည်း ခုထိကို ပေါ်မလာသေးဘူး၊ တစ်ရာကို ငါးကျပ်၊ ခြောက်ကျပ်ဈေးလောက်နဲ့ရမှ သုံးလေးရာဝယ်ပြီး ဆားစိမ် ထားလိုက်ဦးမယ်'

အမေ့အတွေးက သခွားသီးမှနေပြီး တညင်းသီးသို့ ခုန်၍ ကူး သွားပြန်လေသည်။

'တညင်းသီးဆားစိမ်ကတော့ ဟုတ်ပါရဲ့၊ အိမ်သာကို ရေ လောင်းလို့ မနိုင်အောင် နံတာက ခက်လှတယ်၊ အင်း ငါတို့ကလည်း ဘာလို့များ နံနံစော်စော် အသီးကို မက်မက်မောမော ကြိုက်နေကြတယ် မသိပါဘူး၊ ဒုက္ခ ဒုက္ခ'

အမေက ထမင်းအိုးတည်ထားစဉ် သံဗုဒ္ဓေဆက်၍ ပုတီးစိပ် မည်စဉ်းစားထားသော်လည်း အတွေးနောက် တကောက်ကောက်ပါနေ

www.burmeseclassic.com

www.burmeseclassic.com


သော စိတ်အလျဉ်ကြောင့် မေ့သွားပြန်လေသည်။

စကာထဲ ထည့်ထားသော သခွားသီးလေးကို ယူကာ အခွံသင် ရေဆေးပြီး အဆင်သင့်စားနိုင်ရန် အပိုင်းလေးတွေ လှီးသည်၊ မြင်းခွာ ရွက်ကို ရေဆေးပြီးတော့ ထမင်းအိုးပွက်ပွက်ဆူလေသည်။

ယောက်မနဲ့ လှမ်းမွှေစဉ် ပွက်ခနဲ ပွက်လာသော ထမင်းရေ စက်က လက်ခုံသို့လာစင်တော့ တွန့်ခနဲဖြစ်သွားသည်။

'အင်း ဒီလောက်ကလေး စင်တာတောင် ပူလိုက်တာ၊ ငရဲပြည် ရောက်ပြီး ငရဲမီးများ အလောင်ခံရရင် ဘယ်လောက်များ ပူလိုက်မလဲ မသိဘူး'

အမေက စဉ်းစားရင်း ပခုံးကို အလိုလိုကြုံ့ထားမိလေသည်။ ငရဲပြည်ဆိုတာ ဘယ်မှာရှိသလဲ၊ မြေကြီးထဲမှာလား၊ အသေအချာ မသိသော်လည်း လောကကြီး၏တစ်နေရာ၌ တကယ်ပင်ရှိသည်ဟု အမေ ယုံကြည်သည်။ မိမိပြုလုပ်သော ကောင်းမှု အတွက်သော်လည်းကောင်း၊ မကောင်းမှုအတွက်သော်လည်းကောင်း၊ ကောင်းကျိုး ဆိုးကျိုး ဟူသည်မှာ ရှိလည်း ရှိသင့်သည်။ ထို့အပြင် ရှိလည်း ရှိရမည်။

'တစ်နေ့တုန်းကတော့ ကြက်သားသည် အလေးခိုးလိုက်တုန်းက သူတို့မို့လို့ ငရဲမကြောက် ဘာမကြောက် တစ်ကျပ်တစ်ပြားအတွက်နဲ့ လုပ်ရဲလိုက်တာ' ဟု အိမ်မှာ မကျေမနပ်ပြန်ပြောမိတော့ သားငယ်က နောက်နောက်ပြောင်ပြောင် ပြောနေကျ သူ့ဝါသနာအတိုင်း 'အမေက လည်း သူတို့က ငရဲဘယ်ကြောက်တော့မလဲ၊ ဆီပူအိုးထဲမှာ ဆီမှမရှိတော့တာ၊ ဈေးကြီးလို့ မဝယ်နိုင်ဘူးတဲ့' ဟု ရယ်စရာပြောတာ သတိရမိသည်။ သမီးကြီးက သူ့မောင်၏ထိပ်ကို လှမ်းခေါက်ကာ 'အံမာ ဆီမရှိလည်း ရေနဲ့ပြုတ်လို့ ရတာပါပဲနော်'ဟု ဆိုတော့ သားငယ်က 'ရေနဲ့ပြုတ်

www.burmeseclassic.com


လိုက်ကြပြီ’ ဟု ကဲ၍ပြောကာ တဟားဟားရယ်ရင်း နေရာမှ ထပြေးသွားလေသည်။

‘ဘာပဲဖြစ်ဖြစ် တို့များကတော့ ငရဲကိုသိပ်ကြောက်တာပဲ၊ ဆီပူနဲ့ အကြော်မခံရလည်း မကောင်းတာလုပ်တဲ့သူဟာ မကောင်းတာပြန်ဖြစ်တတ်တာပဲ၊ စေတနာအကျိုးပေးတယ်ဆိုတာ နောင်ဘဝအထိတောင် စောင့်တာမဟုတ်ဘူး၊ တစ်ခါတလေ လက်ငင်းကို အကျိုးပေးတတ်တာ’

အမေက ထမင်းရည်ငှဲ့ရင်းက ဆက်၍စဉ်းစားသည်။

‘ဒီနေ့ ငါးဖယ်ဆုပ်သည်ကျတော့လည်း တရားလွန်တယ်၊ တစ်ဆယ်သား ခြောက်ကျပ်ဆိုတာ နည်းတဲ့ဈေးလား၊ ဒီလောက် ဈေးကြီး ဆိုပြီး ရောင်းနေမှတော့ မှန်မှန်ကန်ကန်ရောင်းပေါ့။ပါးစပ်ကတော့ အော်နေလိုက်တာ၊ ငါးဖယ်အစစ်ကိုစား အစစ်ကို စားတဲ့။ နောက်ပြီး ငါးပုတ်သင်ရောထားတယ်၊ အဲဒါကတော့ တကယ့်ကိုမတရားလောဘ’

အမေကတွေးရင်း ဒေါသ ဖြစ်လာသည်၊ တစ်ဆယ်သား ခြောက်ကျပ်ဆိုတာ နည်းနည်းနောနောဈေးမဟုတ်၊ တစ်အိမ်သားလုံး ညမနက်စားဖို့ဆိုတော့ အစိတ်သားဝယ်ရသည်၊ အစိတ်သားဆိုတော့ ဆယ့်ငါးကျပ်၊ ထိုဆယ့်ငါးကျပ်ဖိုးကို မနက်စာ ညစာ လောက်လောက်ငငစားနိုင်ရန်၊ ထမင်းဘူးလေးဘူး လှလှပပထည့်နိုင်ရန်အတွက် လက်သည်းခွံလောက် အလုံးလေးတွေလုံးရသည်၊မျက်စိကိုလှည့်စားပြီးဟင်းများသည်ထင်ရန် ပြုလုပ်ခြင်းဖြစ်လေသည်၊ အမေသည် စိတ်ပညာကို မသင်ခဲ့သော်လည်း ဘဝက သင်လေတော့ ဒီလောက်တော့ အလိုလိုတတ်လေသည်။ ထိုသို့ တိုရေရှားရေ ဝယ်ရသော ငါးဖယ်တွင် ငါးပုတ်သင်ရောလေပြီဆိုတော့ ဘယ်လိုထောင်းထောင်း တန်းပြည့် ငါး

www.burmeseclassic.com

www.burmeseclassic.com


တောက်တောက်နှင့်မို့ လွတ်ပစ်လောက်အောင်လည်း မချမ်းသာ၊ စားရပြန်တော့လည်း ဒေါသဖြစ်နှင့် အကုသိုလ် များလှသည်။ ငါးဖယ်အကောင်ကို သုံးဆယ် လေးဆယ်ဈေးလောက် ဝယ်နေရသော အချိန်တွင် ငါးပုတ်သင်က ခုနစ်ကျပ် ရှစ်ကျပ်လောက်နှင့် ရတတ်သည်။ ဒီတော့လည်း ဈေးကြီးတွင် ဈေးနည်းကို ရောထည့်သလောက် အမြတ်များနေသည်။ 'သူလည်းလေ၊ လောဘသားပေမို့၊ ရောချင်လှပေလိမ့်မယ်'ဟု ကရုဏာရှုထောင့်ကကြည့်ပြီး တရားနှလုံးသွင်းကာ ခွင့်လွှတ်ချင်လို့ကလည်း ဘာမှမလုပ်တတ်၊ 'အ သူ ခံစတမ်း'ဟူသော နိယာမသည် ကျောက်ခေတ်ကတည်းက စပေါ်လာခဲ့သည်ဖြစ်ရာ ကမ္ဘာပျက်သည်အထိ ဆက်လက်တည်ရှိသွားမည်ဖြစ်လေသည်။

'တကယ်က ငါအလို့ ခံရတာပဲ၊ ငါးဖယ်နဲ့ငါးပုတ်သင်ကို ခွဲပြီး မှမသိတာ'

မသိတာမှ တကယ့်ကိုမသိခြင်းဖြစ်သည်။ ငါးဖယ်ခြစ်နှင့် ငါးပုတ်သင်ခြစ်ကို မထောင်းခင် မထုခင် မကြော်ခင် မလှော်ခင် အမေကဘယ်လိုမှ ခွဲခြားပြီးမသိ။ တစ်ခါခံရရုံနှင့်လည်း မမှတ်၊ ဈေးသည်က ငါးဖယ်ရိုးတွေ ရှေ့မှာပုံထားပြီး 'ငါးဖယ် အစစ်တွေနော်'ဟု အော်ပြန်လျှင် ယုံမိပြန်သည်သာဖြစ်သည်။

'နက်ဖြန်ခါကျမှ ငါးဖယ်လည်း မစစ်ဘူးလို့ ပြောလိုက်ဦးမယ်၊ ဒီတော့လည်း သူက တစ်ပြန်စီးပြီး ဒေါင်းတင်မောင်းတင်နဲ့ ဘယ်မှာလဲ ပြန်ယူလာခဲ့ဆိုမှအခက်၊ စစ်စစ် မစစ်စစ် စားလို့ကတော့ ကုန်ပြီ'

အမေက ထမင်းအိုးကို တစ်ချက်နှစ်ချက်ဆောင့်ကာ မီးဖိုပေါ်ပြန်တင်သည်။ သံဗုဒ္ဓေပုတီးပတ်ကို ဆက်စိပ်ရန် စိတ်ကူးမိစဉ် 'အမေရေ တံခါးဖွင့်ပါဦးဗျ'ဟူသော အသံကို ကြားရသည်။ အမေကလက်မှာရောက်နေသော ပုတီးကို လက်ကောက်ဝတ်တွင် ပြန်ပတ်သည်။ ရုံး

www.burmeseclassic.com

www.burmeseclassic.com


အနီးဆုံးမို့ အရင်ဆုံးရောက်လေ့ရှိသော သားငယ်ပြန်လာပြီ။ တစ်နေ့ခင်းလုံး တိတ်ဆိတ်ငြိမ်သက်နေသော အမေ့အိမ်ကလေး ဆူညံစိုပြည်လာတော့မည်။

'မင်းငါးဖယ်ကလည်း သုံးဆယ်ရာခိုင်နှုန်းလောက်ပဲ စစ်တယ် ထင်ပါရဲ့ကွာ'

'အိုဗျာ ငါးဆယ်ရာခိုင်နှုန်းလောက်တော့ စစ်ပါတယ်အဖေရဲ့'

'ဈေးနည်းလို့ အတုရောတယ်ဆိုရင်ထားပါတော့၊ ဒီလောက်တောင် ဈေးကြီးကြီးနဲ့ရောင်းပြီး တစ်ခါထပ် အတုရောထားတယ်ဆိုတာကတော့ တရားလွန်တာပေါ့၊ အမြတ်ကို နှစ်ခါယူတာ'

'အို အမကလည်း ဘယ်က မှာလဲ၊ အလေးကရော မှန်တယ်ပြောနိုင်လို့လား၊ အလေးခိုးပြန်တော့ သုံးခါမြတ်ကရော'

ညနေထမင်းဝိုင်းကျတော့ အမေ့ငါးဖယ်က ဇာတ်လိုက် ဖြစ်နေသည်။ အဖေကြီးနှင့်တကွ သားတွေ သမီးတွေ တစ်ယောက် တစ်ပေါက် ပြောနေသည်ကို နားထောင်ရင်း အမေက ငါးဖယ်သည်ကို အခါ ခါ မေတ္တာပို့နေမိလေသည်။

'အဲဒါမတရားလောဘကွ၊ မင်းငါးဖယ်သည်တော့ ချမ်းသာလှ ရောပေါ့ အမေကြီးရေ့၊ ရွှေလက်ကောက်တွေ ဆင်ပြီး ဝတ်မထားဘူး လား'

'ဟင့်အင်း၊ ကလေးကို ရင်ခွင်ထဲထည့်ပြီး နို့တိုက်ရင်း ဒူးထောင် ပေါင်ကားနဲ့ ငါးဖယ်ခြစ်နေရတာ နွမ်းလို့ နယ်လို့'

အမေက ငါးသည်မလေး၏ နွမ်းနယ်ပန်းလျသော သဏ္ဍာန်ကို ပြန်၍ စဉ်းစားမိသည်။ 'အဲဒါ စေတနာ အကျိုးပေးတာပေါ့၊ သူများ

www.burmeseclassic.com

www.burmeseclassic.com


ကို အကောင်းမရောင်းတော့ သူရောချမ်းသာလို့လား’ ဟု ဆက်၍ တွေး သည်။

‘သူလည်း လက်ဖက်ရည်ဖိုးရှာတာပေါ့အမေရာ၊ကျွန်တော်တို့ လို ရုံးမှာလုပ်တဲ့သူတချို့ကျတော့ ရုံးကိစ္စနဲ့ပက်သက်ရာ ပတ်သက် ကြောင်း ကိစ္စလေးတွေ ဆောင်ရွက်ပေးတော့ ပတ်သက်တဲ့သူတွေဆီက လက်ဖက်ရည်ဖိုးလေးဘာလေး ရတယ်မဟုတ်လား’

သားကြီးက ခပ်ပြုံးပြုံးပြောသည်၊ အမေတို့မိသားစုတွင် သား အကြီးက စာအဖတ်ဆုံးဖြစ်သည်။ ထို့အပြင် အအေးဆုံး အငြိမ်သက် ဆုံး လည်းဖြစ်သည်။ ပြဿနာ တစ်စုံတစ်ခု ဖြစ်လာလျှင် အဖေက ဒေါသဖြစ်ကာ အမေနှင့်သမီးက တဖြစ်တောက်တောက်ပြောတတ်ပြီး သားငယ်က ရယ်မောပစ်တတ်သည်။ သားကြီးကတော့ ‘စဉ်းစဉ်း စား စားလုပ်ကြပါဗျာ၊ အရမ်း မဆုံးဖြတ်ပါနဲ့’ ဟု ပြောလေ့ရှိလေသည်။

‘အင်း ဦးစဉ်းစားကြီးကတော့ စဉ်းစားပြီးရင်း စဉ်းစားရင်းနဲ့ ရည်းစားထားဖို့တောင် အခါခါ စဉ်းစားနေပုံပဲ၊ ဒီလိုပုံနဲ့တော့ အသက် လေးဆယ်ကျော်ရင်တောင် မိန်းမရမှာမဟုတ်ဘူး’

သားငယ်က သူ့အစ်ကိုကြီးအား ထောမနာပြုလေ့ရှိသည်။

အမေက ထမင်းကို တိတ်ဆိတ်ငြိမ်သက်စွာစားရင်း ‘အင်း သားကြီးစဉ်းစားတာလည်း မမှားဘူး၊ အခုတော့ ငါတို့မိသားစုလေး တစ်စုတစ်စည်းတည်းမို့ သိုက်သိုက်ဝန်းဝန်းနဲ့မို့ ပြည့်စုံလုံလောက်တယ် ဆိုပါတော့၊ သူတို့တွေ အိမ်ထောင်ပြုသွားရင် တစ်ယောက်စီရဲ့ ဝင်ငွေ ဟာ အိမ်ထောင်တစ်ခုစီရဲ့ဝင်ငွေ ဖြစ်တော့မှာ၊ သားတွေသမီးတွေ တို့လို့ တန်းလန်းမွေးလာရင် ဘယ်လို လုပ်ပြီး လောက်လောက်ငင ရှိတော့မှာ လဲ’ ဟု တွေးမိပြီး ရင်ပူသွားသည်။ သားကြီးကလည်း သူတို့ယ်စဉ်သ

www.burmeseclassic.com


လေသည်၊ ထို့ကြောင့်လည်း အသက်သာ သုံးဆယ်နီးလာသော်လည်း ချစ်ရေးကြိုက်ရေး အိမ်ထောင်ရေးတွင် တုံ့နှေးတုံ့နှေးလုပ်ကာ ချီတုံချတုံ စဉ်းစားပြီးရင်း စဉ်းစားရင်းနှင့် သူများလက်သို့သာ တစ်ဦးပြီးတစ်ဦး ပါကုန်တတ်လေသည်။

'ဒူးယားတွေလည်း ဈေးကောင်းလိုက်တာ တစ်တောင့်ကို ကောက်ဈေး ရှစ်ဆယ့်ငါးကျပ်တဲ့'

အဖေကြီး၏အတွေးကမူ လက်ဖက်ရည်ဖိုးကနေပြီး စီးကရက် ဖိုး ဆီသို့ ရောက်သွားလေသည်။

'အံမာ အဖေက ဒူးယားအတောင့်လိုက် ဝယ်သောက်မလို့ လား၊ ဟား ဟား'

'ထီပေါက်အောင် စောင့်လိုက်ဦးမယ် သားရေ'

အဖေကြီးက တခြားအပျော်အပါး ဘာမှမရှိသော်လည်း ဆေးလိပ်တော့ ကြိုက်သည်။ ပထမ တစ်လိပ်ပြားသုံးဆယ်၊ ထို့နောက် တစ်ကျပ် သုံးလိပ်ဆိုတုန်းကတစ်ခါတစ်ရံဝယ်ပြီး သောက်တတ်သည်။ ယခုတော့ တစ်လိပ်ကို ငါးမူး၊ ပြားခြောက်ဆယ် ဖြစ်နေပြီဟု ဆိုသည်။ အဖေကြီးမတတ်နိုင်တော့၊သားကြီး ပဲခူးမြို့ကို အလုပ်ကိစ္စနှင့်သွားတိုင်း အပြန်တွင် အစည်းလိုက် ဝယ်လာတတ်သော 'ပူစီ' ဆေးလိပ်ကိုသာ သားနှင့်အတူတူရောပြီး ခဲရတော့သည်။

'ဒီနေ့ မင်းတို့အမေမှာလိုက်လို့ ဆပ်ပြာသွားဝယ်တာဟော့၊ ရွှေဝါတစ်ပိုင်း ဆယ့်နှစ်ကျပ်ဆိုလို့ အကျီကို ဆပ်ပြာမတိုက်ဘဲ ရေနဲ့ပဲ လျှော်တော့မယ်လို့ပြောပြီး ပြန်လာခဲ့တယ်၊ ဒူးယားက အဲဒီကုန်စုံဆိုင်မှာ သူများလာသွင်းတာ၊ ဘယ်သူလာသွင်းတာလဲတော့ ငါ့ကို မမေးနဲ့'

အဖေကြီးက စိတ်တိုလာဟန်နှင့် ခပ်ဆတ်ဆတ်ပြောတော့

www.burmeseclassic.com

www.burmeseclassic.com


သွားလေသည်။

အမေတို့ ထမင်းဝိုင်းလေးသည် အတွေးကိုယ်စီနှင့်မို့ ခေတ္တမျှ ငြိမ်သွားသည်၊ အမေက ပန်းကန်ထဲတွင် ကုန်နေပြီဖြစ်သော ငါးပိရည်ကျဲကို ထပ်ဖြည့်ရင်း ငရုတ်သီးမှုန့်ပုလင်းကို အကုန်သွန်မှောက်ချလိုက်သည်၊ ပုလင်းဖင်တွင် ကပ်နေသော ငရုတ်သီးမှုန့် အကပ်အသတ်ကလေးများက ငါးပိရည်ပန်းကန်ထဲသို့ မဆင်းချင် ဆင်းချင်နှင့် ခုန်ဆင်းလာကြလေသည်၊ မြင်းခွာရွက် ဟင်းချိုကိုလည်း ပန်းကန်ထဲ သွန်မှောက်ဖြည့်လိုက်ရင်း 'စီးကရက် တစ်တောင့် ခြောက်ဆယ် မြတ်တော့ ရော ကြက်တစ်ပိဿာ၊ ဝက်တစ်ပိဿာ ဝယ်လိုက်ရင် ကုန်ရောပေါ့၊ ငါးမြင်းတို့ ပုစွန်ကျားတို့ စားချင်ရင်တော့ တစ်ပိဿာတောင် မရဘူး၊ ငါးဆယ်သား စီပဲရမှာ' ဟု စဉ်းစားမိတော့ ပြုံးချင်ချင် ဖြစ်သွားလေသည်။

'သမ္မတရုံမှာ သန်ဘက်ခါ ကားသစ်လဲမယ်ဗျ'

အမေ့အတွေးက ငါးမြင်းဗိုက်သားဆီ ရောက်နေသော်လည်း သားငယ်၏အတွေးကမူ ရုပ်ရှင်ရုံသို့ရောက်သွားသည်။

'ဒီနေ့ ကြို့တင်လက်မှတ်သွားလုပ်တာ၊ ကျွန်တော့်ရှေ့မှာ နည်းတဲ့လူတန်းကြီး မဟုတ်ဘူးဗျာ'

'ကြည့်မယ့်သူတွေလား'

'ဟင့်အင်း ပြန်ရောင်းမယ့်သူတွေ'

'နေပါဦး မင်းကရော ကြို့တင်လက်မှတ် ဘာလုပ်ဖို့ သွားဝယ်တာလဲ'

'ကြည့်ဖို့ပေါ့ အစ်ကိုရ'

'ဘယ်သူနဲ့လဲ'

www.burmeseclassic.com

www.burmeseclassic.com


သားကြီးကမေးတော့ သားငယ်သည် အမေ့ကို ခိုးကြည့်ကာ မလုံမလဲ ပြုံးသည်၊ အမေက ခွင့်လွှတ်ပြုံး ပြုံးနေလိုက်သည်၊ သားငယ်၏ အသက်က ယခုလာမည့် ဩဂုတ်လဆိုလျှင်နှစ်ဆယ့်သုံးနှစ်ပြည့်ပြီ၊ အမေက ငယ်သေးသည် ထင်သော်လည်း အခြားသူများက လူလားမြောက်ပြီဟု သတ်မှတ်ထားပြီးဖြစ်သည်။ ချစ်သူရည်းစား ထားသည်ကို အပြစ်တင်ဆူပူနေလို့လည်း ရမည်မဟုတ်၊ အချိန်တန်လျှင် အဝေးသို့ ပျံကြမည်မှာ သဘာဝမို့၊ အဖေတို့ အမေတို့က ခွင့်လွှတ်ဖို့သာရှိသည်။

သားငယ်ကတော့ အစ်ကိုနှင့် အစ်မလို ရှည်ရှည်ဝေးဝေး စဉ်းစားတတ်သူ မဟုတ်ပေ။ လှတာမြင်လျှင် ကြိုက်ချင်ချင် သဘာဝမို့ ကြိုက်လိုက်၊ ကွဲလိုက်နှင့် ယခုလက်ရှိ အသက်အထိ ချစ်သူသုံးဦးလေး ဦးတော့ ရှိပြီးပြီ ထင်သည်။

'လက်မှတ်ရော ရခဲ့လား'

'ဘယ်ရမှာလဲ'

'ဒီလိုဆို မင်း ရုံးချိန်ကြီး လစ်ထွက်ရပြီး မောတာပေါ့'

'အင်း မောတာပေါ့၊ ဒါပေမယ့် ဝတ္ထုလေးတစ်ပုဒ်တော့ စိတ်ကူးရလာတယ်'

'ဘာတဲ့တုံး'

သားငယ်က စာပေဝါသနာပါသည်။ အစ်ကိုကြီးလောက် စာမဖတ်သော်လည်း စာတိုပေစ၊ ကဗျာတို ကဗျာစလေးများကို ရေးတတ်သည်။ သူ့ကဗျာလေး စာလေးများကိုဖတ်ပြီး သူ့အစ်ကိုကြီးက 'မင်းဟာက အတွေးနည်းနည်း နုနေသေးတယ်' ဟု ဝေဖန်လျှင်'ရင့်ချိန်တန်တော့ ရင့်မှာပေါ့ဗျာ၊ ကျွန်တော်က အစ်ကို့လို အဘိုးကြီးမှ မဟုတ်တာ' ဟု နှုတ်လှန်ထိုးတတ်လေသည်။

'ကျွန်တော့ရှေ့က မှောင်ခို၊ ပြီးတော့ ကျွန်တော် ဆိုပြီးတော့

www.burmeseclassic.com

www.burmeseclassic.com


လေ၊ မကောင်းဘူးလား’

‘အံမာလေး၊ အဲဒီဝတ္ထုကြီးကိုတော့ လက်ညှောင်းခံပြီး ရေးမနေ ပါနဲ့တော့ဟယ်၊ စိတ်ကူးဘဝကတည်းက အမှိုက်ပုံးထဲသာ ကြုံကြုံ တင်တင် ထည့်ပစ်လိုက်’

သမီးကြီးက ရယ်ရယ်မောမောနှင့် အားပေးစကားဆိုတော့ သားငယ်၏မျက်နှာလေး ရှုံ့သွားသည်။ အစ်မဖြစ်သူအား မကျေမနပ် နှင့် ကြည့်သည်။

‘အစ်မကလည်း တကယ့်ကြည့်ချင်တဲ့လူက တစ်နေရာစာကို သုံးလေးကျပ် အမြတ်ပေးရမှာဗျ၊ တရားသလား’

အဖေကြီး၏သက်ပြင်းချသံကို ကြားရသည်၊ အမေကလည်း ရောယောင်ပြီး ပင့်သက်ရှိုက်သည်၊ ထမင်းပန်းကန်ထဲတွင် နောက်ဆုံး ကျန်နေသေးသော ထမင်းလုတ်တစ်လုတ်စာပေါ်သို့ ငါးပိရည် ထပ် ဆမ်းပြီး သခွားသီးစိတ်ကလေး မြှုပ်လိုက်သည်။

‘လူတွေလည်း ပျက်စီးလိုက်ကြတာဟယ်’

နောက်ဆုံးထမင်းလုတ်ကျမှ ကံဆိုးသည်၊ ငါးပိရည်က အငန် ကဲရသည့်အထဲ သခွားသီးကလည်း ထိပ်ပိုင်းကျသွားလို့လားတော့မသိ၊ ခါးလှသည်၊ ပါးစပ်ထဲရောက်ပြီးတော့ ထွေးမထုတ်ချင်သည့်အတွက် ကျိတ်မှိတ်ဝါးပြီး မျိုချလိုက်သည်။

‘သူတို့အပြစ်ကြီးပဲလည်း မဟုတ်သေးဘူး အမေရဲ့၊ ကြိုတင် တစ်စောင်ကို လေးယောက်စာ၊ တစ်ယောက်စာကို နှစ်ကျပ် သုံးကျပ် အမြတ်ရတယ်ဆိုတော့ တစ်မနက်ခင်း လာစီရုံနဲ့ တစ်ဆယ်ဝန်းကျင်မှာ အမြတ်ရတာကိုး’

‘ဒါပေမယ့် နေ့စားလုပ်တယ်ဆိုတာ သမ္မာအာဇီဝ အစ်ကိုရဲ့၊

www.burmeseclassic.com

www.burmeseclassic.com


'သူတို့ကတော့ အဲဒီလို စဉ်းစားမှာ မဟုတ်ဘူး ငါ့ညီ'

'ဒါကြောင့် ပျက်စီးတယ်ပြောတာပေါ့'

'အေးလေ၊ ဒါပေမယ့် အကြောင်းနဲ့ အကျိုးဆိုတာ အပြန်အလှန် ဆက်သွယ်မှုရှိတယ်'

ပါးစပ်က ငံရ ခါးရသည့်အထဲ ဦးစဉ်းစားကြီးက ရှေ့နေအလိုက် ကောင်းနေတော့ အမေ အတော်လေး စိတ်တိုလာသည်။

'ကဲ ကိုယ်တော်ကြီး ငါးဖယ်ခြစ်ထဲ ငါးပုတ်သင်ရောတာကို ရော၊ ကျုပ်က ငါးသည်ကို အပြစ်မတင်လို့ ဘယ်သူ့ကို အပြစ်တင်ရမလဲ၊ မိန့်တော်မူပါဦး၊ ဘယ်လိုအကြောင်းနဲ့ ဘယ်လိုအကျိုးလဲ အမိန့်ရှိပါဦး'


အမေက ခပ်ငေါ့ငေါ့ပြောတော့ သားငယ်က တဟားဟားထရယ်သည်၊ သားကြီးကတော့ အမေ့မျက်နှာကို ခပ်ငေးငေး ကြည့်နေပြီးမှ သူ့ခေါင်းကို သူကုတ်ကာ မရယ်ချင့်ရယ်ချင်နှင့်ရယ်သည်၊ ထို့နောက် ပင့်သက်ကို မသိမသာရှိုက်သည်။

'ဒါတော့ သိဘူးလေ' ဟု ခပ်တိုးတိုး ခပ်လျော့လျော့ ပြောလေသည်။

(သဘင်)

www.burmeseclassic.com

www.burmeseclassic.com



ပါရမီ မယ်မရင့်သော်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com

မာမာဝင်းက ဒေါ်ခင်မာအေး ဆုံးပြီဟုပြောသော်လည်း ဒေါ်မြမြလှိုင် ရုတ်တရက် မယုံနိုင်။ 'ဘာပြောတယ်'ဟု ထပ်မေးရင်း ရင်တွေ ခုန်လာသည်။

'ခုတင်ပဲ အန်တီမြရဲ့ မူးတယ်၊ မူးတယ်ဆိုပြီးလဲကျသွားရာက ခဏနေတော့ ဆုံးတာပဲတဲ့၊ ဆရာဝန်တောင် မမီဘူး ပြောတယ်၊ နဂိုကတည်းကလည်း နှလုံးရောဂါရော၊ သွေးတိုးရောဂါရော ရှိတယ်တဲ့'

ဆက်၍ပြောသော စကားသံကို ကြားရသောအခါမှ 'အမလေး မြန်ဆန်လိုက်တာ၊ ဘုရား ဘုရား'ဟု တုန်ရီ လှုပ်ရှားစွာရေရွတ်လိုက်မိသည်။ 'ဦးလေးလှတို့အိမ် သွားပြောလိုက်ဦးမယ်'ဟုပြောကာ အိမ်ပေါ်မှ သုတ်ခနဲ ပြန်ဆင်းသွားသော မာမာဝင်း၏ကျောပြင်ကို အတန်ကြာအောင် ငေးကြည့်ရင်း 'ဘုရား ဘုရား၊ ဖြစ်မှဖြစ်ရလေ'ဟု ဆက်၍ ရေရွတ်နေမိသည်။

'ဘာဖြစ်လို့လဲ မြ၊ ဘယ်သူ ဘာဖြစ်လို့လဲ'

နားစွန်နားဖျား ကြားလိုက်သော ခင်ပွန်းသည်က အိပ်ခန်းထဲမှ ထွက်လာသည်။ ခင်ပွန်းသည်ကို မြင်လိုက်သောအခါမှ ဒေါ်မြမြလှိုင်သည် အားကိုးရာ ရသွားသကဲ့သို့ အနားသို့ ခပ်သွက်သွက် လျှောက်လာလေသည်။

'အစ်မကြီး ဒေါ်ခင်မာအေး ဆုံးလို့တဲ့ ကိုကိုရေ့'ဟု ထိခိုက်လှုပ်ရှားစွာ ပြောမိသည်။ ထို့နောက် 'ဟေ ဘယ်တုန်းကလဲ၊ ဘာဖြစ်

www.burmeseclassic.com

www.burmeseclassic.com


တာလဲ၊ အခုဘယ်မှာလဲ' ဟု မေးသော အမေးများကို မဖြေအား။ 'မောင်စိန်၊ ဟဲ့ မောင်စိန်၊ ကားထုတ်စမ်း' ဟု အော်သည်။ ထို့နောက် 'ဟဲ့ နေပါစေတော့ မထုတ်နဲ့တော့၊ တစ်လမ်းကျော်တင်ပဲဟာ၊ လမ်းလျှောက်သွားမယ်၊ ဟဲ့ မဝင်းကြွယ် နောက်ဖေးက ငါးကြော်အိုးကို ကြည့်ပြီး ဆက်ကြော်ပေးစမ်း' ဟု အော်ကာ ခင်ပွန်းသည်ဘက်သို့ လှည့်သည်။ 'ရုံးအတွက် ထမင်းချိုင့်ကို နေ့ခင်းမှ အပို့လွှတ်တော့မယ်နော် ကိုကို၊ မောင်စိန့်ကို ပြန်လွှတ်လိုက်၊ မြတော့ဟိုအိမ်သွားဦးမယ်' ဟုပြောသည်။ မှန်တင်ခုံရှေ့ပြေးကာ မျက်နှာကို တို့ပတ်လေး တစ်ချက် နှစ်ချက် ရိုက်သည်။ နှုတ်ခမ်းနီတောင့် ကောက်ကိုင်ပြီးမှ 'အို အသက်ပဲ လေးဆယ်ကျော်နေပြီဟာ' ဟု တွေးကာ ပြန်ချလိုက်သည်။ ထို့နောက် အတန်ငယ်မှိုင်းသော လုံချည်အညိုရောင်ကို ကောက်လဲပြီးခပ်သွက်သွက်ထွက်ခဲ့သည်။

နေပူကျဲကျဲတွင်လမ်းလျှောက်လာရင်း လွန်ခဲ့သည့်သုံးရက်ကမှ ဒေါ်ခင်မာအေးနှင့် ဈေးထဲတွင် တွေ့ခဲ့ကြသေးသည်ကို သတိရသည်။ 'ကြက်သွန်နီတွေကလည်း ဈေးကြီးလိုက်တာရှင်'ဟု သူက ညည်းသောအခါ ဒေါ်ခင်မာအေးက 'ကြက်သွန်နီ ဈေးတက်ပေမယ့် ဆီက နည်းနည်း ဈေးကျလာတော့ တော်သေးတာပေါ့၊ ဆောင်းဦးပေါက်ဆိုတော့ သစ်သီး သစ်နှံလေးတွေ ပေါလာပြီ၊ ပန်းဂေါ်ဖီကို ဘဲဥနဲ့ ကြော်စားရရင် အသားဟင်း မလိုပါဘူး မြမြရယ်' ဟု ခပ်ပြုံးပြုံး ပြောခဲ့သည်ကို သတိရသည်။ 'အမြဲတမ်း အကောင်းဘက်ကချည်းပဲ စဉ်းစားတတ်တဲ့ သူတော်ကောင်းမကြီး၊ ခုတော့ သေရှာပြီပေါ့' ဟု စဉ်းစားရင်း ရင်ထဲတွင် ဆို့သွားသည်။

'အန်တီမြရေ မေမေ့ကို ကြည့်ပါဦး အန်တီမြရဲ့၊ သေတာမှ ဟုတ်ရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com


မြမြလှိုင်က သူ့ကို မနှစ်သိမ့်အားဘဲ အိမ်ထဲသို့ ကမန်းကတန်း ကဲကြည့်သည်။ အိမ်ရှေ့ခန်းတွင် ခုတင်တစ်လုံး ချထားသည်။ ထိုခုတင်ဆီသို့ အရာဝတ္ထုတစ်ခုကို ဝိုင်းဝန်းပြီး သယ်မ,လာကြသည်။ တဒိတ်ဒိတ်ခုန်လာသောရင်ကို အသာဖိပြီး အသေအချာကြည့်လိုက်သော် ဒေါ်ခင်မာအေး၏ခန္ဓာကိုယ် ဖြစ်နေမှန်းသိရသည်။ ခေါင်းငိုက်စိုက်၊ ဆံပင် ဖားလျားနှင့် ခြေပျော့ပျော့၊ လက်ပျော့ပျော့ အနေအထားကို မြင်ရသောအခါ 'ဘယ်လိုဖြစ်တာတုန်း အစ်မကြီးရဲ့၊ မမြင်ဝံ့ပါလား' ဟု တစ်ဦးတည်းပြောကာ မျက်ရည်ဖြိုင်ဖြိုင် ကျလာသည်။ သူငိုသောအခါ အလတ်မလေးက 'မေမေရေ အန်တီမြ လာတယ် မေမေရဲ့၊ ထပြီးစကားပြောပါဦး၊ ဧည့်ခံပါဦး' ဟု အော်ကာ တက်သွား၍ ဝိုင်းဝန်းပြီး နှိပ်ကြ၊ နယ်ကြ၊ မန်းကြ၊ မှုတ်ကြနှင့် အလုပ်ရှုပ်ကုန်သည်။

'မြမြလှိုင် သတိထား မြမြလှိုင်၊ ခင်မာအေးကို အားလုံး ခင်ကြတာပဲ၊ ဒါပေမယ့် ကိုယ်က ငိုရင် ကလေးတွေ ပိုဆိုးမှာပေါ့'

ဒေါ်ဒေါ်မိက ဒေါ်မြမြလှိုင်၏လက်မောင်းကိုဆုပ်ကိုင်ကာ ခပ်တိုးတိုးချော့သည်။ ဆူညံလှုပ်ရှားနေသော ဝန်းကျင်တွင် ဒေါ်ခင်မာအေး တစ်ယောက်သာ အငြိမ်ကြီး ငြိမ်နေသည်။ ကြိုးဖြတ်ထားသောရုပ်သေးရုပ်လို လည်ငိုက်စိုက်၊ ခေါင်းငိုက်စိုက်နှင့် ဖြစ်နေသည်။ဝတ်ချင်ရာဝတ်၊ လွှမ်းချင်ရာလွှမ်းပြီး မြေမြုပ်ချင်မြုပ်၊ မီးသင်္ဂြိုဟ်ရင်လည်းသင်္ဂြိုဟ်၊ လုပ်ချင်ရာလုပ်ကြပေတော့ဟု အသံမထွက်ဘဲပြောနေသလိုရှိသည်။ ဒေါ်ခင်မာအေး၏ခြေမ,လက်မတို့ကို ပူးပြီး ကြိုးနှင့်ချည်သည်ကို တွေ့ရသောအခါ ဒေါ်မြမြလှိုင် အိခနဲ ငိုမိပြန်သည်။ ကြေကွဲဝမ်းနည်းစိတ်နှင့် ထိတ်လန့်တုန်လှုပ်စိတ်က ရင်ထဲတွင် ပြည့်ပြီးလျှံနေသည်။

ထိုနေ့ညက ဒေါ်မြမြလှိုင် တော်တော်နှင့်အိပ်မပျော်ချေ။ 'စိတ်မကောင်းလိုက်တာ ကိုကိုရယ်၊ ကြည့်ရတာ သတိမေ့နေ သလို အိပ်နေ

www.burmeseclassic.com

www.burmeseclassic.com


သလိုပဲ၊ သေတယ်ဆိုတာ ယုံစရာတောင်မရှိဘူး’ဟု တဖွဖွပြောနေမိသည်။ နေ့လယ်နေ့ခင်း ပျင်းလျှင် တစ်ယောက်အိမ် တစ်ယောက် ကူးကြ၊ လက်ဖက်စားကြ၊ သားရေးသမီးရေး၊ လင်ရေးသားရေးပြောလိုက်နဲ့ ပြောခဲ့ဆိုခဲ့ရသည်များကို တရစ်ဝဲဝဲမြင်ယောင် ကြားယောင်နေသည်။ ဆယ့်နှစ်နာရီထိုးတော့ မနေနိုင်တော့။ စိတ်ငြိမ်ဆေး ထသောက်ရသည်။ ထိုအခါကျမှ အိပ်ပျော်လေတော့သည်။

ပထမနေ့က အတော်လေးစိတ်ပင်ပန်းကာ အတော်လေး ငိုလိုက်ရသောကြောင့် ဖြစ်မည်ထင်သည်။ ဒုတိယနေ့တွင် ဒေါ်မြမြလှိုင် သိပ်မငိုချင်တော့ပေ။ ဇာဖြူပါးပါးလွှမ်းထားသော ဒေါ်ခင်မာအေးကို ငေးကြည့်ရင်း ကွာစိတဖြောက်ဖြောက် ဝါးစားလာနိုင်သည်။ မတွေ့မမြင်ရတာကြာပြီဖြစ်သော မိတ်ဆွေသင်္ဂဟများကို ကြိုဆိုနှုတ်ဆက်နေရာချပေးကာ ‘မူးတယ် မူးတယ်ဆိုပြီး လဲကျရာက ဆုံးတာပဲတဲ့ စိုးစိုးရေ၊ မြတို့တောင် အသက်မမီလိုက်ပါဘူး’ ဟု ပြောဆိုဧည့်ခံသည်။

‘သားတစ်ယောက်၊ သမီးသုံးယောက်ကျန်ခဲ့တယ်လေ၊ သားအကြီးဆုံးက မော်လမြိုင်မှာ နည်းပြဆရာလေ၊ အကြီးမလေးက စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ်၊ အလတ်မလေးက ဆေးတက္ကသိုလ်မှာလေ၊ အငယ်လေးကတော့ ဒီနှစ် ဒေသက အောင်တယ်၊ အကုန်လုံးစာတော်တယ်၊ အစ်မကြီးယောကျ်ား ဆုံးသွားတာကတော့ ကြာပြီလေ၊ ငါးနှစ်လောက် ရှိပြီထင်ပါရဲ့၊ သားတွေ သမီးတွေက အိမ်ထောင်ပြုဖို့ စိတ်မကူးကြသေးဘူး၊ အမေကို လုပ်ကျွေးမယ်လို့ ပြောနေကြတာ’ ဟု ပြောသောအခါ ဒေါ်စိုးစိုးမြိုင်က သက်ပြင်းချသည်။

‘တရားကျစရာ၊ မယုံစရာကြီးပဲ မမလှိုင်ရယ်၊ မနေ့မနက်ကတင် ကျွန်မနဲ့ဈေးထဲမှာတွေ့တော့ သံတွဲအုန်းဆီစစ်စစ်ရမယ် လိုချင်သလားလို့ မေးသေးတာ’

www.burmeseclassic.com

www.burmeseclassic.com


ပြောစရာကုန်သွားသည်၊ ဘာဆက်ပြောရမည်မသိဘဲငြိမ်နေကြစဉ် ဒေါ်စိုးစိုးမြိုင်က ဒေါ်မြမြလှိုင်ဝတ်ထားသော ထိုင်းကော်တွန် နီညိုရောင်လုံချည်ကိုအသာကိုင်ကြည့်ရင်း 'အဆင်လေးက လှလိုက်တာနော်၊ ဟိုတရုတ်မလေးတွေ ဆိုင်ကပဲလား' ဟု မေးသည်။ ဒေါ်မြမြလှိုင်ကလည်း မြွေရေခွံလက်ကိုင်အိတ် ကလေးကို လှမ်း၍ကြည့်ကာ 'လှလိုက်တဲ့အိတ်ကလေး၊ ဗိုလ်မှူးသွားတုန်းက ဝယ်ခဲ့တာလား' ဟု ချီးကျူးသည်။ ထို့နောက် သူတို့သည် ဒေါ်ခင်မာအေးကို ခေတ္တမေ့ပြီး ဗိုလ်ချုပ်ဈေး၊ စိန်ဂွန်းဈေးထဲသို့ စိတ်နှင့်ရောက်သွားကြလေသည်။ အုတ်အုတ် ကျွတ်ကျွတ် ငိုသံကြားရသောအခါမှ လက်ရှိနေရာကို ဖြုန်းခနဲ ပြန်ရောက်လာသည်။ မော်လမြိုင်မှ အစ်ကိုကြီး ရောက်လာသောကြောင့် ညီအစ်မများ ဆီး၍ငိုကြခြင်းဖြစ်သည်။ ဒီတော့လည်း သူတို့နှစ်ဦးလုံးရောပြီး မျက်ရည်ကျကာ ဇာဖြူလွှမ်းထားသော ဒေါ်ခင်မာအေးကို ကြေကွဲ ဝမ်းနည်းစွာ ကြည့်မိပြန်လေသည်။

ဒုတိယနေ့ညနေပိုင်းရောက်တော့ ဒေါ်ခင်မာအေး၏ခန္ဓာကိုယ်မှ အနံ့အနည်းငယ် ထွက်ချင်လာသည်။ ဝမ်းဗိုက်ကလည်း အတန်ငယ်ဖောင်းလာသယောင် ရှိသည်။ ဖြူဝင်းသော အသားအရေမှာလည်း ညိုသယောင်ယောင် ဖြစ်လာသည်။ ထို့ကြောင့် ညပိုင်းရောက်သောအခါခေါင်းအောက်၌ ဖွဲပြာခံကာ အလောင်းကို ခေါင်းသွင်းထားလိုက်ကြသည်။ ခုတင်ပေါ်တွင် ငွေရောင် ပန်းရေးထားသော ခေါင်းနှင့် ခုတင်ခေါင်းရင်းတွင် စပယ်ကုံးများ၊ ကုတင်အောက်တွင်ကျောက်ဖရုံသီး၊ ခြေရင်းဘက်တွင် မြေအိုးနှင့်၊ ကြည့်ရသည်မှာ ဝမ်းနည်းစရာ၊ ကြေကွဲစရာ၊ ထိတ်လန့်စရာကောင်းနေသည်။

တတိယနေ့တွင် အသုဘချလေသည်။ အသုဘချခါနီးတွင်

www.burmeseclassic.com

www.burmeseclassic.com


ကပ်၍ ကြည့်မိပြန်သည်။ ဆုံးစတုန်းကနှင့် မတူတော့ချေ၊ မျက်နှာက ဖောင်းကာ အမ်းနေသယောင်ရှိသည်။ အသားများကလည်း ညိုရဲ ညစ်နေသည်။ ညာဘက်မျက်စိထောင့်တွင် တရွရွတက်လာသော ပုရွက်နီသုံးကောင်ကို အထိတ်တလန့် ကြည့်မိစဉ် အတော်ပြင်းပြင်းလေး ဖေ့ထွက်လာသော ရနံ့ကြောင့် ခပ်သွက်သွက် နောက်ဆုတ်လိုက်မိသည်။

'သေခြင်းတရားဆိုတာ တယ်လည်းကြောက်ဖို့ကောင်းပါလား၊ ငါလည်း ဒီလိုပဲ သေရဦးမှာပါလား' ဟူသော အသိတရားဝင်ကာ ထိတ်လန့်တုန်လှုပ်စိတ်နှင့်ချောက်ချောက်ချားချား ဖြစ်နေသည်။ ထိုနေ့ ညနေစာကို လုံးဝမစားနိုင်။

ညကျတော့ ခါတိုင်းထက် ပို၍ကြာအောင် ဘုရားရှိခိုးမိသည်။ ဒေါ်ခင်မာအေး၏အမည်ကိုခေါ်ကာ အမျှအတန်းပေးဝေသည်။ အိပ်ရာထဲရောက်သော်လည်း အိပ်မပျော်နိုင်သေး။ ပုတီးတချောက်ချောက် စိတ်နေရင်း ဖောင်းပြီးအမ်းနေသော မျက်နှာနှင့် ပုရွက်နီသုံးကောင်ကိုသာ မြင်ယောင်နေသည်။ ဘယ်စောင်းလိုက်၊ ညာစောင်းလိုက်၊ သက်ပြင်းချလိုက်နှင့် ဖြစ်နေ၍ ခင်ပွန်းသည်က 'ဒီလောက်လည်း စိတ်ထိခိုက်မနေပါနဲ့ မြမြရယ်၊ သူ့အချိန်တန်တော့သူသွား၊ ကိုယ့်အချိန်တန်တော့လည်း ကိုယ့် အလှည့်ရောက်ပြီး ကိုယ်သွားရဦးမှာပဲ၊ လူတိုင်း လူတိုင်း မလွဲမသွေ သွားရမယ့်လမ်း မဟုတ်လား' ဟုပြောသည်။ ထိုအခါကျမှ ပို၍ကြောက်ရွံ့တုန်လှုပ်လာသဖြင့် ဒေါ်မြမြလှိုင်ခမျာ စိတ်ငြိမ်ဆေး ထ သောက်ရပြန်လေသည်။

နောက်နေ့မနက်ကျတော့ ဒေါ်မြမြလှိုင် အိပ်ရာပေါ်မှ တော်တော်နှင့် မထနိုင်ချေ။ ကားမောင်းသူ မောင်စိန်၏မိန်းမ မဝင်းကြွယ်က အလိုက်တသိ ဈေးသွားပြီး မီးဖိုဝင်ကာ ချက်ပြုတ်ထားသည်။

'မဝင်းကြွယ်က ငါးရံ့ခေါင်းနဲ့ ဘူးသီးနဲ့ ချဉ်ရည်ချက်တယ်

www.burmeseclassic.com

www.burmeseclassic.com


တဲ့၊ ကြက်သားဆီပြန်နဲ့ တညင်းဝက်မီးအုံး တို့စရာ၊ ငန်ပြာရည်ချက် တဲ့၊ ထမင်းနည်းနည်းထပြီး စားလိုက်ပါလား မြမြရဲ့'

ခင်ပွန်းသည်က အပြောကောင်း၍ ဒေါ်မြမြလှိုင်သည် ထမင်းပွဲသို့ စိတ်မပါ လက်မပါနှင့် ဝင်ထိုင်ရသည်။ ပန်းကန်ထဲသို့ ထမင်းလေး လက်တစ်ဆုပ်ခန့်သာထည့်ပြီး စားသည်။ 'ကိုကိုကျေနပ်အောင် စားတာ၊ စားနိုင်မှာ မဟုတ်ပါဘူးကွယ်' ဟုပင် ပြောမိသေးသည်။ သို့သော် စားရင်းစားရင်းနှင့် စားကောင်းလာ၍ မနေ့ညနေက လွတ်ထားသော ညစာကိုပါ ပေါင်းပြီး နှစ်နပ်ပေါင်း တွယ်လိုက်သည်မှာ ဗိုက်ထဲတွင် တင်းတောင့်ပြီး အနေရ အထိုင်ရပင် ခက်လာသည်။ ထို့နောက် အစာကြေရန် ထန်းလျက်ခဲမြုံ့ပြီး မဝင်းကြွယ် အလိုက်တသိ ငှဲးလာသော စိန်ပြာလောင်ကို ဖတ်သည်။ ထို့နောက် သော်ကဓာ၏အရိုင်းကို ဖတ်သည်။ ဒီလိုဆိုတော့လည်း ဒေါ်ခင်မာအေးကို သတိမရတော့ပေ။

ရက်မလည်မီ တစ်ရက်တော့ ဒေါ်ခင်မာအေးတို့အိမ် ရောက်သေးသည်။ ရေတ်သီးထောင်းသူတွေ၊ ကြက်သွန်နွှာသူတွေ၊ ငါးရိုးထွင်သူတွေနှင့် စည်စည်ကားကား ရှိလေသည်။ 'အန်တီမြ အေးအေးနေပါ၊ လုပ်မယ့်သူတွေ ရှိပါတယ်' ဟုပြောရင်း အကြီးမလေးက ကွာစေ့ တစ်ပန်းကန် ချပေးသည်။ ထို့ကြောင့် ကြက်သွန်လေး သုံးလေးလုံးနွှာကာ ကွာစေ့စားပြီး ပြန်ခဲ့ရသည်။

ရက်လည်သည့်နေ့တွင် ခင်ပွန်းသည်က မလိုက်နိုင်၊ ရုံးတွင် အစည်းအဝေးရှိ၍စောစောသွားရသည်။ ထို့ကြောင့် ဒေါ်မြမြလှိုင်လည်း တစ်ဦးတည်း စောစောလာခဲ့လေသည်။

'အဝစားနော် မြမြလှိုင်၊ ဒေါ်မိမိလက်ရာကို အဝစားသွား'

အိုးသူကြီးဖြစ်သူ ဒေါ်ဒေါ်မိက ဆီး၍ပြောသည်။ သေးမှုင်

www.burmeseclassic.com

www.burmeseclassic.com


ဘဲဥဖတ် ဖြူဖြူများ၊ နူးအိနေသော ကြက်သွန်ဥကြီး တစ်လုံးနှင့် ငှက်ပျော အူနုနု အကွင်းလိုက်များက မုန့်ပန်းကန်ထဲ ခုန်ဆင်းလာကြသည်။ ချိုမွှေးသော ဟင်းရည်နံ့က ဝေ့ပြီး ပျံ့သွားသည်။

'မုန့်ဟင်းခါးအချိန်လေးဆယ်ကို ငါးအချိန်တစ်ဆယ်လေ၊ မြေပဲဆံလေး နည်းနည်းကို ကျော်ပြီး ထောင်းထည့်ထားတော့ ပိုချိုတာပေါ့၊ မုန့်ဖတ်လေးတွေကတော့ ဝါးနက်ချောင်းကမှာတာ ကောင်းရဲ့လား မြမြရဲ့'

'ကောင်းပြီလား ဒေါ်ဒေါ်မိရယ်၊ တကယ်ကိုကောင်းတာ'

တစ်ပန်းကန်ကုန်တော့ နောက်တစ်ပန်းကန် ထပ်ထည့်ရင်း ချီးကျူးရသည်။ ဒေါ်မြမြလှိုင်က နဂိုကတည်းက မုန့်ဟင်းခါး ကြိုက်တတ်သူ ဖြစ်သည်။

ထို့ကြောင့် 'အန်တီမြ ထည့်ဦးလေ'ဟု ပြောတိုင်း ထပ်၍ ထပ်၍ ထည့်မိရာ သုံးပန်းကန်မောက်မောက် ကုန်အောင် စားမိတော့သည်။ မုန့်ထပ်မထည့်နိုင်တော့၍ 'သိပ်ကောင်းတာပဲကွယ်' ဟု ချီးကျူးရင်း ဟင်းရည်ထပ်သောက်သည်။ အချိုပွဲ ချထားသော ဆနွင်းမကင်းနှင့် လက်ဖက်ကို စောင်း၍ပင် မကြည့်အား၊ သူကြိုက်သည်ကမုန့်ဟင်းခါး။

ညကျတော့ 'မုန့်ဟင်းခါး အတော်ကောင်းရဲ့လား' ဟု မေးသော ခင်ပွန်းသည်ကို 'သိပ်ကောင်းတာပဲ ကိုကို'ဟု အဖြေ ပေးရသည်။ လွန်ခဲ့သည့် သုံးလေးလ ဦးလေးဘ ရက်လည်တုန်းက ဒေါ်ခင်မာအေးနှင့်အတူ သွားခဲ့သည်ကိုသတိရသည်။ စိတ်ထဲမှနေ၍ အမျှဝေရင်း စိပ်ပုတီးကောက်ကိုင်ကာ စိပ်မိလေသည်။ ဂုဏ်တော်ကိုးပါးကို နှုတ်မှရွတ်နေသော်လည်း 'အဲဒီတုန်းကလည်း မုန့်ဟင်းခါးကျွေးတာပဲ၊ ဒါပေမယ့် ဒီနေ့မုန့်ဟင်းခါးလောက် မကောင်းဘူး'ဟု စဉ်းစားနေမိသည်။ 'ဒီနေ့ ဟင်းရည်က တကယ်ကို အချိုလေးတာ၊ ပါးစပ်ထဲမှာကို စွဲနေတာပဲ၊ မုန့်လေးတွေကလည်း သေးသေးမျှင်မျှင်နဲ့ ကောင်းလိုက်တာ'ဟု တွေး

www.burmeseclassic.com

www.burmeseclassic.com


ရင်း ထပ်ပြီးစားချင်စိတ်ပေါ်လာပြန်သည်။ 'ငါ့နှယ် ချိုင့်ကလေးနဲ့သယ်လာရင်ပြီးရော၊ အစ်မကြီးသာရှိရင် ငါ့ အကြိုက်ကို သိတယ်၊ ထည့်ပေးလိုက်မှာ' ဟုစဉ်းစားရင်း ဟင်းခနဲ သက်ပြင်းချသည်။ တရားစာအုပ်ဖတ်နေသော ခင်ပွန်းသည်က လှမ်းကြည့်သည်။ 'ကိုယ့်ကို တရားပြသွားတယ်လို့ပဲ အောက်မေ့ပေါ့ မြမြရယ်' ဟု ပြောလေသည်။

'အရှင်သာရိပုတ္တရာနဲ့ရှင်မောဂ္ဂလန် အလောင်းအလျာကြီးတွေဆိုရင် ပွဲခင်းထဲမှာ လှုပ်ရှားပျော်ပါးနေကြတဲ့လူတွေ ကြည့်ရင်း အင်း ဒီလူတွေဟာ နောင်နှစ်ပေါင်းတစ်ရာလောက်ဆိုရင် တစ်ယောက်မှ ရှိတော့မှာမဟုတ်ဘူးလို့ တွေးမိတာနဲ့ လူ့လောကကိုငြီးငွေ့ပြီး တရားစစ်တရားမှန်ကို ရှာကြတော့တာပဲတဲ့၊ ခုဆိုရင်လည်း အစ်မကြီးက တရားပြသွားတာပဲပေါ့၊ သေခြင်းတရားဟာ အစိုးမရဘူးဆိုတာ ပြသွားတာ၊ အရွယ်မရွေးဘူး အချိန်အခါမရွေးဘူးဆိုတာ ပြသွားတာ ဘယ်လောက်တရားကျဖို့ ကောင်းလဲ'

ဒေါ်မြမြလှိုင် ဘာမှပြန်မပြော၊ 'ကိုယ်က သူတို့လို ပါရမီရှင်အရင့်အမာကြီးမှ မဟုတ်ဘဲ၊ ချက်ချင်းကြီးတော့ ဘယ်လိုလုပ် တရားရနိုင်မလဲ'ဟု စဉ်းစားရင်း ပုတီးကို နာနာစိပ်သည်။ မျက်စိကို စုံမှိတ်ကာ ခေါင်းထဲတွင် တွေ့လိုက်သော ဒေါ် ခင်မာအေး၏ မျက်နှာကို ပြန်ပြီး တွေးကြည့်မိသည်။ သို့သော် မုန့်ဖတ်ဖြူဖြူပေါ်သို့ လောင်းချလိုက်သော ဟင်းရည်ဖွန်းကြီးကိုသာ မြင်ယောင်လာသည်။ ဘဲဥဖတ် အကွင်းလိုက်များနှင့် ကြက်သွန်ဥ၊ နူးနူးညံ့ညံ့ အလုံးလိုက်ကြီးများသည်ကား မျက်စိထဲမှ တော်တော်နှင့်မပျောက်။ ဝဲလှည့်ပြီး ခေါ်နေ၍ တံထွေးကို မသိမသာ မျိုချရသည်။

'အင်း ဗိုက်ထဲမှာလည်း ဟာတာတာနဲ့၊ မုန့်ဟင်းခါးလေး တစ်ပန်းကန်လောက် ထပ်စားချင်လိုက်တာ'

(သောင်းပြောင်းထွေလာ ၁၉၈၂ ဇန်နဝါရီ)

www.burmeseclassic.com

www.burmeseclassic.com

၂၁ ရာစု အကြို ဦးနှောက်များ



www.burmeseclassic.com

www.burmeseclassic.com

ရထားပေါ်မှ တိုးဝှေ့ဆင်းပြီး ဘူတာကြီးအပြင်ဘက်ရောက်တော့မှ ဦးခင်မောင်သည် သက်ပြင်းကို ဟင်းခနဲ ချမိသည်။

မီးရောင်မှိန်မှိန်အောက်၌ ကိုယ့်အာရုံနှင့်ကိုယ် ပျားပန်းခတ်လှုပ်ရှားနေသူများကို ငြီးငွေ့စွာ ငေးကြည့်ရင်း 'ဘယ်သွားရရင် ကောင်းမလဲ' ဟု စဉ်းစားနေမိသည်။ ခင်အောင်က သာကေတမှာ၊ လေးနွယ်က သုဝဏ္ဏမှာ။ နှစ်ယောက်စလုံး ဝေးတာချည်းပဲ။ အိမ်ကလည်း ကျဉ်းတာချည်းပဲ။

ဦးခင်မောင်က တွေးနေစဉ် သူ့ကို မိန်းကလေးတစ်ဦးက ကိုယ် တစောင်းတိုက်သွားသည်။ ယခုခေတ်ပုံစံအတိုင်း ဆံပင်တိုတို၊ ထဘီ တိုတိုနှင့်ဖြစ်သည်။ အတွန့်တွေအဖတ်တွေပါသော အင်္ကျီက ခပ်ပွပွ၊ ခွာမြင့်ဖိနပ်က သုံးလက်မ၊ ရေမွှေးနံ့ သင်းပျံ့ပျံ့နှင့်အတူ နောက်လှည့် မကြည့်ဘဲ 'ဆောရီး' ဟု ပြောသွားသော အသံသာ လွင့်ပြီး ကျန်ရစ်ခဲ့ သည်။

'မင်း ဆောရီးတာက အရေးမကြီးဘူး၊ ငါ့ပိုက်ဆံအိတ်မှ ရှိသေးရဲ့လား'

သူ့တိုက်ပုံ အင်္ကျီအတွင်းအိပ်တွင် ထည့်ထားသော သားရေ

www.burmeseclassic.com

www.burmeseclassic.com


ပိုက်ဆံအိတ်ကလေးကို ဦးခင်မောင် ကမန်းကတန်း စမ်းကြည့်သည်။ ဟိုတစ်ခါတုန်းက ရေမွှေးနံ့တသင်းသင်းနှင့် ကောင်မလေးနှစ်ကောင် သူ့ကို ဝင်တိုက်ပြီး 'ဆောရီး'သွားစဉ်က ပိုက်ဆံအိတ်ကလေး ပါသွားသည်ကို သူ မမေ့သေး။

'ဦးလေး ကားယူသွားမလား'

သူ့ဘေးတွင် ကပ်၍ ပြောလိုက်သော အသံကြားရတော့ 'ငါ ဘယ်သွားရရင် ကောင်းမလဲ' ဟု အပြေးအလွှား စဉ်းစားမိပြန်သည်။ 'ခင်အောင့်မိန်းမက ကော်တရာမ၊လေးနွယ်ယောက်ျားကဘုဆတ်ဆတ်နဲ့၊ တတ်နိုင်ရင်တော့ တည်းခိုခန်း တည်းလိုက်ရင် ကောင်းမှာ'ဟု တွေးမိစဉ် ကားဆရာလေးက 'ကားယူမလား ဦးလေး' ဟု ထပ်မေးသည်။

'အေး သုဝဏ္ဏ ဘယ်လောက်လဲကွ'

'ဂိတ်ဆုံးလား'

'ရေနံ့သာတင်ပါကွာ၊ အဲဒီအထိ လမ်းကောင်းပါတယ်'

'ရေနံ့သာ ဘယ်ဘက်လား၊ ညာဘက်လား ဦးလေး၊ ဘယ်ဘက်သာ လမ်းကောင်းတာ၊ ညာဘက်ကတော့ သိပ် မကောင်းဘူးဗျ'

ကားဆရာက လမ်းကို အတော်ကျွမ်းဟန်ရှိနေတော့ ဦးခင်မောင် ပြုံးရင်း သက်ပြင်းချမိသည်။

'သိပ်မဆိုးပါဘူးကွာ၊ ဟိုးအထဲအထိလည်း မသွားရပါဘူး၊ ဈေးအလွန်တင်ပါ'

'ငါးဆယ်ပဲ ထားလေ'

'မြတ်စွာဘုရားရေ'

ဦးခင်မောင်၏မျက်လုံးအစုံသည် ရှေ့သို့ ပြူးထွက်လာသည်။ ဒုက္ခရောက်သောအခါမှ ရံဖန်ရံခါ သတိရတတ်သော ဘုရားရှင်အို

www.burmeseclassic.com

www.burmeseclassic.com


'ရက်စက်လှချည်ကလားကွာ'

'စင်းလုံးငှားတာမဟုတ်လား ဦးလေးရ'

'ကားငှားတာ စင်းလုံးငှားတာမဟုတ်လို့၊ တစ်ပိုင်းတည်း ငှားလို့ရသလား ငါ့လူ'

ဦးခင်မောင်က အူကြောင်ကြောင်နှင့် ဘုဆတ်ဆတ်ပြောတော့ ကားဆရာလေးက သူ့ကို အ,ရန်ကော ဟူသော မျက်နှာထားနှင့် စိတ်ပျက်လက်ပျက် ကြည့်သည်။

'ရတာပေါ့ဗျ၊ နှစ်ဦးစပ်ပြီး ငှားရင် တစ်ပိုင်း၊ လေးဦးစပ်ရင် တစ်စိတ်ဗျ'

'အဲ...'

'ဦးလေးက ဘယ်က လာတာလဲခင်ဗျ'

'တောကပေါ့ တောက'

ကားဆရာလေး၏အမေးက 'ခင်ဗျား တောကလာတာလား' ဟု အဓိပ္ပာယ် သက်ရောက်သည်ဟု ထင်သောကြောင့် ဦးခင်မောင်က ခပ်ရွဲ့ရွဲ့ဖြေသည်။ ထို့နောက်မှ 'တောကလာတဲ့ တောသားဆိုပြီး ပိုဆိုးနေမှ အခက်' ဟု တွေးမိရင်း ကားဆရာကို မသိမသာ မျက်စောင်းငဲ့ ကြည့်မိသည်။

'ရန်ကုန်သား တောရောက်နေလို့ပေါ့' ဟု အဆက်အစပ် မရှိ ပြောရင်း 'အဟမ်း' ခနဲ ချောင်းဟန့်သည်။ ကားဆရာကတော့ သူ့ကို ဂရုမပြုအား၊ အထုပ်အပိုးတွေဆွဲပြီး ဖြတ်သွားသူတစ်ဦးကို 'ကားယူမလား အစ်ကိုကြီး' ဟု လှမ်းမေးနေသည်။

'အင်း တည်းခိုခန်းမှာ တည်းလိုက်ရင် လောလောဆယ်တော့ ကားခသက်သာသွားမှာပဲ၊ ဒါပေမယ့် အစည်းအဝေးက ချက်ချင်းပြီးမှာ မဟုတ်ဘူး၊ ရက်ရှည်ဦးမယ်၊ ရက်ဆက်ဦးမယ်ဆိုရင် တစ်ပတ်ဆယ်

www.burmeseclassic.com

www.burmeseclassic.com


ရက် ကြာသွားနိုင်တယ်၊ တည်းခိုစရိတ်ရော စားစရိတ်ရော ထောင်း လိုက်ရင်တော့ မလွယ်ဘူး၊ ငါရမယ့် တီအေ ဒီအေလေးတွေကို မစုမိတဲ့ အပြင် အိတ်ထဲကတောင် ပဲ့ပါသွားဦးမယ်'

သူသည် တွေးရင်း ရှေ့တွင် အသာချထားသော ယိုးဒယား ခြင်းကို ကောက်ဆွဲသည်။

'ကဲကွာ၊ မင်းပြောသလို စပ်တူစီးတာပေါ့၊ စောင့်တော့ စောင့်ရ မယ်ထင်တယ်နော်'

'ခဏပါဗျာ'

သူ့ကို ကားဆရာက လေးဘီးကားခပ်အိုအိုခပ်ဟောင်းဟောင်း ကလေးဆီသို့ ခေါ်လာသည်။ ကားနောက်ခန်းကိုလှမ်းတက်လိုက်တော့ သူ့ကိုယ်အလေးချိန်ကြောင့် ကားကလေး အိသွားသည်။

'သုဝဏ္ဏသွားမယ်၊ ကျောက်မြောင်း တာမွေ ပုသိမ်ညွန့် ရောက် မယ်'

ကားဆရာ၏အသံကို နားထောင်ရင်း ရှပ်အင်္ကျီအိတ်ထဲတွင် ထည့်ထားသော ငွေစက္ကူ အသစ်ကလေးကို မသိမသာ စမ်းကြည့်မိ သည်။

'စပ်တူစီးတာတောင် ဆယ့်ငါးကျပ် နှစ်ဆယ်တော့ ပေးရမယ် ထင်ပါရဲ့၊ ဟိုတစ်ခါ သမီးကိုဈေးလွှတ်လိုက်တုန်းကဝက်သားသည်က မှားပြီး ငွေပိုအမ်းတယ်တဲ့၊ သမီးက ငွေလေးဆယ် ပြန်ပေးလိုက်ရတယ် တဲ့၊အခုလည်းကားဆရာကမှားပြီးပိုများအမ်းနေမလား မသိဘူး'

ဦးခင်မောင် စဉ်းစားသည်။

'ပိုပြီးများအမ်းလာရင် ငါက သမီးလေးလို လွယ်လွယ်ကူကူ ပြန်ပေးဖြစ်ပါ့မလား'

www.burmeseclassic.com

www.burmeseclassic.com


သူ့ကို တိုက်ရိုက်မဖြေ။ 'ငါ့ဝင်ငွေက တစ်လ တစ်ထောင်လောက် ရှိတာပဲ၊ ဒါပေမယ့် တစ်လတစ်လ စားစရိတ်နှင့်ပဲ လုံးလည်လိုက်နေတယ်၊ ပိုက်ဆံလေးဆယ် ကိုယ့်လက်ထဲ ရောက်လာရင် ကံကောင်းလို့ပေါ့' ဟု ဝေ့လည်ကြောင်ပတ် တွေးနေလေသည်။

'အို ငါဘာတွေ တွေးနေတာလဲ၊ ပိုအမ်းရင် ပြန်ပေးရမှာပေါ့'

ဦးခင်မောင်သည် သူ့အတွေးကို ကမန်းကတန်း ပြင်ဆင်၍ တွေးသည်။ ထိုစဉ် ကားပေါ်သို့ နောက်ထပ် လူသုံးယောက် တက်လာသည်။ အမျိုးသမီးက နှစ်ယောက်၊ အမျိုးသားက တစ်ယောက်၊ အမျိုးသားဆီမှ ချွေးနံ့ရပြီး အမျိုးသမီးနှစ်ဦး၏ ခြင်းတောင်းထဲမှ မစီမာဆီးသီးထုပ်အနံ့က ပျံ့ထွက်နေသည်။

အမျိုးသားက လက်ဆွဲအိတ်တစ်လုံးတည်းသာ ပါလာသည်။ အမျိုးသမီးနှစ်ဦး၏အထုပ်အပိုးများကား မနည်းလှချေ။

'အခုစီးတာက တစ်ပိုင်းလား၊ တစ်စိတ်လား ဘာလဲမသိဘူး။ ဟိုလူနဲ့ဒီအမျိုးသမီးတွေကတော့ အတူတူ ဟုတ်ပုံမရပါဘူး၊ သုံးပုံတစ်ပုံများ ဖြစ်မလားမသိဘူး၊ ကားဆရာက ဘယ်လိုဝေပုံချပြီး တောင်းမယ်မသိပါဘူး'

ဦးခင်မောင်တွေးမိစဉ် ကားအိုကလေးသည် ကတ္တရာလမ်းပေါ်တွင် တယိမ်းယိမ်းတယိုင်ယိုင်နှင့် ပင်ပန်းစွာ စ၍ ပြေးလေသည်။ ကားအင်ဂျင်သံကလည်း 'ဝီအီ ဝီအီ' နှင့် တိရစ္ဆာန်တစ်ကောင်လို ညည်းတွားအော်မြည်နေသည်။

'နင့် ငါပြောသားပဲ၊ တရုတ်စတွေက သုံးလေးကျပ်သာ တင်လို့ ကောင်းတာ၊ ဘာမှမခြုတ်ပါဘူးလို့၊ ခတ်ဘူးနဲ့ မတ်ခွက် ဝယ်လာတာကမှ ဟုတ်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com


'ဘာများလို့လဲ၊ ခေတ်ဘူးနှစ်လုံးနဲ့ ခေတ်ခွက်ကလေး သုံးခွက်များ၊ တော်သေးရဲ့၊ ဖန်ခွက်နှစ်ဒါဇင်ပါလို့'

'ဘာလုပ်မှာတုန်း၊ မြတ်မှာက နည်းနည်းရယ်၊ ကွဲမှာစိုးလို့ တစ်လမ်းလုံး ဘုရားတနေရတာနဲ့ မကာမိဘူး'

'ငါတို့ ဝယ်တာလည်း ဟုတ်သေးပါဘူးဟယ်၊ ဟိုစမ်းစမ်း ဒီစမ်းစမ်းနဲ့'

'အစ်မကလည်း အဒေါ်ဆိုးလို့ အသုဘသွားတာပဲဟာ၊ စရိတ်ကျေအောင် နည်းနည်းပါးပါး ဝယ်လာတဲ့ဟာကို၊ တကယ့် ကုန်သည်ကြီးတွေလိုတော့ ဘယ်သူက တွက်တတ်မလဲ'

'အေးဟယ်၊ အသွားတုန်းက ဖောင်းပါတိတ်တွေ ဆယ့်လေးငါးထည် ဆွဲသွားမိရင် ကောင်းမှာ'

အမျိုးသမီးနှစ်ဦးက အချီအချပြောနေကြသည်။ အမျိုးသားတွေကတော့ ကွမ်းတမြုံ့မြုံ့ဝါးရင်း အိပ်ငိုက်နေသလို ငြိမ်နေသည်။

'အင်း ငါလည်း လက်ချည်းပဲ လာမိတယ်၊ သူတို့ပြောသလို ဘာကလေး ညာကလေး ဆွဲလာမိရင် ကောင်းမှာ၊ လေး ငါး ခြောက်ဆယ်မြတ်လည်း မဆိုးဘူးပေါ့၊ ကလေးမုန့်ဖိုးရတာပေါ့'

ထမင်းချိုင့်၊ ရေပုလင်းနှင့် ရေခွက်သာပါသဖြင့် ချောင်နေသော ယိုးဒယားခြင်းကို ငုံ့ကြည့်ရင်း ဦးခင်မောင် နောင်တ ရမိလေသည်။

'ကိုးနာရီ ကျော်နေပြီ၊ ကိုဦးကလည်း ခုထိမလာသေးဘူး၊ ဒီနေ့ သိပ်နေမကောင်းလို့ ကားကို စောစောသိမ်းမယ်ဆိုပြီး...'

www.burmeseclassic.com

www.burmeseclassic.com


'အုံနာကြေးတောင် ရသေးရဲ့လား မသိပါဘူးဟယ်၊ ဒီနေ့တော့ လေးငါးဆယ်လောက် အိမ်ပြန်ပါမှဖြစ်မယ်၊ အိမ်မှာ ငွေပြတ်နေပြီ၊ သားငယ်လေးက ကိုယ်နွေးတေးတေးနဲ့၊ ဆရာဝန်များ ပြရဦးမလား မသိဘူး၊ သွေးလွန်တုပ်ကွေးတော့ မဟုတ် ပါစေနဲ့၊ ကြောက်လွန်းလို့ပါ၊ ဟော...ပြောရင်းဆိုရင်း လာပြီလားမသိ'

သာယာနာပျော်ဖွယ် မရှိလှသော လေးဘီးကားလေး အသံကြားတော့ လေးနွယ်ခေါင်းထောင်သွားသည်။ စက်က တဝူးဝူး အော်ကာ ကိုယ်ထည်က ကျလိကျလိနှင့် သံစုံမြည်နေသော ကားအိုကလေးက ချိုင့်ခွက်များနှင့်ပြည့်နေသောလမ်းထဲသို့ တလူးလူး တလိမ့်လိမ့်နှင့် ဝင်လာပြီး အိမ်ရှေ့တွင် ရပ်သည်။

'ဟယ် အစ်ကိုကြီးရယ်'

ကားပေါ်မှ ခြင်းတောင်းတစ်ဖက်၊ အိတ်တစ်ဖက်ဆွဲပြီး ဆင်းလာသော အစ်ကိုကြီးကိုမြင်တော့ လေးနွယ်ပျော်သွားသည်။ သို့သော်လည်း 'ဒီမှာတည်းမလို့ ထင်တယ်'ဟု တစ်ဆက်တည်း စဉ်းစားမိတော့ အတော်လေး စိတ်ညစ်သွားသည်။

'အိမ်မှာ ခြင်ထောင်အပိုလည်းမရှိ၊ စောင် ခေါင်းအုံးလည်းမရှိ၊ ဘယ်လိုလုပ်ရပါ့မလဲ၊ ခွဲသိပ်ထားတဲ့ သားကြီးကိုပါ ငါတို့ ခြင်ထောင်ထဲ ပြန်ထည့်ပြီး၊ သားကြီးခြင်ထောင်ကိုပဲ ထောင်ပေးလိုက်ရရင်တော့ ဖြစ်ပါတယ်၊ အင်း ငါတို့ ခြင်ထောင်ထဲမှာတော့ သားကြီးရော၊ သားငယ် ရော အကန်အကျောက်က ကြမ်းပါဘိနဲ့၊ မနက်လင်းရင် ကိုယ်တွေ လက်တွေကို နာနေတော့မှာဘဲ'

စက်ထက်မြန်သော ဦးနှောက်က ချက်ချင်းပင် တဒင်္ဂဒင်္ဂနှင့် စဉ်းစားသည်။

www.burmeseclassic.com

www.burmeseclassic.com


လိုက်ရုံပဲ၊ အဲ ထမင်းမစားရသေးဘူးဆိုရင်တော့အခက်ပဲ၊ အိမ်မှာ ဘာဟင်းမှလည်း မရှိတော့ဘူး၊ ထမင်းလည်း နည်းနည်းပဲ ကျန်တယ်၊ တတ်နိုင်ပါဘူး၊ ထမင်းကို ဟိုဘက်ခန်းက လှမ်းတောင်းလိုက်မယ်၊ နောက်ပြီး ဘဲဥနှစ်လုံးလောက် ပြေးဝယ်ပြီး ကြော်ပေးလိုက်ရုံပေါ့၊ ဘုရားမလို့ လမ်းထိပ်က ကုန်စုံဆိုင်လေး မပိတ်ပါစေနဲ့ဦး၊ မအိပ်ပါစေနဲ့ဦး'

နေရာမှ အပြေးထကာ အစ်ကိုကြီးလက်ထဲမှ ခြင်းနှင့်အိတ်ကို ဆီးကြိုယူရင်း ဦးနှောက်က စီစဉ်သည်။ နှုတ်ကမူ 'အစ်ကိုကြီး ရထားနဲ့လာတာလား၊ နောက်ကျတယ်နော်၊ သားရေ ကိုဇော်၊ ရေအေးအေး တစ်ခွက်ခပ်ပြီး ဘဘဆီ ယူခဲ့စမ်း' ဟု ပြောသည်။

'ရထားက လမ်းမှာပျက်နေလို့ အဝင်နောက်ကျသွားတာ၊ ကားခတွေကလည်း ဈေးကြီးလိုက်တာဟာ၊ သုဝဏ္ဏကို ဘယ်လောက်တောင်း တယ် အောက်မေ့လဲ၊ ငါးဆယ်တဲ့ခင်ဗျ'

ဦးခင်မောင်က ထန်းလက်ကုလားထိုင် မာကြောကြောပေါ်တွင် သူ့တစ်ကိုယ်လုံး ပုံချလိုက်သည်။

'အဲဒီလောက်မှ မတောင်းရင်လည်း မကိုက်ဘူး အစ်ကိုကြီးရဲ့၊ ဓာတ်ဆီဈေးကကြီး၊ အုံနာဈေးကကြီး၊ တိုလီမိုလီအသေးအမွှား ပျက်တော့လည်း ကိုယ့်ဟာကိုယ်ပြုပြင်ဆိုတော့ ကိုယ့်အတွက် တစ်ည လေးငါးဆယ်ကျန်ဖို့ အတော်ပင်ပန်းရတာ၊ တစ်ခါတလေ လူပြတ်တဲ့လမ်းတစ်ယောက်တည်း လိုက်မိပြန်တော့လည်း အခက်၊ ခရီးသည်က ကိုယ့်ဆီက ပြန်လုသွားတာက ရှိသေး၊ မကြားမိဘူးလား၊ ပစ္စည်းလုရုံမကဘူး လူသတ်ပြီး ကားပါ လုသွားတာလေ၊ လုပ်ကိုင်စားရတာလည်း မလွယ်ပါဘူး အစ်ကိုကြီးရာ'

လေးနွယ်က ညည်းသည်။ ပြီးတော့မှ 'ဩော် အစ်ကိုကြီး

www.burmeseclassic.com

www.burmeseclassic.com


'ရေကလေး အလျှင်ချိုးလိုက်ချင်သေးတယ်ဟာ'

ဦးခင်မောင်က ဝါးခနဲ သမ်းသည်။

'တော်ပါသေးရဲ့၊ ညနေက ရေတစ်စည် ဝယ်ထားမိပေလို့'

လေးနွယ်က ကျိတ်ပြီး သက်ပြင်းချသည်။ မြို့သစ်၏ ရေဒုက္ခကို မြို့သစ်တွင်နေသူများသာ သိကြလိမ့်မည်ထင်သည်။

'မောင်ဦးရော မမြင်ပါလား'

'ကားထွက်ဆွဲတယ်လေ'

'ဟ နင်တို့တွေ စီးပွားရေးသောင်းကျန်းလှချေကလား၊ တိုက်ဆောက်တော့မလို့လား'

'အစ်ကိုကြီးကလည်း နော်၊ အစ်ကိုကြီးတို့အိမ်မှာရော၊ ဆီတစ်ပိဿာ ခြောက်ဆယ့်ငါးကျပ်၊ အာလူးတစ်ပိဿာ ကိုးကျပ်၊ ကြက်သွန်တစ်ပိဿာ တစ်ဆယ် ဝယ်သုံးနေရတာပဲ မဟုတ်ဘူးလား၊ မမစုကဘာမှ မညည်းဘူးလား၊ အစ်ကိုကြီးရတဲ့လခနဲ့ စားလောက်သလား၊ ကိုဦးက သုံးရာ့နှစ်ဆယ် စကေးဆိုတော့ သိပ်မဆိုးဘူးလို့ပြောရမှာပေါ့လေ'

လေးနွယ်က လေရှည်ကြီးနှင့် ပြောသည်။ ဦးခင်မောင်က လက်ကာရင်း 'တော်ပါတော့ဟာ ငါသိပါတယ်၊ နင့်ကို နှောက်တာပါ' ဟု ပြောသည်အထိ စကားကို မရပ်ချင်။

ဦးခင်မောင်က ဘာမှ ပြန်မပြောတော့ဘဲ ရယ်နေလေသည်။

ဦးခင်မောင် ရေချိုးခန်းထဲ ဝင်သွားတော့မှ လေးနွယ်သည် တစ်ဖက်ခန်းမှ ထမင်းကျန်ကို အားနာနာနှင့် တောင်းရသည်။ လျှပ်စစ်မီးဖိုလေး ကမန်းကတန်းဖွင့်ပြီး ဘဲဥကို မွှေ၍ ကြော်သည်။

'တော်သေးရဲ့ဟော့၊ ဒီနေ့ မီးလာပေလို့၊ မီးများမလာရင် မီးသွေးမီးဖိုကြီးပြန်မွှေးနေရရင်တော့ ဒုက္ခပဲ၊ ဟင်း ရေတွေလည်း ချိုးနေ

www.burmeseclassic.com

www.burmeseclassic.com


လေးနွယ်က ထမင်းပွဲပြင်ရင်းစဉ်းစားသည်။ အိပ်ငိုက်နေသော သားကြီးကို 'သား သွား၊ မေမေတို့ခြင်ထောင်ထဲမှာပဲအိပ်၊ ညီလေးနား သိပ်မကပ်နဲ့၊ မင်းတို့နှစ်ကောင်လုံးကအအိပ်ကြမ်းကြမ်းနဲ့၊ တစ်ယောက် နဲ့တစ်ယောက် ကန်ကျောက်နေကြဦးမယ်' ဟု ပြောတော့ သားကြီးက နာခံ၍ အေးဆေးစွာ အပေါ်ထပ် တက်သွားသည်။ အသက်ရှစ်နှစ် ပြည့် ပြီး ဖြစ်၍ မိဘ၏အခက်အခဲကို အတန်ငယ် နားလည်နိုင်စွမ်း ရှိလာပြီ ထင်သည်။ သားငယ်သာဆိုလျှင်တော့ 'သားခြင်ထောင်နဲ့ သားအိပ်မယ်၊ မေမေတို့နဲ့ အိပ်ဘူး၊ အဲဒီဘဘကြီးကို ပြန်ခိုင်းလိုက်'ဟု ပြောကာ ငိုလိမ့် မည်ထင်သည်။

ထမင်းပွဲက များများစားစား ပြင်စရာမရှိ။ ထမင်းတစ်ပန်း ကန်၊ ဘဲဥကြော်တစ်ပွဲ၊ ငါးပိရည်ကျဲကျဲတစ်ခွက်နှင့် ကစွန်းရိုး နီပြုတ် ကလေး ငါးပင်၊ သခွားသီးက နှစ်စိတ်သာဖြစ်သည်။ ရေနွေးကြမ်းအိုး နှင့် ရေနွေးကြမ်းပန်းကန်လုံးပါချပြီး အားဖြည့် ထားသော်လည်း တယ် ပြီး မြိုင်မြိုင်ဆိုင်ဆိုင် မရှိလှချေ။

'ငါတို့ငယ်ငယ်တုန်းက မေမေဈေးက ပြန်လာရင် ပုစွန်တွေ နှိုက်ပြီး မီးဖုတ်စားကြတာ သတိရတယ်၊ နောက်ပြီး အာလူးတွေရော၊ အစ်ကိုကြီးက အာလူးမီးဖုတ်ဆိုရင် သိပ်ကြိုက်တာ၊ အစ်ကိုလေးက တော့ ကြက်သွန်ဖြူဥတစ်လုံးတွေကို မီးအုံးပြီး 'ချိုတယ်ဟ၊ နောက်ပြီး အီးပေါက်တယ်ဟ' နဲ့ ပြောပြောပြီး ကျွေးတာလေ။တစ်ခါတုန်းကတော့ ရွှေဂုက်ပျောသီးကြီး တစ်ဖီး လုံးကို သုံးယောက်သားခိုးပြီး ထပ်ခိုးပေါ် တက်စားကြတာ၊ အစ်ကိုလတ်ဆို ဗိုက်ကြီးအင့်ပြီး ပက်လက်လှန် အိပ် နေ ရသေးတယ်၊ နောက်ပြီး တစ်ယောက်အိမ်ကို တစ်ယောက် အိမ် လည်တမ်းကစားကြတာရော သိပ်ပျော်စရာကောင်းတာပဲ၊ အဲဒီတုန်းက

www.burmeseclassic.com


အိပ်ပါရှင့်၊ ဒါကလေးသုံးဆောင်လိုက်ပါဦးရှင့်’နဲ့ ကြောင်အိမ်ထဲကခိုး လာသမျှကို ပန်းကန်သေးသေးလေးတွေထဲ ထည့်ကျွေးရတာ သိပ်ပျော် တာပဲ၊ အခုလည်း ငယ်ငယ်တုန်းက ငါတို့ကစားသလိုပဲ ကြွပါရှင့်၊ လာပါရှင့်၊ သုံးဆောင်ပါရှင့်နဲ့ ပြောနိုင်ရင် ဘယ်လောက်ကောင်းမလဲ၊ အခုတော့ မီးဖိုချောင် ငဲ့ကြည့်ရ၊ ပိုက်ဆံအိတ် ငဲ့ကြည့်ရနဲ့’

လေးနွယ်အရှည်ကြီး စဉ်းစားမိပြန်သည်။ ‘ဟင်း ကြည့်ရတာ မှ ရေချိုးခန်းထဲက ရေက အစ၊ အိမ်သာသုံးတဲ့ စက္ကူအစ ငဲ့ကြည့်နေရ တာ ရှင်ရေ၊ အကုန်လုံး ပိုက်ဆံချည်းပဲ’ ဟု အသံထွက်ပြီး ညည်းလာချင် စိတ်ပင် ပေါက်လာသည်။

အစ်ကိုကြီးထမင်းစားနေစဉ် အပေါ်ထပ်မှ ခြင်ထောင်ကို ယူ လာပြီး၊ အိမ်ရှေ့ကွပ်ပျစ်တွင် ထောင်ပေးသည်။ အောက်မှ ဖျာက အနား အနည်းငယ်စုတ်နေသော်လည်း မတတ်နိုင်။ နောက်ဖျာတစ်ချပ်က ပို၍ ပင် စုတ်သေးသည်။ ခေါင်းအုံးကတော့ သူ့ခေါင်းအုံးကိုပင် ခေါင်းအုံးစွပ် အသစ်လဲကာ ပေးလိုက်သည်။ စောင်ကတော့ ရှုံ့ရှုံ့စော် နည်းနည်းနံ သည်။ သားငယ်က ငါးနှစ်ကျော်ပြီ ဖြစ်သော်လည်း သေးမပြတ်သေး၊ သူ့ ရှုံ့ရှုံ့မပန်းဖူးသော စောင်မရှိချေ။

ဆယ်နာရီထိုးလုနီးမှ ကိုဦးပြန်ရောက်လာသည်။ ‘ဟာ အစ်ကို ကြီး ရောက်နေလား၊ အလုပ်ကိစ္စလာတာလား၊ မမစုရော နေကောင်းရဲ့ လား ခင်ဗျ’ဟု ပျူပျူငှာငှာ နှုတ်ဆက်သော်လည်း သူ ချိုးစရာရေက စည်ပိုင်းဖင်ကပ်သာ ကျန်တော့သဖြင့် အတန်ငယ် မျက်နှာပျက်ချင်သည်။

‘ပင်ပန်းတယ်ဗျာ၊ အိပ်တော့မယ်’ ဟု အကြောင်းပြပြီး အိပ်ရာ စောစောဝင်သွားလေသည်။

‘အစ်ကိုကြီးရော အိပ်တော့လေ’

www.burmeseclassic.com

www.burmeseclassic.com


'စောင်ကတော့ သေးစော်နည်းနည်းနံတယ်'

'ငါတို့ အိမ်မှာလည်း မထူးပါဘူးဟာ'

ဦးခင်မောင်က ခြင်ထောင်ထဲဝင်ရင်း 'ရထားကလည်း ခုန်သလား မမေးနဲ့၊ လူ့ကို ကိုင်ရိုက်ထားတဲ့ အတိုင်းပဲ' ဟု ပြောသည်။

လေးနွယ်က မီးမပိတ်ခင် 'အစ်ကိုကြီးရော သူ့ဌေးမဖြစ်သေးဘူးလား' ဟု နောက်နောက်ပြောင်ပြောင် ပြောသည်။ ဦးခင်မောင်က ပြက်လုံးကောင်းတစ်ခု ကြားရသလို ရယ်သည်။ 'ငါလား စုထားလိုက်တဲ့ ပစ္စည်း နည်းတာမဟုတ်ဘူး၊ အိမ်နောက်ဖေးက တွင်းထဲမှာချည်းပဲ' ဟု ပြောလေသည်။

လေးနွယ်ခြင်ထောင်ထဲရောက်တော့ ကိုဦး အိပ်ပျော်နေချေပြီ။ သားငယ်လေးကမူ ကိုယ်ပူကျပြီး ချွေးအတန်ငယ် စို့နေသည်။

'တော်သေးရဲ့ဟဲ့၊ သွေးလွန်တုပ်ကွေးတော့ မဟုတ်နိုင်ပါဘူး' ဟု စိတ်သက်သာရာရမိစဉ် သားကြီးက 'မေမေရာ၊ ဘကြီးကလည်း မန္တလေးကနေတစ်ဆင့် လာတာပဲဟာ ထိုးမုန့်လေး၊ လမုန့်လေးတောင် ဝယ်မလာဘူး' ဟု အိပ်ချင်မူးတူး ပြောသည်။

'နင့် ထိုးမုန့်တွေ လမုန့်တွေက ဘယ်ဈေးဖြစ်နေပြီလဲမှ မသိတာ၊ ဝယ်နိုင်မလားဟဲ့'

လေးနွယ်က ကလေးကို ငေါက်လိုက်သော်လည်း စိတ်ထဲမှမူ 'ဟုတ်ပါရဲ့ အစ်ကိုကြီးကလည်း အနည်းဆုံးတော့ မစီမာ ဆီးသီးထုပ်ဖြစ်ဖြစ်ပေါ့၊ ပါလာဖို့ ကောင်းပါတယ်' ဟု တွေးမိသည်။

'သူတို့တွေလည်း ချမ်းသာနေလောက်ပါပြီ၊ မမစုက အထိန်းအသိမ်း အစုအဆောင်း ကောင်းတယ်၊ အစ်ကိုကြီးကလည်း ချွေတာတတ်တယ်၊ တကယ်ဆို ကိုယ့်ညီမလေးပဲ၊ နှစ်ထောင်မျိုး သုံးထောင်မျိုး အရင်းအနှီးလေး ထုတ်ပေးရင် ဘယ်လောက် ကောင်းမလဲ၊ အိမ်မှာရှိမှာ

www.burmeseclassic.com

www.burmeseclassic.com


အလှကုန်လေးအစ အိမ်သုံးဆေးလေးအစ ရောင်းရရင် အိမ်အလုပ်လည်း မပျက်၊ အမြတ်အစွန်းလည်း ရ၊ ဟန်ကိုကျနေမှာ'

လေးနွယ် လက်မောင်းခေါင်းအုံးအိပ်ကာ တွေးရင်း အိပ်ပျော်သွားသည်။ အိပ်မက်ထဲတွင် အစ်ကိုကြီးက ပိုက်ဆံ တစ်ထပ်ကြီး ပေးသည်ဟု မက်လေသည်။

နောက်တစ်နေ့မနက်တွင် အိပ်ရာမှနိုးနိုးချင်း မျက်စိနှစ်လုံးမပွင့်မီ လေးနွယ်၏ဦးခေါင်းထဲသို့ ရောက်နေကျအတွေးက ပြေးဝင်လာသည်။

'ဒီနေ့ ဘာဟင်းချက်ရပါ့မလဲ'

လေးနွယ်က ထိုအတွေးကြီးကို ပြန်ပြီးတွန်းထုတ်ရန် ကြိုးစားသော်လည်း မအောင်မြင်။ ခြေရင်း ခေါင်းရင်း ပြောင်းပြန် ဖောက်ထိုးမိုးမျှော် အိပ်နေကြသော သားနှစ်ကောင်ကို စောင်ခြုံပေးပြီး အိပ်ရာမှထသည်။ ကိုဦးကတော့ နံရံဘက်လှည့်ပြီး ခပ်ကွေးကွေး အိပ်နေသည်။

မျက်နှာသစ် သနပ်ခါးရေကျဲပွတ် ဆံပင်ကို တစ်ပတ်လျှိုဆွဲ ထုံး၊ အတန်ငယ်လတ်သည့် အင်္ကျီလဲ၊ ထိုအလုပ်များကို ဇယ်ဆက်သလို လုပ်ပြီး၊ လေးနွယ် ကိုဦး၏အင်္ကျီအိတ်ထဲ နှိုက်ရသည်။ ဆယ်တန်ငါး ရွက်၊ ငါးကျပ်တန်သုံးရွက်တွေ့ရ၍ ပျော်သွားသည်။

'ဘာစားမလဲ အစ်ကိုကြီး'

'လွယ်တာ ချက်ပါဟာ'

အစ်ကိုကြီးက ခြင်ထောင်ကို ဖြုတ်သိမ်းနေသည်။

'လွယ်တာတော့ ဘာမှ မလွယ်ဘူး အစ်ကိုကြီးရေ့၊ အကုန်ပိုက်ဆံခဲချည်းပဲ' လေးနွယ်က စိတ်ထဲမှ ပြောသည်။

'ရှော့ပေ့ ဈေးဖိုး၊ ကြက်သားလေး ဝယ်ခဲ့ကွာ' ဆိုပြီး အစ်ကို

www.burmeseclassic.com

www.burmeseclassic.com


တန် နှစ်ရွက်လောက် ပေးလိုက်တော့ ဘာဖြစ်တတ်လို့တုံးဟု ဆက်၍ စဉ်းစားသည်။ သို့သော် သူ့အစ်ကို ဦးခင်မောင်ကမူ ထိုသို့ စဉ်းစားမိဟန် မတူချေ။

ဈေးဘက်သို့ ခပ်သုတ်သုတ်လျှောက်လာစဉ်အေးအေးလွင်တို့ အိမ်ရှေ့ကျတော့ ကလေးတွေ ကစားနေသည်ကို တွေ့ရသည်။ အေးအေးလွင်၏သမီး အကြီးမလေးက ဒန်အိုး၊ ဒယ်အိုးသေးသေးလေးများ ထဲတွင် သစ်ရွက်တွေကို လှီးထည့်ထားသည်။ တုတ်ချောင်းသေးသေးလေးနှင့် ထိုးမွှေနေသည်။ သားအငယ်ကောင်က 'ကြက်သား၊ ဝက်သား၊ ဘဲသား၊ ပုစွန်၊ ငါးသလောက်ပေါင်း၊ အမဲနှပ်၊ ငါးဖယ်သုပ်ရမယ်၊ ခရမ်း သီးနှပ်၊ ချဉ်ပေါင်ကြော်ရမယ်' ဟု ဘေးကနေပြီး အော်နေသည်။ 'ဩော် ဘုန်းဘုန်း ဘုရား ကန်တော့ဆွမ်းပါဘုရား၊ ဟိုကအစ်မကြီး ဘာဟင်းနဲ့ သုံးဆောင်မှာလဲ၊ ဒီဘက်စားပွဲမှာ နေရာရှိတယ်' ဟု ဆက်အော်တော့ လေးနှယ် ပြုံးမိသည်။

အေးအေးလွင်၏အစ်မတစ်ယောက်က မြို့ထဲတွင် ထမင်းဆိုင်ဖွင့်ထားသည်ဟု ကြားဖူးသည်။ ကလေးတွေကလည်း သူတို့မြင်သမျှ ကြားသမျှကို အတုမြင် အတတ်သင်ကြဟန် တူသည်။

'ချိုင့်ထဲ ထည့်ပေးလိုက်တော်ရှေ့၊ အိမ်မှာဧည့်သည်ရောက်နေလို့'

သမီးအလတ်မက ကစားစရာ ဒန်ချိုင့်သေးသေးလေးကို လှမ်း ပေးသည်။

'ဘာဟင်းနဲ့ ထည့်ရမလဲ အစ်မကြီး၊ ကြက်သား ဝက်သား ဘဲသား ပုစွန်'

'ဘာအပေါ်ဆုံးလဲ'

အလတ်မက ဟင်းရွက်များကို ကုန်း၍ကြည့်သည်၊ သက်ပြင်း

www.burmeseclassic.com

www.burmeseclassic.com


'ပေါ်တာကိုပဲထည့် ပေါ်တာကိုပဲထည့်'

'ဧည့်သည်ကျွေးတာပဲ အစ်မကြီးကလည်း၊ပိုက်ဆံအကုန်ခံပြီး ကောင်းကောင်းလေးကျွေး'

'အို အကုန်မခံနိုင်ဘူးတော်ရေ့၊ ကုန်စရာလည်းမရှိဘူး၊ ငါ လည်း ပေါ်ပေါ်ပဲ စားရတာ၊ ဧည့်သည်ကိုလည်း ပေါ်ပေါ်ပဲကျွေးရမှာပဲ'

အလတ်မက ခေါင်းတယမ်းယမ်း လက်တယမ်းယမ်းနှင့် မျက်နှာကိုရှုံ့ကာပြောသည်။ ဒီအပြောတွေ ဒီအမူအယာတွေကိုသူ့အမေ ဆီမှ တိုက်ရိုက်ကူးယူထားရော့သလားဟု လေးနွယ်တွေးမိလေသည်။

အကြီးမက ချိုင့်ထဲသို့ သေးသေးနုပ်နုပ်လှီးထားသော မြက် များ ထည့်ပေးသည်။ သူက 'ရော့ ပိုက်ဆံ' ဟု ဟန်ဆောင်ပေးသည်။ ကလေးဆောင်းထီးအစုတ်ကလေးကို ချိုင်းကြားညှပ်ကာ ချိုင့်ပေါက်စန လေးကိုဆွဲပြီး ပြန်လှည့်သွားသည်။

အငယ်ကောင်က 'ကြက်သား၊ ဝက်သား၊ ဘဲသား၊ ပုစွန်'ဟု ဆက်၍ အော်နေစဉ် လေးနွယ်လည်း ခြင်းတောင်းပေါ့ပေါ့လေးကို လေး လံစွာဆွဲရင်း ဈေးဘက်သို့ ဆက်၍ လျှောက်လာသည်။ ဟိုဘက် ဒီ ဘက်ကို မကြည့်တော့ဘဲ မြေကြီးကိုသာ ငုံ့ကြည့်လာသည်။

'ကြဲကြဲဖန်ဖန် ကစားလည်း ကစားတတ်တဲ့ ကလေးတွေ' ဟု တွေးရင်း ပြုံးမိသော်လည်း ရင်ထဲတွင်ကား ငိုချင်နေလေသည်။

(ပန် ၁၉၈၇ စက်တင်ဘာ)

www.burmeseclassic.com

www.burmeseclassic.com

မောင်ဗိုက်မှာ



www.burmeseclassic.com

www.burmeseclassic.com

မိုး တစိမ့်စိမ့် ရွာနေသည်။

မှုန်မှုန်ဖွဲဖွဲလေးကျနေသော မိုးစက်မိုးမှုန်လေးများသည် မှန်ပြတင်းကို မထိတထိ တို့ခတ်သွားကြသည်။ ရေငွေ့ရိုက်သဖြင့်တဖြည်းဖြည်း မှုန်လာသောပြတင်းမှ မှန်ချပ်ကို မိငယ်သည် ငြိမ်ငြိမ်လေး ထိုင်ကာ ငေးကြည့်နေသည်။ ရင်ထဲတွင် ဟာကာ ဆာနေသော်လည်း ဘာကိုမှလည်း စားချင်စိတ် မရှိချေ။ လက်ကိုလည်း မမြှောက်ချင်၊ ကိုယ်ကိုလည်း မလှုပ်ချင်၊ လူတစ်ကိုယ်လုံး နုံးပြီး ပျော့နေသည်။

"မိငယ်"

နောက်ဘက်ခုံတန်းမှ ကြည်ကြည်ဝေက တိုးတိုးလေး ခေါ်သည်။

"နင် အိမ်စာတွေ ပြီးပြီ မဟုတ်လားဟင်"

"ဘာအိမ်စာတွေလဲ"

"သင်္ချာလေ"

"အင်း ပြီးပြီ"

"ငါ့ကို ခဏပေးစမ်းပါဟာ"

"ဘာလဲ နင် ကူးချမလို့လား"

www.burmeseclassic.com

www.burmeseclassic.com


"အေး"

"နင်ကလည်းဟာ အမှားချင်းတူနေရင် တီချယ်ဆူနေဦးမယ်"

မိငယ်က မျက်မှောင်လေး မသိမသာကြုတ်ကာ ပြောတော့ ကြည်ကြည်ဝေ မျက်နှာငယ်သွားသည်။ ထို့နောက် သက်ပြင်းချကာ ပြောသည်။

"အသေးလေးရယ် နင်တွက်ရင် အမြဲမှန်တာပဲဟာ၊ ဘယ်တုန်း ကမှ မှားဖူးလို့လဲ၊ တော်ကြာနေ ကျောင်းတက်တော့ အိမ်စာတွေ ထပ် ခိုင်းတော့မယ်၊ ငါ တစ်ပုဒ်မှ မထွက်ခဲ့ရလို့ပါ၊ ခုမှ တွက်ရင်လည်း မီ မှာ မဟုတ်ဘူး၊ ကြာနေဦးမယ်"

"နင် ဘာလို့ အိမ်က မတွက်ခဲ့တုံး"

ကြည်ကြည်ဝေသည် မိငယ်လောက် စာမတော်သော်လည်း တော်တော့တော်သည်ပင်။ အတန်းထဲတွင် သင်္ချာပြိုင်တွက်လျှင် တစ်ခါ တစ်ရံ သူကပင် အလျင် ပြီးတတ်သည်။ သို့သော် အိမ်စာမို့ ပေးလိုက်လျှင်တော့ ပြီးအောင် လုပ်မလာတတ်ပေ။

"အမေဖျားနေတယ်ဟာ၊ အဖေကလည်း ဝမ်းတွင်းသဲတောမှာ အထည်သွားကောက်တာ ပြန်မလာသေးဘူး၊ မောင်လေးကိုရော၊ ညီမလေးကိုရော ငါနဲ့အတူသိပ်ရတာ၊ အမေ့ဆီက အဖျားကူးမှာ စိုးလို့လေ။ အိပ်ရေးပျက်တယ်ဟာ တော်ကြာ အီးထပါလိုက်၊ တော်ကြာ ရှူရှူတည်ရ၊ တော်ကြာ ရေသောက်ချင်တယ် ပြောလိုက်နဲ့ ရှုပ်နေတာပဲ။ ဒီကြားထဲ အမေက သောင်းလို့ ကိုက်လို့ ညည်းနေတော့ နင်းနှိပ်ပေးရသေးတယ်။ ငါ့မှာဖြင့် နင့်အိမ်စာတွေကို တွက်ဖို့နေနေသာသာ ယားလို့တောင် မကုတ် အားဘူး။ ဒီနေ့တောင် ကျောင်းမတက်ရတော့ဘူး ထင်နေတာ၊ ကြီးကြီးမေ ရောက်လာလို့ ငါ ကျောင်းမပျက်တာ"

မိငယ် ချက်ချင်းစိတ်ပျော့သွားသည်။ 'ကူးရင်လည်းကူးပါစေ

www.burmeseclassic.com

www.burmeseclassic.com


တော့လေ၊ သူ မတွက်တတ်လို့ ခိုးချတာမှ မဟုတ်ဘဲ၊ အချိန်မရှိလို့ မတွက်ခဲ့ရတာပဲ' ဟု တွေးရင်း သင်္ချာလေ့ကျင့်ခန်း စာအုပ်ကလေးကို အလွယ်တကူ ထုတ်ပေးလိုက်လေသည်။

ဆရာမက အိမ်စာတွေ လုပ်မလာလျှင် ရိုက်တတ်သည်။ "စတုတ္ထတန်းနော်၊ အစိုးရစစ်၊ သိရဲ့လား၊ ပေါ့တီးပေါ့ဆလုပ်မနေနဲ့"ဟု ဆူတတ်သည်။ "မိမိငယ်နဲ့ ယမင်းခင်လို စာတော်အောင် ကြိုးစားကြပါလား" ဟု စံပြုပြီး ပြောသောအခါများတွင်ကား မိငယ်သည် ရင်ထဲတွင် ဘုရားပွဲလှည့်နေသော်လည်း ခေါင်းကုတ်ရတော့မလိုလို၊နှာခေါင်းပွတ်ရတော့မလိုလိုနှင့် အနေရ အထိုင်ရ ခက်လှသည်။ ယမင်းခင်လို ပြုံးပြုံးလေးနေတတ်အောင် ကြိုးစားသော်လည်း မအောင်မြင်ပေ။

"သူတို့နှစ်ယောက်ကတော့ ရင်ပေါင်တန်းပြီး ပြေးနေကြတာပဲ၊ သူက နည်းနည်းကျော်လိုက်၊ ငါက နည်းနည်းသာလိုက်နဲ့ မနှစ်ကတည်းက တစ်လဲစီ ပထမရနေကြတာ ဉာဏ်ရည်ချင်းတူတော့ ဝီရိယသာတဲ့ လူက ကျော်သွားတာပဲ"

ဆရာမကပြောလေသည်။ မိငယ်နှင့် ယမင်းခင်သည် ဉာဏ်ရည်ချင်း၊ စာတော်တာချင်းတူသော်လည်း လူချင်းကတော့ လုံးဝမတူပေ။ မိငယ်က ပိန်ပိန်သေးသေးညှက်ညှက်ဖြစ်သည်။ယမင်းခင်ကတော့ အသားဖြူဖြူပါးစုန့်ဖောင်းဖောင်းနှင့် ဝဝတုတ်တုတ်လေးဖြစ်သည်။

သူငယ်ချင်းများက မိငယ်ကို 'အသေးလေး'ဟုခေါ်ကြသည်။ ယမင်းခင်ကိုတော့'ဆင်ပေါက်'ဟုအမည်ပေးထားကြလေသည်။အတန်းထဲတွင် အပြောင်အပြက် အပြောတတ်ဆုံးဖြစ်သော သက်ထားနွယ်ကမူ ယမင်းခင်ကို 'ယမင်းဆင်' ဟု ခေါ်လေသည်။

"သူတို့က ဆင်မျိုးတဲ့၊ သူကလည်း ဆင်ပေါက်၊ သူ့အဖေကော လည္ဆဆင်ကြီးမဟုတ်လားဟု အ

www.burmeseclassic.com

www.burmeseclassic.com


သဘောကျစွာရယ်သည်။ ထို့နောက် "ငါက အသားဖြူတော့ ဆင်ဖြူ နော်"ဟု ပြောလေသည်။

"ဟင်း တူတယ်ဟေ့၊ တူတယ်ဟေ့"

သူ့ဘေး မငြိမ်းလတ်က လက်ခုပ်တီးကာ ထအော်တော့ မိငယ် လန့်သွားသည်။ တွေးလက်စအတွေးက ဖြတ်ခနဲ ပြတ်ကာ လွင့် သွားသည်။

ငြိမ်းလတ် ကြည့်သည်ကို လိုက်ကြည့်လိုက်တော့ ကျောက် သင်ပုန်းကို အဝတ်ရေဆွတ်ပြီး ပွတ်ဖျက်နေသော သက်ထားနွယ်ကို တွေ့ရသည်။ ကျောက်သင်ပုန်းဖျက်သည်ကို ကောင်းကောင်းမဖျက်ဘဲ 'ပန်းစကား'ရုပ်ရှင်ထဲမှ ကျော်ဟိန်း၏အမူအရာမျိုးလုပ်နေသောကြောင့် တအုန်းအုန်းနှင့်ပွဲကျနေကြသည်။ သူ့ကြည့်ရသည်မှာ ရယ်စရာကောင်း လွန်းသောကြောင့် မိငယ် လိုက်ရယ်မိသော်လည်း ခါတိုင်းလို စိတ်မရွှင် လှချေ။

"မိငယ်" ကြည်ကြည်က ခေါ်ပြန်သည်။

"ဟင်"

"နင် နေမကောင်းဘူးလား"

"တစ်မျိုးကြီးပဲ၊ ခေါင်းထဲမှာ အုံအုံခဲခဲကြီး၊ တစ်ကိုယ်လုံး လည်း ညောင်းနေတယ်"

"ဗုဒ္ဓေါ ရေ၊ နင်တော့ တုပ်ကွေး ကွေးတော့မယ် ထင်တယ်"

"အင်း ကွေးတော့မလား မသိဘူး"

မိငယ်က သူ့နဖူးသူ စမ်းကြည့်ရင်း ညောင်နာနာပြောသည်။ အိမ်မှာတော့ သူက စပြီး ဖျားတော့မည်ထင်သည်။ တုပ်ကွေးကွေးလျှင် အနည်းဆုံး သုံးလေးရက်တော့ ကျောင်းပျက်တော့မည်မို့ မိငယ် စိတ် ညစ်သည်။ ဒီလိုသာ ကျောင်းပျက်လိုက်လျှင် ယှဉ်လျက်ပြေးနေသော

www.burmeseclassic.com

www.burmeseclassic.com


ယမင်းခင်က သူ့ကို အသာလေး ကျော်တက်သွားမည်ဖြစ်သည်။

"ဘယ်သူ ကွေးမှာလဲဟင်"

သူတို့အနားရောက်လာသော ယမင်းခင်က ဝင်မေးသည်။

"ငါလေ၊ ကွေးများကွေးတော့ မှာလားလို့"

"ဘာဖြစ်နေလို့လဲ"

"ခေါင်းတွေ အုံနေလို့ပါဟာ"

မိငယ်သည် ယမင်းခင်ကိုက်စားနေသော ပန်းသီးနီနီလေးဆီ မှနေပြီး သူ့မျက်လုံးကို ကြိုးစားပြီးလွှဲလိုက်သည်။ မျက်လုံးကို လွှဲဖယ် လိုက်နိုင်သော်လည်း သင်းသင်းလေး မွှေးနေသော ရနံ့ကိုတော့ မရှူဘဲ မနေနိုင်။

"အဲဒါဆိုရင်လေ ကိုးလ်တက်ပလက်နဲ့ ပါရာစင်တမောနဲ့ ဘာ မီတွန်ရောပြီး သောက်လိုက်၊မာမီဆိုရင်အဲဒီလိုပဲသောက်ခိုင်းတယ်"

ယမင်းခင်ကပန်းသီးကိုအသံမြည်အောင်ကိုက်စားလိုက် တော့ မိငယ်သည် ဖြတ်ခနဲ ကြည့်မိပြန်သည်ထို့နောက်မျက်လုံးကိုဖြတ် ခနဲ လွှဲဖယ်လိုက်ကာ–

"ငါလေ ဘာကိုမှလည်း စားချင်စိတ် မရှိဘူး"ဟု မဆီမဆိုင် ပြောရင်း တံတွေးကို မသိမသာ မျိုချလိုက်သည်။

"ကော်ဖီတောင် မသောက်ချင်ဘူးလားဟင်"

"ဟင့်အင်း"

မိငယ်က ရောယောင်ပြီး ခေါင်းခါလိုက်သည်။ တကယ့် တကယ်တော့ မိငယ်တို့အိမ်တွင် ကော်ဖီမဖျော်သည်မှာပင် အတော်ကြာ ပေပြီ။ ညှော်သည် လာလျှင်လည်း ရေနွေးကြမ်းနှင့် ထန်းလျက်ခဲသာ ထွက်လာတတ်လေသည်။

"နင် ကော်ဖီ မသောက်ချင်ရင် အိုဗာတင်း သောက်ပါလား"

www.burmeseclassic.com

www.burmeseclassic.com


"ဟင်"

"မာလ်တိုဗာလည်း ကောင်းတာပဲ"

"ဟုတ်လား"

မိငယ်က အူကြောင်ကြောင်နှင့် သံယောင်လိုက်ကာ ခေါင်းညိတ်ပြန်သည်။ မိငယ်အသက် ၁၀ နှစ်ပင် ကျော်ခဲ့ပြီ။ အိုဗာတင်းကို သုံးလေးငါးခါ သောက်ဖူးသော်လည်း မာလ်တိုဗာဆိုတာကိုတော့ ဘာမှန်းပင်မသိ။

"ဒါပေမယ့် ငါတော့ ကော်ဖီပဲ ကြိုက်ပါတယ်၊ အိုဗာတင်းတို့ ဟောလစ်တို့က အီလွန်းလို့"

ယမင်းခင်က ကျန်သမျှပန်းသီးစိတ်လေးကို ပါးစပ်ထဲအကုန်ထည့်လိုက်သည်။ မိငယ်လည်း သက်ပြင်းကို အသာချလိုက်လေသည်။ ပန်းသီးနံ့ မွှေးမွှေးလေးကို ရှူလိုက်ရသောကြောင့်လားတော့မသိ။ခေါင်းထဲတွင်အုံအုံခဲခဲဖြစ်နေသည်ပင် အတန်ငယ်သက်သာသွားသည်ဟု ထင်မိသည်။

"ရော့ အသေးလေး၊ ငါတော့ တက်သုတ်ရိုက်ပြီး ကူးချလိုက်တာပဲ"

ကြည်ကြည်ဝေက သင်္ချာလေ့ကျင့်ခန်း စာအုပ်ကလေးကို ပြန်ပေးသည်။ အခုမှပင် စိတ်အေးသွားဟန်ဖြင့် မျက်နှာရွှင်လာသည်။

"ဩော် ငါမေ့နေလို့ ငါ့မှာဆေးပါတယ်။ နင်သောက်မလား အသေးလေး"

"ဘာဆေးလဲဟင်"

"ပါရာစင်တမော"

ကြည်ကြည်ဝေကကွန်ပါဘူးထဲမှစက္ကူထုပ်ကလေးကို လှမ်းယူသည်အသာဖြန့်လိုက်တော့ဆေးပြားဖြူဖြူလေးသုံးပြားကိုတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com


"ငါတော့ အမေ့ဆီက အဖျားကူးတော့မှာပဲဆိုပြီး လိုလို မည် မည်ယူထားတယ်၊ ရော့ တစ်ပြားသောက်လိုက်၊ ခေါင်းကိုက် ပျောက် သွားအောင်"

"ခေါင်းကိုက်တာ သက်သက်ဆိုရင် အင်နာဂျက်ဆင်က ပို ကောင်းတယ်ဆို၊ မာမီပြောတာပဲ၊ အစာကလေး ကော်ဖီကလေးနဲ့ တွဲပြီး သောက်တဲ့"

ယမင်းခင်ကပြောသည်။ ကျောင်းတက်ခါနီးပြီမို့ သူ၏ ကျော ပိုးအိတ်ထဲမှ နှစ်ထပ်ကွန်ပါဘူးလေးနှင့် ပလတ်စတစ် ပေတံ အပြာ ရောင်လေးကို ထုတ်ကာ ခုံပေါ်တွင် အသင့်တင်ထားလိုက်သည်။

"အင်နာဂျက်ဆင်တစ်လုံးကိုနှစ်ကျပ်ပေးရတယ် ယမင်းရဲ့၊ ဒီ ပါရာစင်တမောက ဘီပီအိုင် မဟုတ်ဘူး၊ တရုတ်ဆိုတော့ တစ်လုံးမှ တစ်မတ်ရယ်"

"ဟင် နင်ကလည်း မဟုတ်တာ၊ အင်နာဂျက်ဆင်က အဲဒီ လောက် ဈေးမကြီးပါဘူး"

ယမင်းခင်က အံ့သြသလို ပြောသည်။ ကြည်ကြည်ဝေက ယမင်း ကို စိတ်မရှည်စွာကြည့်ရင်း မျက်စောင်းထိုးသည်။ ကျန်သော ဆေးပြား လေးနှစ်ပြားကို စက္ကူနှင့်ပြန်ထုပ်ပြီး သံကွန်ပါဘူးထဲသို့ ခပ်ဆောင့် ဆောင့် ပြန်ထည့်လိုက်သည်။

"နင်တို့ကတော့ နင်တို့ကိုး၊ ဘယ်ဈေးကြီးမှာလဲ ယမင်းခင်ရဲ့၊ နင်တို့ဝယ်တဲ့ဆိုင်မှာ ငါတို့မဝယ်ရတာလည်း နင်သိသားနဲ့၊ အခုအမေ ဖျားနေရင်း ချောင်းဆိုးလို့ သောက်နေရတဲ့ ဆေးတောင့်လေးတွေလေ၊ ဘာပါလိမ့် အင်ပါဘာဆိုလား၊ အဲ အဲ အင်ပါစလင်ကျတော့တစ်တောင့် ကို နှစ်ကျပ်ခွဲ၊ ကြီးကြီးမေ မိုက်နာရင် သောက်တဲ့ ဆေးပြား ဖြူဖြူလေး တွေကျတော့ တစ်လုံးကို ငါးမတ်တစ်ကျပ်ခွဲ၊ ငါက အမေနဲ့အတူ ဆေး ဝယ်ရင် လိုက်လိုက်သွားရလို့ သိနေတာ"

www.burmeseclassic.com

www.burmeseclassic.com


ဒိုးဒိုးဒေါက်ဒေါက်ပြောသောကြည်ကြည်ဝေကို ယမင်းခင်က မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နှင့် ငေးကြည့်နေသည်။

"မောင်လေးနဲ့ ညီမလေးကိုတောင် အမေက ဘားပလက် အရည် မတိုက်တော့ဘူး၊ ထမင်းရည်သောက်လည်း အားရှိတာပဲတဲ့၊ ထမင်းရည်ထဲမှာ ဗီတာမင်အပြည့် ပါတယ်တဲ့"

မီးငယ်က ဆေးပြားလေးကို အာခေါင်ထဲ ထည့်ပြီးမှရေဘူးထဲ က ရေကို သောက်လိုက်သည်။ ဆေးလေးက လျှောလျှောလျူလျူ မဆင်းသွားဘဲ လည်ချောင်းဝတွင် တစ်နေ၍ လက်နှင့်အသာသပ်ချရ သည်။

"သင်္ချာအိမ်စာတွေ လာထပ်ကြပါ"

အတန်းခေါင်းဆောင် စုစုလင်း၏အော်သံနှင့်အတူ ကျောင်း တက်ခေါင်းလောင်းထိုးသံကို ကြားရသည်။ ဆူညံနေရသည့် အထဲတွင် သက်ထားနွယ်က သီချင်းတစ်ပုဒ်ကို အမူအယာနှင့် ဆိုပြနေပြန်သည်။ "မိုးရွာရင် မိုးရေချိုးမယ်၊ မေမေလာရင် မိုးရေချိုးမယ်၊ ဖေဖေလာရင် မိုးရေချိုးမယ်"တဲ့။ ထို့နောက် "ငါတို့လမ်းထဲက ကောင်ကလေးတွေ ဆိုနေတာလေ ရေမလာတာ သုံးရက်ရှိပြီဟ" ဟု ဆက်ပြောသည်။

"သင်္ချာအိမ်စာတွေ လာထပ်ကြပါ"

စုစုလင်းက အော်ပြန်သည်။ ကြည်ကြည်ဝေက "ထပ်မယ်ဟေ့ ထပ်မယ်ဟေ့"ဟု ပြန်အော်ပြီး မိငယ်၏စာအုပ်ကိုပါလှမ်းယူသည်။ ထို့ နောက် ဆရာမ၏စားပွဲပေါ်က စာအုပ်ပုံတွင် သွားထပ်သည်။ အမှား ချင်းတူနေလျှင် ဆရာမ သတိမထားမိစေရန်အတွက် တစ်အုပ်ကိုအပေါ် ဆုံးတွင်တင်ကာ ကျန်တစ်အုပ်ကို စာအုပ်ပုံ၏အလယ်တွင် ထိုးထည့်နေ လေသည်။

"ကြည်ကြည်ဝေက ဘာဖြစ်လို့ စိတ်တိုနေတာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com


"ငါ ဘယ်သိမလဲ"

မိုးဖွဲလေးများက ရုတ်တရက် သည်းလာသည်။

မိုးစက်မိုးပေါက်များက မှန်ပြတင်းကို ခပ်ပြင်းပြင်းလေး ရိုက်ခတ်လာသည်။

"မိငယ်"

ယမင်းခင်က ခေါ်ပြန်သည်။

"နင်ကရော ဘာလို့ စိတ်တိုနေတာလဲဟင်"

"ငါ ဘယ်သိမလဲ"

မှန်ချပ်ကို ထိပြီး ကွဲကြေလွင့်စဉ်သွားသော မိုးပေါက်များကို ငေးကြည့်ရင်း မိငယ်သည် အနီရောင်ပန်းသီးလေးကို မြင်ယောင်နေလေသည်။

"မေမေ ပန်းသီးတစ်လုံးကို ဘယ်လောက်ပေးရလဲဟင်"

"ချင်းတောင်ပန်းသီးဆိုရင် သုံးလေးကျပ်ပေါ့၊ နည်းနည်း ကြီးရင်တော့ လေးငါးခြောက်ကျပ်ပေးရတယ်။ အရောင် စိမ်းတယ်လေ"

"မဟုတ်ဘူးမေမေရဲ့၊ အလုံးကြီးကြီး အရောင်နီနီ အနံ့မွှေးမွှေး"

"အဲဒါမျိုးဆိုရင်တော့ ဆယ့်လေးငါးခြောက်ကျပ်ပေးရမှာပေါ့၊ မေမေတစ်ခါ တရုတ်တန်းမှာတွေ့တာတော့ စာကပ်ထားတယ်၊ ဆယ့် ရှစ်ကျပ်တဲ့"

"ဟင် တော်ပါပြီ"

မိငယ်က ပခုံးလေးတွန့်လိုက်သည်။ ဆယ့်ရှစ်ကျပ်ဟူသော စာတန်းလေးကို မြင်ယောင်မိတော့ ခေါင်းထဲတွင် ဝဲလှည့်နေသော အနီ

www.burmeseclassic.com

www.burmeseclassic.com


ရောင်ပန်းသီးလေးက ဖြတ်ခနဲ ပျောက်သွားလေသည်။ ပြုတ်ပြီးသား မျှစ်များကို စဉ်းနှီးတုံးပေါ်တင်ပြီး တွယ်ချိတ် ကြီးကြီးနှင့် ခြစ်နေသော အမေက မိငယ်ကို စူးစမ်းသလို လှမ်းကြည့်သည်။

"ဘာလဲ သမီးစားချင်လို့လား"

"အလကားရရင်တော့ စားချင်တာပေါ့မေမေရာ၊ ဝယ်တော့ မစားချင်ပါဘူး"

ဆယ့်ရှစ်ကျပ်ဆိုသောငွေ နည်းနည်းနောနောမဟုတ်၊ မာလကာသီး ပွပွချိုချိုကြီးတွေဝယ်လျှင် အများကြီးရနိုင်သည်၊ ဒါမှမဟုတ် သစ်တော်သီး၊ သရက်သီး၊ မင်းဂွတ်သီး၊ ငှက်ပျောသီးဆို အို… စားစရာတွေ စုံလို့ ပြည့်လို့။ ဒီလိုတွေးမိတော့လည်း မိငယ်ပျော်သွားသည်။ စိတ်မပါ လက်မပါ စားနေသောထမင်းပင် အရသာရှိပြီး စား၍ကောင်းသွားသလိုလို ရှိသည်။

"သမီး ထမင်းစားပြီးရင် အမေ့ကို ပါရာစင်တမောတစ်လုံးနဲ့ ဘာမီတွန်တစ်လုံး ယူလာပေးစမ်း၊ နှာတွေစေးပြီး ခေါင်းတွေ ကိုက်နေလို့"

"သမီးလည်း ကျောင်းမှာ ခေါင်းတွေအုံနေလို့ ဖျားပြီထင်နေတာ၊ ကြည်ကြည်ဝေက ဆေးတစ်လုံးပေးလို့ သောက်လိုက်တော့ သက်သာသွားတယ်မေမေ"

"ဖျားတော့ မဖျားလိုက်ပါနဲ့ သမီးရယ်၊ တော်ကြာရင် ကျောင်းပျက်နေဦးမယ်"

"သမီးကျောင်းပျက်ရင် ယမင်းခင်က ကျောသွားမှာ မေမေရဲ့၊ နောက်ပြီး အိမ်စာတွေကလည်း တစ်ပတ် တစ်ရက်ကို အများကြီး၊ ဒီနေ့လည်း အများကြီးပေးလိုက်သေးတယ်၊ ကျောင်းပျက်ရင် အဲဒါတွေ အားလုံး နောက်ကျသွားမှာ"

www.burmeseclassic.com

www.burmeseclassic.com


မိငယ်က ထမင်းကို လက်စသတ်စားကာ ပန်းကန်ဆေးသည်။ ကျောင်းမပျက်ဘဲနဲ့တောင် 'ပထမ'ရဖို့ သေချာသည် မဟုတ်၊ ယမင်းခင်ကလည်း စတုတ္ထတန်းတွင် ပွဲဦးထွက် ပထမရရန် အကြိတ်အနယ် ကြိုးစားမည် ဖြစ်သည်။

"ဘယ်နှစ်နာရီ ရှိပြီလဲသမီး"

"ငါးနာရီခွဲတော့မယ် မေမေ၊ ဖေဖေ ရုံးက ပြန်လာခါနီးပြီ"

မိငယ်သည် အိပ်ခန်းထဲ ဝင်ခဲ့သည်။ အိမ်သုံးဆေးပုလင်းတွေ စီ၍တင်ထားသော ကြွက်လှျောက်မှ 'ပါရာစင်တမော'ဟုရေးထားသော ပုလင်းလေးကို ယူလိုက်သည်။ ဆေးလေးနှစ်ပြားသာ ကျန်တော့သည်။ ဘာမီတွန်ပုလင်းထဲတွင်တော့ တစ်ပြားမှမရှိ။ အရက်ပျံပုလင်းလေးကလည်း ဖင်ကပ်သာ ကျန်သည်။ ပရုတ်ဆီအနီကတော့ တစ်ဝက်လောက် ရှိသေးသည်။ ဖေဖေဝယ်လာပြီး မိငယ်ကို တိုက်ဖူးသော ဗစ်တာဗုံ အားဆေးပုလင်းလည်း ပြောင်တလင်းခါနေပြီဖြစ်သည်။

"အမေ့ဆေးတွေကလည်း ကုန်ခါနီးနေပြီ၊ ဘာမီတွန်လည်း တစ်ပြားမှ မရှိတော့ဘူး"

"အေးကွယ်၊ ဝယ်မယ် ဝယ်မယ်နဲ့ ဝယ်ကို မဝယ်ဖြစ်နိုင်ဘူး၊ ပေး ပေး ရှိတာပဲ သောက်လိုက်မယ်"

မေမေက ပါရာစင်တမော တစ်ပြားသောက်ကာ မျှစ်တွေကို ဆက်ပြီးခြစ်လေသည်။ "ပင်ပန်းလို့ ခေါင်းကိုက်တာပါ၊ ခဏနေရင် ပျောက်သွားမှာ" ဟု သူ့ကိုယ်သူ အားပေးသည်။

"သမီး ဘာလုပ်ပေးရဦးမလဲ မေမေ"

"မလုပ်နဲ့သမီး၊ သွား သွား စာကျက်ချေတော့"

"သချ်ာတွေ အရင်တွက်လိုက်ဦးမယ် ပြီးမှ စာကျက်မယ်"

မိငယ်တွင် စာကြည့်စားပွဲ သတ်သတ်မရှိပေ၊ ဖေဖေ့ လေး

www.burmeseclassic.com

www.burmeseclassic.com


ဆယ်နှင့် ဝယ်ပေးထားသော ဗေဒင်ဆရာခုံကလေးကို စာကြည့်စားပွဲ အဖြစ် သုံးရသည်။ ခုံကလေးကို ကြိုက်ရာနေရာတွင်ချပြီး ကျက်လို့၊ တွက်လို့ ရသဖြင့် မိငယ်ပိုပြီး သဘောကျသည်။ ယခုလည်း ခုံကလေး ကို မီးဖိုချောင်သို့ သယ်လာသည်။ မေမေ့ဘေးတွင်ပင် ထိုင်ပြီး အိမ်စာ လုပ်ချင်သည်။

"မိုးတွေ မည်းလာတယ် သမီး၊ မမှောင်ဘူးလား၊ မီးဖွင့်ပြီး လုပ်လေ"

မိငယ်က မီးခလုတ်ကို ထဖွင့်သည်။ ဂျောက်ခနဲ အသံသာ ကြားရသည်။ မီးက လင်းမလာ။

"ဟင် မေမေ မီးလည်းမလာဘူး"

"ပျက်ပြန်ပြီထင်တယ်"

"မထင်နဲ့ မေမေရဲ့၊ ပျက်ကို ပျက်တာပါ၊ ဒုက္ခပဲ အိမ်စာတွေက အများကြီး"

မိငယ်သည် စားပွဲလေးကို ပြတင်းပေါက်အနားသို့ ကပျာ ကယာ ရွှေ့လိုက်သည်။ ရှိသမျှ ကျန်သမျှ အလင်းရောင် ကလေးနှင့် အိမ်စာပေးလိုက်သော သင်္ချာတွေကို အပြီးတွက်နိုင်ရန် ကြိုးစားရမည်။

"စောစောစီးစီးက မီးဖွင့်ကြည့်မိရင် ကောင်းမှာဟယ်၊ အခါ တိုင်းလို ကျောင်းကပြန်ရောက်ရောက်ချင်း အိမ်စာတွေ လုပ်မိရင်လည်း တော်သေးတယ်၊ ခုတော့ အသုံးမကျတဲ့ပန်းသီးစုတ်အကြောင်း ထိုင် တွေးနေမိလို့ အလကားနေရင်း အချိန်တွေ ကုန်သွားတာ"

မိငယ်က သူ့ကိုယ်သူ အပြစ်တင်နေသည်၊ အလင်းရောင်က လည်း လိုချင်ပါသည်ဆိုမှ ချက်ချင်းလိုလိုပင်မှောင်ကျသွားသည်။ မိုး သားတွေကလည်း အုံ့ပြီး မည်းတက်လာလေသည်။ မိုးကြီး သည်း သည်း ရွာတော့မည်ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့ သမီး မှောင်ကြီးထဲမှာ စာလုပ်နေသလား၊ မီးမထွန်းဘူးလား"

ဖေဖေက မိငယ်ဘေးတွင် လာရပ်သည်။ စာထဲတွင် ဇောကပ်နေသဖြင့် ဖေဖေပြန်ရောက်လာသည်ကိုပင် မသိလိုက်ချေ။

"မီးမလာဘူး ဖေဖေ"

မိငယ်က အားကိုးတကြီးပြောသော်လည်း ဖေဖေက ဘာမှလုပ်တတ်ဟန်မတူပေ၊ သက်ပြင်းကိုသာ သဲ့သဲ့ချသည်။ မေမေကတော့ နို့မှုန့်ဘူးအလွတ်ပေါ်တွင် ဖယောင်းတိုင်လေး တစ်တိုင်စိုက်ကာ မိငယ်၏ ဘေးတွင် လာချပေးသည်။

"ရေနံဆီ မီးအိမ်လေးလုပ်ပါလားကွာ"

ဖေဖေက ပြောတော့ မေမေက မသိမသာ မျက်စောင်းထိုးသည်။

"ရေနံဆီမှ မရှိတာကိုကွယ်၊ သိရဲ့သားနဲ့"

"ဒီလိုဆိုလည်း ဖယောင်းတိုင် နှစ်တိုင်ပူးလေး ထွန်းပေးလိုက်ပါလား"

"အိမ်မှာရှိတာမှ သုံးတိုင်ရယ်၊ မီးက ဘယ်အချိန်အထိ ပျက်မယ် မသိဘူး"

မေ့မေ့အသံက ပျော့နေသည်၊ ဖေဖေကတော့ စိတ်တိုလာပုံရသည်။

"မီးပျက်တာလည်း သိသားနဲ့၊ ဖယောင်းတိုင်ကို ပိုပိုမိုမိုလေး ဝယ်ထားပါလားကွ"

"ဩော် ပြောတော့ လွယ်လိုက်တာ၊ ဖယောင်းတိုင် တစ်တိုင် ဘယ်လောက်ပေးရသလဲ ရှင်သိသလား၊ လကုန်ရက်ရှင့်"

ဒီတစ်ခါတော့ မေမေ့အသံက ဆတ်ပြီး မာလာသည်၊ ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com


လည်း ငြိမ်သွားလေသည်။

မိငယ်ကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်၊ ဝါကျင့်ကျင့် အလင်းရောင် မှိန်မှိန်လေးထဲဝယ် စာကို အရကျက်ရန် ကြိုးစားသည်။

“မျက်လုံးသည် မည်မျှအံ့ဖွယ်ကောင်းကြောင်းကို သင်သိပါသလား၊ မျက်လုံးသည် ကိုယ်ခန္ဓာ၏အနုနယ်ဆုံး၊ အလုပ် အများဆုံး အင်္ဂါစုဖြစ်သည်၊ ထို့ကြောင့် မျက်လုံးကို ဘေးမဖြစ်စေရန် ကာကွယ်ရမည်”

မိငယ်သည် သူ၏အကျင့်အတိုင်း ကိုယ်ကို ရှေ့ထိုးနောက်ငင် ယိမ်းရင်း အသံထွက်၍ ကျက်သည်။

“မျက်လုံးသည် မာကျောနေသောအရိုးများကာထားသည့် ချိုင့် ထဲတွင်ရှိသည်။ မျက်ခွံ မျက်တောင်မွေးတို့က ရှေ့မှ ကာကွယ်ထားသည်”

အလင်းရောင်က မှိန်တော့ အတော်အားစိုက်ပြီး ဖတ်ရသည်။ ‘ဖယောင်းတိုင်လေးက ခဏနေရင် ကုန်တော့မယ်၊ ကျက်စရာတွေက အများကြီးကျန်သေးတယ်၊ စာမရရင်တော့ ဒုက္ခပဲ၊ ယမင်းခင်ကတော့ အားလုံးကျက်လို့ရလာမှာ’ ဟု တွေးမိပြီး ရင်ထဲတွင် ပူလာသည်။ ‘မီးပျက်လို့ စာမကျက်ခဲ့ရဘူး’ဟု ပြောလျှင် ယမင်းခင်က ‘မီးပျက်ရင် မီး စက်မဖွင့်ဘူးလား၊ ဒါမှမဟုတ် ဘက်ထရီမီးချောင်းထွန်းလည်း ရသား နဲ့’ ဟု ပြောမည်ကိုလည်း ကြိုတင်ပြီး ကြားယောင်နေသည်။

ဖေဖေနှင့် မေမေက ဖယောင်းတိုင်လေးတစ်တိုင်ကို စားပွဲဝိုင်းလေး အလယ်တွင် စိုက်ပြီး တိတ်တိတ် ဆိတ်ဆိတ် ထမင်းစားနေကြသည်။

မိငယ် စာကျက်၍ မပြီးခင် ဖယောင်းတိုင်လေး ကုန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com


မိငယ်သည် စာကြည့်ခုံလေးပေါ်တွင်လက်ထောက်ရင်း တိတ် တိတ်ကလေး ထိုင်နေသည်။ မျက်ရည်ကို တိတ်တိတ် ကလေး သုတ် ကာ နှာရည်ကို တိတ်တိတ်ကလေး ညှစ်သည်။

'ဟဲ့ သမီး ငိုနေလား'

မေမေက မေးတော့ 'မငိုပါဘူး မေမေရဲ့' ဟု ငိုသံလေးနှင့် ဖြေလေသည်။

(မဟေသီ၊ ဩဂုတ်လ၊ ၁၉၈၆)

www.burmeseclassic.com

www.burmeseclassic.com



၂၁ ရာစု မြို့ပြချစ်ခရီး

www.burmeseclassic.com

www.burmeseclassic.com

ဒီမှာ ချစ်
နင့်ကို ငါ ဘယ်လောက် ချစ်တယ်ဆိုတာ
ထပ်မပြောတော့ဘူး
နင် သိပြီးသားပါ။
ငါ့ကို နင် ဘယ်လောက်
ချစ်တယ်ဆိုတာကိုလည်း
ငါ အသေအချာ သိပါတယ်။
ငါတို့ ချစ်လာကြတာလည်း
ကြာပြီပဲ ချစ်ရယ်။
နင့်အကြောင်း ငါ သိသလို
ငါ့အကြောင်းကိုလည်း
နင် အကုန်လုံး သိပါတယ်။

တစ်နေ့တုန်းက နင် ပြောတယ်
အတူနေချင်လှပြီတဲ့။
ဒီစကားကို
ငါကစပြီး ပြောရမှာပါ ချစ်ရယ်၊

www.burmeseclassic.com

www.burmeseclassic.com


ငါလည်း နင်နဲ့အတူ
နေချင်လှပါပြီ။
ကိုယ်ချစ်တဲ့သူနဲ့
အတူနေ
အတူစား
အတူသွားရတဲ့ ဘဝကလေးကို
ငါလေ
ညစဉ်ညတိုင်း
အိပ်မက် မက်နေရတာပါ။

အိပ်မက်ထဲမှာဆိုရင်
ငါဟာ
အိမ်ကလေးတစ်ဆောင်
အခန်းလေး တစ်ခန်းလောက်ကို
အမြဲတမ်းပဲ
အမောတကော ရှာနေမိတယ်။
နေစရာကလေး တစ်နေရာကို
လွယ်လွယ်နဲ့များ
ရမယ်ထင်သလား မိချစ်၊
အပြင်မှာ မပြောနဲ့
အိပ်မက်ထဲမှာတောင် ခက်လိုက်တာ။
အိပ်ရာက နိုးလာရင်
ငါ့မှာ ချွေးတွေနစ်ပြီး
မောနေတာပဲ။

www.burmeseclassic.com

www.burmeseclassic.com


ငါက
အစ်မအိမ်မှာ ကပ်နေရတာ။
အိမ်လို့သာ ပြောရတာ၊
တကယ်ကတော့
ဆယ့်နှစ်ပေ၊ ပေလေးဆယ်
အခန်းကျဉ်းကျဉ်း ရှည်ရှည်လေး၊
အဲဒီထဲမှာ နေကြတာက
လူပေါင်း ကိုးယောက်၊
အစ်မတို့ လင်မယားရယ်
ယောက်ဖရဲ့ အမေနဲ့ ညီရယ်
ကလေး လေးယောက်ရယ်
နောက်ပြီး ငါရယ်
ညတိုင်ကျရင် တိုးတိုးဝှေ့ဝှေ့
ကျပ်ကျပ် သပ်သပ် အိပ်ကြရတယ်။

နင် နေရတာကလည်း မိဘအိမ်။
နင့်မောင်တွေ ညီမတွေအပြင်
အစ်ကို လင်မယားရော
သူ့ကလေးတွေနဲ့ရော
ကျပ်ညပ်နေတာ ငါအသိပဲ။

ငါတို့နှစ်ယောက်
လက်ထပ်ကြပါပြီတဲ့။
ကဲ...ဘယ်မလဲ

www.burmeseclassic.com

www.burmeseclassic.com


ငါတို့အတွက် အိမ်
ငါတို့ ဘယ်မှာ နေကြရမလဲ။
ငါ့ကို သိပ်ညှံ့တာပဲလို့
ပြောချင်လည်း ပြောတော့။
ချစ်ရေ–ငါလေ
နင်နဲ့အတူတူ နေနိုင်ဖို့အတွက်
အလုပ်ကို ကြိုးစားပြီး လုပ်ပါတယ်။
ခြိုးခြံချွေတာပြီး
ငွေလည်းစုပါတယ်။
ဒါပေမယ့် အဲဒီငွေဟာ
အခန်းကျဉ်းကလေး တစ်ခန်းကိုတောင်
မငှားနိုင်ဘူးဆိုတာ
နင်လည်း သိပါတယ်။

နှစ်ဆယ့်တစ်ရာစု မြို့ပြရဲ့
အိမ်ဈေး၊ မြေဈေး၊ အခန်းဈေးတွေကို
နင်လည်း စုံစမ်းပြီး
သက်ပြင်းတချချ လုပ်နေရတာပဲ မဟုတ်လား။
ဒီတော့ ချစ်ရယ်
နင်ရော ငါရော
စိတ်ချမ်းသာရအောင်
တစ်ယောက်နဲ့ တစ်ယောက်
စိတ်ချလက်ချ နေရအောင်
ငါ တစ်ခုလုပ်ချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com


ဒီမှာ မိချစ်
နင်နဲ့ ငါနဲ့
လက်ထပ်ကြရအောင်လေ၊
တရားရုံးမှာသွားပြီး
လက်မှတ်ထိုးကြမယ်။
ငါတို့ အတူတွဲပြီး
ဓာတ်ပုံရိုက်ကြမယ်။
မကင်းရာ မကင်းကြောင်းလေးတွေကို
လက်ဖက်ရည်တိုက်မယ်။
လက်ထပ်ပြီးစီးကြောင်း ကြော်ငြာကို
သတင်းစာထဲမှာ ထည့်မယ်။
ကဲ–ဘယ်သူ ဘာပြောမလဲ
ငါဟာ နင့်ယောက်ျားဖြစ်သွားပြီ။
နင်ကလည်း ငါ့မိန်းမပေါ့နော် မိချစ်။
ကြားရဲ့လား မိန်းမရဲ့။

ညနေရုံးဆင်းရင်
နင့်ရုံးကို အမြဲလာခေါ်မယ်၊
ငါတို့နှစ်ယောက် လက်ဖက်ရည်ဆိုင်မှာ
ညဉ့်နက်တဲ့အထိ အကြာကြီးထိုင်ပြီး
စကားပြောလို့ရပြီ။
ညပွဲ ရုပ်ရှင်တွေလည်း
ကြည့်လို့ရပြီ၊
ငါတို့ဟာ

www.burmeseclassic.com

www.burmeseclassic.com


လက်ထပ်ထားတဲ့
ချစ်သူတွေပဲ မဟုတ်လား။

ငွေလေးဘာလေး
အသင့်ရှိတဲ့အခါ ဆိုရင်လည်း
ဘုရားဖူးကားနဲ့ အတူလိုက်ပြီး
မြန်မာပြည်အနှံ့
ဘုရားစုံ ဖူးကြမယ်၊
နင် မပျော်ဘူးလားဟင်။
အင်း...
နောက်ပြီးတော့
နင်ကလည်း နင့်အိမ်ပြန်
ငါကလည်း ငါ့အိမ်ငါ ပြန်ရဦးမှာပေါ့။

ချစ်ရယ်
ငါတို့ ဆက်ပြီး ပိုက်ဆံစုကြမယ်လေနော်။
ဘာလုပ်ဖို့လဲ ဟုတ်လား၊
မေးမှ မေးရက်ပလေဟာ
ငါတို့ အတူနေနိုင်ဖို့အတွက်ပေါ့။
မအိုခင်
မနာခင်
အဲ...မသေခင် တစ်ချိန်ချိန်မှာ
အခန်းကျဉ်းကလေး တစ်ခန်းလောက်
ငှားနိုင်အောင်ပေါ့

www.burmeseclassic.com


www.burmeseclassic.com


နော်–မိချစ်။
ကြားရဲ့လား
ချစ်ရယ်
ငါ့ကို ပြုံးပြစမ်းပါဦး။

(ပေဖူးလွှာ ၁၉၈၈ ဇွန်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သား နာမည်က 'မိုးငြိမ်းချမ်း' ပါ။

သားကို မွေးတဲ့အချိန်တုန်းက မိုးတွေ သဲသဲမဲမဲရွာနေလို့ 'မိုးငြိမ်းချမ်း' ဆိုတဲ့ နာမည်ကို ပေးခဲ့တာတဲ့။

ဖေဖေကြီးကတော့ သားရဲ့မမကို 'ဖိုးသမီး' တဲ့။ သားကိုကျတော့ 'ဖိုးသား' တဲ့။

အိမ်မှာတော့ သားကို 'ဖိုးသား' လို့ ခေါ်ကြတယ်။

မေမေ တစ်ယောက်တည်းကတော့ 'ဂူဂူး' တဲ့။

သား စကားမပြောတတ်ခင် မေမေ့ရင်ခွင်ထဲမှာ ဂူးဂူးဂဲဂဲတွေ ပြောကတည်းက အဲဒီလို ခေါ်ခဲ့တာတဲ့။

အခုတော့ ဖေဖေက သားကို နာမည်အသစ်တစ်ခု ပေးပြန်ပြီ။ အဲဒီနာမည်ကြီးကို သား မကြိုက်ပါဘူး၊ သိပ်မုန်းတာပဲ။

ဘာနာမည်လဲ သိလား၊ ပြောတောင် မပြောချင်တော့ပါဘူး ဗျာ။

'ခြောက်ချက်' တဲ့။

'ကိုခြောက်ချက်' တဲ့။

ဖေဖေနဲ့မေမေက ဗိသုကာတွေပါ။ အရင်တုန်းကတော့ ဘယ်မှာ အလုပ်လုပ်သလဲ သား မသိပါဘူး၊ သား ကျောင်းစ နေပြီး သူငယ်တန်းလည်း

www.burmeseclassic.com

www.burmeseclassic.com


တက်ရော ဖေဖေနဲ့မေမေ သိမ်ကြီးဈေးကြီးကို ရောက်သွားကြရော။

ဈေးကြီးက ဆောက်လက်စဆိုတော့ ရွံ့တွေ၊ ဗွက်တွေ၊ သံချောင်းတွေ၊ သစ်သားချောင်းတွေ၊ ဖုံတွေ၊ သဲတွေနဲ့ အိုး ညစ်ပတ်လို့၊ ရှုပ်ပွလို့။

ဖေဖေကတော့ အိမ်ကိုတောင် သိပ်မပြန်ပါဘူး၊ အဲဒီမှာအိပ်၊ အဲဒီမှာပဲစား၊ သားတို့နဲ့တောင် သိပ်မတွေ့ဖြစ်ဘူး။

မေမေကလည်း မိုးလင်းတာနဲ့ ရုံးသွားဖို့ ပြင်တော့တာပဲ။

သားက အိပ်ချင်သေးပေမယ့် အတင်းနှိုးပြီးအင်္ကျီလဲပေးတော့တာပဲ၊ နောက်ပြီး မေမေ့ရုံးကို မေမေနဲ့အတူတူ ခေါ်သွားရော။

ရုံးဆိုတာက အဲဒီ ဆောက်လက်စ ဈေးကြီးရဲ့ မြေတိုက်ခန်းထဲ မှာလေ။ ညတုန်းက ဖေဖေ အဲဒီရုံးခန်းမှာ အိပ်တယ်တဲ့။

ဒါပေမယ့် သား ရောက်လာရင် ဖေဖေ မရှိတော့ဘူး။ ဖေဖေ့သူငယ်ချင်း ဦးသိန်းဇော်နဲ့အတူတူ ဒီပြင်နေရာတွေ ထွက်သွားပြီ။

မေမေကတော့ ရုံးရောက်ရင် ပုံတွေဆွဲတော့တာပဲ၊ သားကိုလည်း သူ့ဘေးမှာ ထိုင်ခိုင်းပြီး စာကျက်ခိုင်းတယ်။

တစ်ခါတလေကျတော့လည်း ဟိုသွား ဒီသွား၊ ဟိုတက် ဒီတက်၊ ပေကြိုးတစ်ချောင်းနဲ့ ဟိုတိုင်း ဒီတိုင်းလုပ်နေတတ်တယ်။

သားကိုတော့ အပေါ်က သစ်သားချောင်းတွေ အုတ်ခဲတွေ ပြုတ်ကျလာမှာစိုးလို့ဆိုပြီး ရုံးခန်းထဲမှာပဲ နေခဲ့ခိုင်းတယ်။

မေမေအနားမှာမရှိတော့ သားလည်း ဘယ်စာကျက်တော့မှာလဲ၊ ဦးဦးကျော်စိုးတို့ ဦးဦးဘော်ဘီတို့ အလူမီနီယမ် ဘီဒိုတွေ လုပ်တဲ့နေရာမှာ သွားရှုပ်နေတာပေါ့။

တစ်ခါတလေကျတော့လည်း မမသန်းသန်းဌေးနဲ့ ရေခဲမုန့် သွားစားတယ်။

www.burmeseclassic.com

www.burmeseclassic.com


ဒါပေမယ့် သားက မုန့်ထက် သဲကိုပိုကြိုက်တယ်၊ မေမေတို့ ရုံးမှာရှိတဲ့သဲပုံကြီးတွေက တောင်လောက်ကြီးတယ် သိလား။

အဲဒီ သဲပုံကြီးတွေမှာ ကစားရတာကို သား အကြိုက်ဆုံးပဲ။ ပြေးတက်လိုက် ပြေးဆင်းလိုက် ခုန်ချလိုက် သဲအိမ် ဆောက်လိုက်၊ တစ်ခါတလေလည်း ခြေထောက်ပေါ်မှာ သဲတွေဖုံးပြီး ထိုင်နေလိုက်နဲ့၊ ဘာပျော်သလဲ မမေးနဲ့။ အရမ်းကို ပျော်စရာ ကောင်းတယ်။

ဟော သားကို ကျောင်းပို့ချိန်ရောက်ရင်တော့ မေမေ ရောက်လာရော၊ ပေတူးညစ်ပတ်နေတဲ့ သားကိုကြည့်ရင်း 'စိတ်ညစ်ပါတယ် စိတ်ညစ်ပါတယ်' နဲ့ ညည်းရော။

'ဒါကြောင့်မို့လို့ သားကို ရုံးကိုခေါ်မလာချင်တာပေါ့၊ နောက်တစ်ခါကျရင်တော့ အိမ်မှာပဲ ထားခဲ့တော့မယ်' လို့ ပြောရော။

ဒါပေမယ့် နောက်နေ့ကျတော့ 'သားရေ ထ,ထ' လို့ သားကို အတင်းနှိုးပြီး ရုံးကို ခေါ်လာရပြန်တာပဲ။ သားကို မေမေ ခေါ်မလာလို့ ဘယ်သူ ခေါ်လာမှာလဲ၊ ဘယ်သူက ကျောင်းပို့ပေးမှာလဲ။

ဒီတော့ သားက ကျောင်းမတက်ခင်လည်းဆော့၊ ကျောင်းဆင်းတော့လည်း မေမေ ရုံးမပြန်မချင်း တစ်ခါဆော့၊ ဆော့လို့တော့ ဘာကောင်းသလဲ မမေးနဲ့။

ဒါကြောင့်မို့လို့ ဘိလပ်မြေကားကြီးမောင်းတဲ့ ဦးဦးက သားကို 'မျောက်ဖိုးဆော့' လို့ ခေါ်တာထင်ပါရဲ့။

တစ်ခါတလေ မေမေ အလုပ်များနေရင် သားလည်း မေမေနဲ့ အတူတူ မှောင်မှပြန်ရတယ်၊ မမသန်းဒွေးက ဆီချက်ခေါက်ဆွဲတို့ ကြာဇံကြော်တို့ ဝယ်ကျွေးထားလို့ ဆာတော့ မဆာပါဘူး။

ဒါပေမယ့် သား အိပ်ငိုက်လာရော၊ ကားပေါ်ရောက်ပြီး မေမေက သားကိုပွေ့လိုက်တာနဲ့ သားလည်း အိပ်ပျော်သွားတော့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com


အိမ်ရောက်တော့ သားကို ကားပေါ်က ပွေ့ချပြီး အိပ်ရာထဲ ပို့ရတယ်၊ သားအင်္ကျီတွေ ဘောင်းဘီတွေကို ချွတ်လဲရင်း သားရဲ့ခြေတွေ လက်တွေကို ရေဝတ်နဲ့သုတ်ပေးနေရင်တော့ သား နိုးလာတာပေါ့။

ဒါပေမယ့် စာကျက်နေရမှာစိုးလို့ အိပ်ချင်ယောင်ဆောင်နေ လိုက်ရင် တကယ်ဆက်ပြီး အိပ်ပျော်သွားရော။

ဟော မနက်မိုးလင်းတော့ မေမေက 'သားရေ ထ,ထ မေမေ ရုံးနောက်ကျတော့မယ်' လို့ ပြောပြီး နှိုးပြန်ရော။ သားလည်း မေမေ့ရုံးကို လိုက်လာရပြန်ရော၊ ဆော့ပြန်ရော။

ကဲ ဒီတော့ သားက ဘယ်လိုလုပ်ပြီး စာတော်တော့မှာလဲ၊ မေမေ အလုပ်များတာကိုသိလို့ ဆရာမက သားကို 'သား မေမေ့ရုံး ရောက်ရင် စာကျက်နေနော်' လို့ အမြဲပြောတယ်။

သားကလည်း ရုံးရောက်ရင်တော့ လွယ်အိတ်ကို မေမေ့ဘေး မှာ ပစ်ထားပြီး အမြဲဆော့တယ်။ ဒီတော့ သားလေ လက်ရေးလည်း မလှဘူး၊ စာလည်း မတော်ဘူး။

ဒါပေမယ့် သားက စာမေးပွဲတော့ အောင်ပါတယ်နော်၊ ဒီနှစ် ဒုတိယတန်း တက်ရတယ်၊ အဟီး အေတန်းတော့ မရတော့ဘူး၊ ဘီတန်း ရောက်သွားတယ်။

သားတို့ အတန်းက ဆရာမက နေ့တိုင်း သတ်ပုံကျက်ခိုင်း တယ်၊ နေ့တိုင်း နေ့တိုင်း သတ်ပုံခေါ်တယ်။ တစ်လုံးမှားရင် တစ်ချက် ရိုက်တယ်။

သားကိုတော့ အရိုက်ခံရသလား မမေးနဲ့။ ပထမနေ့က သုံး ချက်၊ နောက်နေ့ကျတော့ ခြောက်ချက်၊ နောက်တစ်နေ့လည်း ခြောက် ချက်ပဲ။

အဟီး သားက ကျောင်းကပြန်လာရင် အိမ်ကလူတွေက အမြဲ

www.burmeseclassic.com

www.burmeseclassic.com


ပဲ ဆီးပြီးမေးကြတယ်။ 'ဖိုးသားရေ ဘယ်နှစ်ချက်လဲ'တဲ့။

သားက 'ခြောက်ချက်' လို့ဖြေတယ်။ သုံးရက်လောက် ဆက်တိုက် 'ခြောက်ချက်'လို့ဖြေရတော့ ဖေဖေက ရယ်ရော၊ နောက်ပြီး သားကို နာမည်အသစ်ပေးတယ် 'ခြောက်ချက်'တဲ့။

'ကိုခြောက်ချက်' တဲ့။

ကဲ အဲဒီ နာမည်ကြီး မုန်းစရာ မကောင်းဘူးလား။

ဖေဖေကြီးနဲ့ မေမေကြီးကတော့ 'သားလေးကို အဲဒီလို မခေါ်ကြပါနဲ့' တဲ့။

ဟုတ်တာပေါ့။ အဲဒီလိုကြီး ခေါ်ဖို့ မကောင်းပါဘူးနော်၊ ဖေဖေကြီးက သား အရိုက်ခံရတာကို စိတ်မကောင်းဘူး၊ သားကျောင်းသွားခါနီးတိုင်း'ဖိုးသားရေ ဂွတ်ဒ်ရအောင် ရေးခဲ့နော်' လို့ အမြဲမှာတယ်။

အင်း...။

သားတို့အိမ်မှာတော့ ဖေဖေကြီးက ဇိမ်အကျဆုံးပါပဲ။ ဖေဖေကြီးက မေမေရဲ့အဖေလေ။ ဒီအိမ်မှာတော့ အသက် အကြီးဆုံးပေါ့။

ဖေဖေကြီးက ရုံးလည်း မသွားရဘူး၊ ကျောင်းလည်း မသွားရဘူး၊ မေမေကြီးလိုလည်း တညင်းသီးတွေ သရက်သီးတွေ ဆားရည်မစိမ်ရဘူး။

ဖေဖေကြီးက 'သမီးရေ'လို့ ခေါ်လိုက်ရင် ကြားတဲ့သူက 'ဖေဖေ ဘာလိုချင်လို့လဲ'ဆိုပြီး အနားပြေးသွားတော့တာပဲ။

ဟင်း သားလည်း ဖေဖေကြီး ဖြစ်ချင်လိုက်တာ။ အခုတော့ သားက ကျောင်းလည်းသွားရတယ်၊ စာလည်း ကျက်ရတယ်၊ အရိုက်လည်း ခံရတယ်၊ ဖေဖေ ရေပုလင်း ယူခိုင်းရင်လည်း ယူပေးရတယ်၊

www.burmeseclassic.com

www.burmeseclassic.com


မေမေ အပ်ပေါက်ထိုးခိုင်းရင်လည်း ထိုးပေးရတယ်။

ဒါကြောင့်မို့လို့ သားက ဖေဖေကြီးကို ပြောတာပေါ့။ သား ကျောင်းသား မလုပ်ချင်တော့ဘူး၊ ဖေဖေကြီးလိုပဲ နေတော့မယ်လို့၊ဖေ ဖေကြီးလိုပဲ အိမ်မှာ ဇိမ်နဲ့နေမယ်။ 'သမီး ဟိုဟာ ယူခဲ့စမ်း' 'သမီး ဒီ ဟာ ယူခဲ့စမ်း' လို့ ခိုင်းမယ် ဆိုတော့ ဖေဖေကြီးက ရယ်လိုက်တာလေ။

နောက်ပြီး သားကို ပြောပြတယ်။ ဖေဖေကြီးက အသက်ကြီး ပြီတဲ့။ သားအရွယ်တုန်းက သားလိုပဲ ကျောင်းတက်ခဲ့ရ ပညာတွေ သင် ခဲ့ရတာပဲတဲ့။ အဲဒီလို ပညာတွေ သင်ခဲ့လို့ တတ်ခဲ့လို့ အခုလို အသက် ကြီးတော့ အေးအေးဆေးဆေး နေရတာတဲ့။

'ပညာမသင်ခဲ့ရင် ဒီလို မနေရဘူးလား' လို့ ဆိုတော့'ဘယ်နေ ရမှာလဲ ဆင်းရဲနေမှာ' တဲ့။

'ဖေဖေကြီးငယ်ငယ်တုန်းက စာကျက်ခဲ့ရလား'ဆိုတော့'ကျက် ရတာပေါ့' တဲ့။ 'စာတော်လား' ဆိုတော့ 'တော်တာပေါ့' တဲ့။ ဒုက္ခပဲ သားက စာကျက်ရမှာ ပျင်းတယ်။

စာကျက်ရမှာ ပျင်းပေမယ့် သားက ရုပ်ပုံတွေတော့ ဆွဲချင်ပါ တယ်။ သားဆွဲတဲ့ ဒိုင်နိုဆောပုံတွေ ငါးမန်းပုံတွေ ရေဘဝဲတွေက အစစ် နဲ့ သိပ်တူတာပဲလို့ အန်တီယုက ချီးမွမ်းတယ်။

ဖေဖေတို့ မေမေတို့ ဆွဲနေတဲ့ တိုက်ပုံစံတွေ အိမ်ပုံစံတွေလည်း သား လိုက်ဆွဲရင် ဆွဲလို့ ရမှာပေါ့နော်။

အင်း ဟုတ်ပြီ။

ဒီလိုဆိုရင် သား ဗိသုကာပဲလုပ်တော့မှာပေါ့။ ဖေဖေတို့မေမေ တို့နဲ့ အတူတူ ရုံးတက်ပြီး ပုံတွေပဲ ဆွဲတော့မယ်လေ။

ဒီလိုဆိုရင် ကျောင်းတက်စရာ စာကျက်စရာ မလိုတော့ဘူး မဟုတ်လား။ သား ကျောင်းမတက်တော့ဘူး ရုံးတက်ပြီး ဗိသုကာပဲ

www.burmeseclassic.com

www.burmeseclassic.com


လုပ်တော့မယ်ဆိုတော့ ဖေဖေနဲ့မေမေက ရယ်ပြန်ရော။

ဗိသုကာ ဖြစ်ချင်ရင် စာအရင် ကျက်ရမယ်တဲ့။ စာတွေ အများကြီးကျက်၊ စာမေးပွဲတွေ တစ်တန်းပြီး တစ်တန်းအောင်၊ ပညာတွေ အများကြီးတတ်၊ အဲဒါတွေပြီးမှ ဗိသုကာ ဖြစ်မှာတဲ့။

'စာတွေ မတတ်ဘဲ မဖြစ်ဘူးလား' ဆိုတော့ ခေါင်းခါတယ်။ 'ဘယ်တော့မှ မဖြစ်ဘူး' တဲ့။ စိတ်ညစ်လိုက်တာဗျာ။

ဒီလိုဆိုရင် သားက ဦးဂိတ်တို့အန်တီမိုးတို့လို ဆရာဝန်ပဲ လုပ်မှထင်တယ်။

ဆရာဝန် လုပ်ရတာလည်း ကောင်းတာပါပဲလေ။ 'ဒေါက်တာ' 'ဒေါက်တာ' နဲ့ အခေါ်ခံရတာကို သားကြိုက်ပါတယ်။ သူများတွေကို ဆေးထိုးပေးရတာလည်း ကောင်းတာပဲ၊ နားကျပ်ကြီးနဲ့ ဟိုထောက် ဒီထောက် စမ်းသပ်ရတာကိုလည်း ကြိုက်တာပဲ။

နောက်ပြီး ဆရာဝန်ဆိုရင် လက်ဆောင်တွေ ခဏခဏ ရတယ်၊ ဟုတ်ပြီ သား ဆရာဝန်ပဲ လုပ်ပါတော့မယ်လေ။

ဒါကြောင့် သားက အန်တီမိုးကို 'အန်တီမိုးရေ သား ကျောင်းသားမလုပ်တော့ဘူး၊ ဆရာဝန်ပဲ လုပ်တော့မယ်' လို့ ပြောတော့ အန်တီမိုးက ရယ်ပြန်ရော။

မမကတော့ 'ငတုံးလေး ဆရာဝန်ဖြစ်ချင်ရင် စာအရင်ကျက်ရမယ်' တဲ့။

အင်း ဒုက္ခပဲ။

စာမကျက်ဘဲနဲ့ ဘာမှ မဖြစ်တော့ဘူးလား ဟင်။

တစ်နေ့တုန်းက အိမ်ကို လူကြီးတစ်ယောက် လာတယ်၊ ဖေဖေတို့မေမေတို့နဲ့ စကားပြောတယ်။ သူ့ကားကြီးက သိပ်ကောင်းတာပဲ။ အဲထဲမှာ

www.burmeseclassic.com

www.burmeseclassic.com


လေအေးစက်နဲ့ ရေမွှေးနဲ့၊ မှန်တွေလည်းလှည့်ပိတ်စရာမလိုဘူး။ ခလုတ်နှိပ်လိုက်ရုံပဲ။

ဖေဖေကပြောတယ်၊ သူ့အိမ်က သိပ်ကောင်းတာပဲတဲ့။ အင်း ဒီလိုဆို သူဌေးပေါ့နော်။ သားလည်း သူဌေးဖြစ်ချင်လိုက် တာ။

'ကျောင်းသား မလုပ်တော့ဘူး၊ သူဌေးပဲ လုပ်တော့မယ်' လို့ ပြောရင် မေမေတို့က 'သူဌေးဖြစ်ချင်ရင် စာအရင်ကျက်' လို့ ပြောဦးမှာပဲ၊ သား သိပါတယ်။

ဒါပေမယ့် ဒီတစ်ခါကျတော့ မေမေက တစ်မျိုး ပြောတယ် သိလား။

'သူတို့ခများများကျတော့လည်း သက်သက်သာသာနဲ့ ချမ်းသာ ပြီးရင်း ချမ်းသာရင်းပဲ၊ ငါတို့ ခများများကျတော့လည်း ပင်ပန်းလိုက်တာ' တဲ့။

အန်တီမီပြောတော့ အဲဒီလူကြီးက ကန်ထရိုက်တာတဲ့။ ကန်ထရိုက်တာဆိုတာ အဆောက်အဦးတွေကို ငွေစိုက်ပြီး တာဝန်ယူပြီး ဆောက်တဲ့သူတဲ့လေ။

ညကျတော့ သားက မေမေ့ကို မေးမိတယ်။

'မေမေရယ် အဲဒီ လူကြီး အဲဒီလောက်ချမ်းသာနေတာ ပညာတွေ အများကြီး သင်ခဲ့လို့ပေါ့နော်' ဆိုတော့ မေမေက ပြုံးတယ်။

'မေမေတော့ သူ ပညာတွေအများကြီး သင်ခဲ့တယ်လို့ မထင်ပါဘူး' တဲ့။

'ဟင် ဒီလိုဆို သူ ပညာတွေ မတတ်ဘူးလား' ဆိုတော့လည်း 'တတ်လိမ့်မယ် မထင်ပါဘူး' တဲ့။

နောက်ပြီး သားကို ငေးကြည့်ရင်း

'ကန်ထရိုက်တာဆိုတာ ပညာတွေအများကြီး တတ်စရာ

www.burmeseclassic.com

www.burmeseclassic.com


မလိုဘူး၊ ပိုက်ဆံတွေ အများကြီး ရှိဖို့သာလိုတာ၊ ပိုက်ဆံတွေ အများကြီး ရှိရင် များများပေးနိုင်တယ်၊ အဲဒီတော့ ရရင်လည်းများများရတယ်’ တဲ့။

ဒီလိုဆို သားလည်း ကန်ထရိုက်တာပဲလုပ်တော့မှာပေါ့၊ ဟုတ်ဘူးလား။ သားကျောင်းသားမလုပ်တော့ဘူး၊ ကြီးလာရင်လည်း ကန်ထရိုက်တာပဲ လုပ်စားတော့မယ်လေ။

ဒါပေမယ့် မေမေက ပြောတယ်။ ကန်ထရိုက်တာလုပ်ဖို့ ပိုက်ဆံတွေအများကြီး လိုတယ်တဲ့။ အဲဒီပိုက်ဆံတွေကို ဖေဖေတို့ မေမေတို့ဆီက တောင်းလို့ရမှာ မဟုတ်ဘူးဆိုတာ သား သိပါတယ်။

သူတို့ဆီမှာသာ အဲဒီလောက် ပိုက်ဆံတွေရှိနေရင် သူတို့လည်း ဘယ်ဗိသုကာ လုပ်နေတော့မှာလဲ။

ကန်ထရိုက်တာပဲ လုပ်နေတော့မှာပေါ့ နော်။

တစ်နေ့တုန်းကတော့ မေမေကြီး နေမကောင်းလို့ ဦးဂိတ်ရဲ့ဆေးရုံကို သွားကြတယ်။ ဦးဂိတ်က ဆရာဝန်လေ။ နောက်ပြီး သားရဲ့ ဦးလေးပေါ့။

ဆေးရုံရောက်တော့ မေမေကြီးနဲ့ ကြီးကြီးက ဆေးရုံပေါ်တက်သွားတယ်။ သားနဲ့မေမေက ကားပေါ်မှာ နေရစ်ခဲ့ရတယ်။ သားက ကလေးမို့လို့ အပေါ်မတက်ရဘူးတဲ့လေ။

ဆေးရုံထဲမှာအင်္ကျီဖြူဖြူရှည်ရှည်ကြီးတွေ ဝတ်ထားတဲ့သူတွေကို တွေ့ရတယ်။ မေမေက ‘သူတို့က ဆရာဝန်တွေလေ သား အားမကျဘူးလား’ တဲ့။ မေမေက သားကို ဆရာဝန် သိပ်ဖြစ်စေချင်တာ။ သားကတော့ မဖြစ်ချင်တော့ပါဘူး။ စာကျက်ရမှာ ပျင်းလို့ပါ။

နောက်ပြီး မေမေက သားကို ပြောသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com


'သားရယ် ပညာကို ကြိုးစားနော် စာမတတ်ရင် စာမတော်ရင် ဟို ဆေးရုံပေါက်က အပေါက်စောင့်လို ခွေးခြေလေး တစ်လုံးနဲ့ ထိုင်ပြီး သူများတွေကို တံခါးဖွင့်ပေးနေရဦးမယ်' တဲ့။

ဟုတ်တယ်။ မေမေပြမှ သား သတိထားမိတယ်။

ဆေးရုံအဝင်ဝ သံဆွဲတံခါးနားမှာ လူတစ်ယောက် ခုံကလေး တစ်လုံးနဲ့ ထိုင်နေတယ်။ ဆေးရုံပေါ်တက်ချင်တဲ့လူတစ်ယောက်ကသူ့ နားကို ကပ်ပြီး တိုးတိုးလေး ပြောလိုက်တယ်။ သူက ပြုံးပြီး တံခါးဖွင့် ပေးလိုက်တယ်။

ဟော ခဏနေတော့ နောက်တစ်ယောက်။ ဟော နောက် တစ်ယောက်။

ဟာ မေမေရေ ဆေးရုံပေါ် တက်ချင်တဲ့သူတွေက အများကြီးမှ အများကြီးပါပဲ ဗျာ။

ကြီးကြီးတို့ ဆေးရုံပေါ်က ဆင်းလာကြတော့ မေမေက 'ဆေး ရုံစောင့်တဲ့သူကို အားကျလိုက်တာ' တဲ့။

အလကားမေမေ။

သားကိုတော့ ဆရာဝန်လေးတွေကို အားမကျဘူးလားတဲ့သူ ကတော့ အပေါက်စောင့်ကို အားကျနေတယ်တဲ့။ ကောင်းသလားဗျာ။

ညကျတော့ သားက အပြတ်ပြောလိုက်တယ်။

သား ကျောင်းသားမလုပ်တော့ဘူးလို့။ ဒီတော့ မေမေက ပြုံး ပြီး 'ကျောင်းသား မလုပ်ရင် ဘာလုပ်မှာလဲ' တဲ့။

သားက 'ကန်ထရိုက်တာလုပ်မှာ'လို့ ခပ်တင်းတင်းပဲ၉၃

ဟွန်း ဒါလေးများ။

သားက ဖြေတတ်ပါတယ် နော်။ ကြီးကြီးပြောတဲ့ ကာတွန်းထဲ ကလိုပေါ့။

www.burmeseclassic.com

www.burmeseclassic.com


ဟွန်း ဒါလေးများ။

သားက ဖြေတတ်ပါတယ် နော်။ ကြီးကြီးပြောတဲ့ ကာတွန်းထဲကလိုပေါ့။

'သား ဆေးရုံစောင့် အရင်လုပ်မယ်၊ ရတဲ့ ပိုက်ဆံတွေကို စုထားမယ်၊ ပြီးတော့မှ ကန်ထရိုက်တာလုပ်မယ်'

သား ရယ်စရာ ပြောတာမဟုတ်ပါဘူး။

ဒါပေမယ့် ဖေဖေနဲ့မေမေက ရယ်လိုက်ကြတာ။

တအား ရယ်ကြပြီးမှ အရယ် ရပ်သွားကြတယ်။

နောက်ပြီး

ဘာမှ မပြောဘဲ သားကို ငေးကြည့်နေကြတယ်။

ဟောဗျာ ဘာဖြစ်လို့လဲ မသိဘူး။

မေမေ့မျက်လုံးထဲမှာ မျက်ရည်တွေဝဲလို့။

(မဟေသီ ၁၉၉၂ ဩဂုတ်)

www.burmeseclassic.com

www.burmeseclassic.com



အကြံအစည်

www.burmeseclassic.com

www.burmeseclassic.com

အကြံအဖန် ဟူသောစကားကို ကြားဖူးနေသည်ကတော့ ကြာလှချေပြီ။ အဓိပ္ပာယ်အတိအကျကိုတော့ မဖွင့်ဆိုတတ်၊ အနည်းငယ် မရိုးမသား လုပ်ခြင်းဟူ၍တော့ အကြမ်းဖျင်း မှတ်ယူနိုင်မည်ထင်သည်။

'လူတွေက တယ်ပြီး အကြံအဖန်များကြတာကိုး' ဟု ဒေါ်အေးညို၏ခင်ပွန်းသည် ဦးစိုးမောင်က မကြာခဏ ပြောတတ်သည်။ ဟုတ်ပါ သည်၊ အရပ်ထဲမှာ၊ ဈေးထဲမှာ၊ အလုပ်ထဲမှာ၊ နေရာတကာမှာ အကြံ အဖန်ကလေးတွေ ရှိနေတတ်သည်။

'အင်း ငါတို့ အိမ်ရှင်မတွေမှာရော'

ဒေါ်အေးညိုက တွေးရင်းငေးပြီး၊ ငေးပြီးရင်းလည်း တွေးနေမိ တတ်လေသည်။

သူ့သား၊ သူ့သမီးတွေက ကွန်ပျူတာ၊ အီးမေးလ်၊ အင်တာနက်ဆိုတာ တွေကို မကြာခဏပြောနေသော်လည်း ဒေါ်အေးညို၏ခေါင်းထဲသို့ ဘာမှ မဝင်ချေ။ အသက်အစိတ်ထဲရောက်နေပြီဖြစ်သော အကြီးဆုံးသားက ကွန်ပျူတာကို အလွန်အမင်း စိတ်ဝင်စားပြီး မြတ်နိုးတွယ်တာလှသည်။ ချစ်သူရည်းစားရှာရန်၊ အိမ်ထောင်ပြုရန်ကိုပင် လုံးဝစိတ်ဝင်စားခြင်း မရှိဘဲ ကွန်ပျူတာ သင်တန်းတွေကိုသာ လောဘတကြီး လိုက်တက်နေ သည်။ ထို့နောက် သူ့သူငယ်ချင်း၏ဆိုင်မှကွန်ပျူတာတစ်လုံးကို လပေး နှင့်ဝယ်လာသည်။ ထိုအခါကျမှ ကွန်ပျူတာကို အနီးကပ်မြင်ဖူးသော ဒေါ်အေးညိုက 'သြော် ကွန်ပျူတာဆိုတာ တီဗီနဲ့ လက်နှိပ်စက် နှစ်မျိုး

www.burmeseclassic.com


ပေါင်းထားတာပါလား’ ဟု သူ့နည်း သူ့ဟန်နှင့် သဘောပေါက်လိုက်ရ ရှာလေသည်။

ဆယ်တန်းအောင်ပြီး တက္ကသိုလ်မတက်ရသေးသော သမီးအလတ်မဆီကတော့ အယ်(လ်)စီစီအိုင်၊ ဂျီစီအီး၊ တိုဖဲလ်၊ ပေါ်လီ စသည်များကို ကြားရပြန်သည်။ ဒေါ်အေးညိုကတော့ ဂျီစီအီးထက် ဂျီအီးစီကိုပိုပြီးစိတ်ဝင်စားသည်ကအမှန်ပင်။ သူ၏ ခင်ပွန်းသည်ဆီမှ ဂျီအီးစီထုတ် ပဲတို့၊ ဆပ်ပြာတို့၊ ဖယောင်းတိုင်တို့အပြင် အမြတ်ငွေကိုလည်း ရဖူးသောကြောင့် ဖြစ်လေသည်။

နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ညနေသင်တန်း တက်နေသော အငယ်ဆုံးသားကတော့ အိုတိုးစံ၊ အိုဘားစံ၊ ဒိုင်ဂျော ဘုရူနိုင်း စသော ဂျပန်စကားများကို တော့တီးတော့နဲ့ပြောတတ်ပြန်သည်။ ဂျပန်စကားကျွမ်းကျင်လျှင် တရုတ်စကားကို သင်ဦးမည်ဟုလည်း ပြောနေပြန်သည်။

ရှင်းရှင်းပြောရလျှင် ဒေါ်အေးညိုသည် ကွန်ပျူတာကို လည်းကောင်း၊ ဂျီစီအီးကိုလည်းကောင်း၊ အိုတိုးစံကိုလည်းကောင်း စိတ်မဝင်စားလှပေ။ မြစ်တစ်စင်းလို စီးမျောနေသောခေတ်ကြီးဝယ် ကိုယ့်လှေနှင့်ကိုယ့်တက်နှင့်ကြိုးစား၍သာလှော်ကြပေတော့ဟု သဘောထားမိသည်။

သူ၏ခင်ပွန်းသည် ဦးစိုးမောင်ကတော့ သူ့လိုမဟုတ်၊ သားကြီး၏ကွန်ပျူတာကို တဂျောက်ဂျောက် ဝင်နှိပ်တတ်သလို၊ အီးမေးလ်နှင့် အင်တာနက်တို့၏ထိရောက်မြန်ဆန်ပုံကိုလည်း အာပေါင်အာရင်းသန်သန်နှင့် ဆွေးနွေးတတ်သည်။

ပေါ်လီ၊ ပေါ်လီနှင့် ဒေါ်ပေါ်လီဖြစ်နေသောသမီးကိုတော့ ဝိုင်အိုင်တီ ညနေသင်တန်းတက်ခိုင်းသည်။ နှစ်နှစ်နေလျှင် ဒီပလိုမာရမည်ဆိုတော့ သမီးလည်း စိတ်ဝင်စားသွားလေသည်။ ‘ပေါ်လီတက်တာကတော့ ဟုတ်ပါပြီ၊ ပြီးရင်စင်ကာပူမှာ ပညာသင်ရမှာက သုံးနှစ်၊ အလုပ်

www.burmeseclassic.com


လုပ်ရမှာက သုံးနှစ်၊ အနည်းဆုံးခြောက်နှစ်နေရမှာ အမေကြီးရဲ့၊ တို့တတွေက ကုန်ကျစရိတ်ကို တတ်နိုင်တယ် ထားပါဦး၊ သမီးက အခုအသက်နှစ်ဆယ် ပြည့်တော့မယ်၊ နောက်ခြောက်နှစ်ဆိုရင် နှစ်ဆယ့်ခြောက်၊ အဲဒီအရွယ်ဟာ ချစ်သူရှာပြီး အိမ်ထောင်ရက်သားကျရမယ့်အရွယ်ပဲ။ ဟိုမှာနေရင်း ကိုယ့်မြန်မာချင်းတွေ့လို့ မေတ္တာမျှကြရင် တော်ရဲ့၊ လူမျိုးခြားနဲ့ ညားပြီးပါသွားရင် ဒုက္ခ’ဟု ဒေါ်အေးညိုကို တီးတိုးပြောပြတတ်သည်။ ဒေါ်အေးညိုကလည်း ခေါင်းတဆတ်ဆတ်ညိတ်ရင်း ‘မောင်မင်းကြီးသား အမြော်အမြင်ကြီးပါပေရဲ့’ဟု ကိုယ့်ယောကျ်ားကို ကိုယ်အထင်ကြီးရသည်။ နိုင်ငံနှင့်လူမျိုးကို လည်းကောင်း၊ ဘာသာတရားကို လည်းကောင်း အရေးထားလေးစားတတ်သူဆိုတော့ဒီအချက်က မတွက်လို့မဖြစ်။ ရောက်ရာအရပ်တွင် ကြုံသလိုအိမ်ထောင်ကျသွားမည်ကိုကား သူလည်း စိုးရိမ်မိသည်ကတော့ အမှန်ပင်။

သားအငယ်ကိုတော့ ဦးစိုးမောင်က ‘ကြိုးစားကွ ငါ့သား၊ ဘာသာစကားဆိုတာ များများတတ်လေ ကောင်းလေပဲ’ ဟု အားပေးတတ်သည်။ ထို့နောက် ‘ဒါပေမယ့် အင်္ဂလိပ်စကားက ကမ္ဘာသုံးစကားနော်၊ အဲဒါကိုတော့ အရင်ကျွမ်းကျင်ဖို့လိုတယ်’ဟု အလေးအနက် သတိပေးတတ်သည်။

ခေတ်ရေစီးထဲတွင်မျောကြသူချင်းအတူတူသူ၏ခင်ပွန်း သည် ဦးစိုးမောင်က ပတ်ဝန်းကျင်ကို ဂရုတစိုက် လေ့လာမှတ်သားရင်း ကူးခတ်နေသူနှင့်တူပြီး သူကတော့ သစ်တုံးကြီးမျောသလို အသိမဲ့စွာ တငြိမ့်ငြိမ့် မျောပါနေသလားဟု ဒေါ်အေးညိုက တွေးမိတတ်လေသည်။

‘ဒီလိုတော့လည်း မဟုတ်ပါဘူး၊ ငါစိတ်ဝင်စားတာရှိပါတယ်’

ဒေါ်အေးညိုက သူ့အတွေးကိုသူ ချက်ချင်းပြန်ကာ ငြင်းချက်ထုတ်မိသည်။ သူ စိတ်ဝင်တစားနှင့် မျက်ခြည်မပြတ်လေ့လာပြီး ရင်ခုန်နေရတာ တစ်ခုတော့ အရှိသားပင်။ ထိုအရာကတော့ ပျိုပျိုမေရှောင်ကာ

www.burmeseclassic.com

www.burmeseclassic.com


ပုန်းချင်သည့် ကိုကိုမောင်ကုန်စျေးနှုန်းပင်။

တစ်နေ့တုန်းကတော့ ဦးစိုးမောင်က မဂ္ဂဇင်းတစ်စောင်ကို ဖတ်ရင်း'သက်ရှိဆဲလ်ကိုယူပြီး သက်ရှိပုံတူပွားလို့ရနေပြီ၊ ဒီမှာ ကြည့် စမ်း တိရစ္ဆာန်ကို သက်ရှိပုံတူပွားတာ အောင်မြင်နေပြီ၊ နောင်ဆိုရင် လူကိုတောင် ပုံတူပွားလို့ရတော့မယ်တဲ့၊ သိပ္ပံပညာ တိုးတက်ပုံကတော့ အံ့သြလောက်အောင်ပါပဲဗျာ' ဟုပြောသည်။

ဒေါ်အေးညိုကတော့ ဦးစိုးမောင်၏စကားကို နားထောင်ရင်း 'ကမ္ဘာကြီးမှာ လူဦးရေမထိန်းနိုင်လို့တောင် မနည်း လျှော့ချနေရတာ၊ လူတစ်ယောက်ကိုနှစ်ယောက်သုံးယောက်ပွားတော့ ဘာလုပ်ရမှာလဲ'ဟု တွေးနေမိသည်။ သူက သဘာဝလွန် ဖြစ်ရပ်များကို သိပ်ပြီး မနှစ်သက် လှပေ။ သုံးလောကထွတ်ထား မြတ်စွာဘုရားပင် သေခြင်းကို တားဆီး တော်မမူဘဲ ပရိနိဗ္ဗာန်ပြုခဲ့ပြီးဖြစ်၍ ဖြစ်စဉ်၊ ဖြစ်ဆဲ၊ ဖြစ်မြဲ သဘာဝ များကို သူ၏စိတ်ထဲတွင် စောဒကမတက်လိုလှပေ။

'သက်ရှိပုံတူပွားမယ့်အစား သက်မဲ့ပုံတူပွားလို့ရရင် ပိုပြီး မကောင်းပေဘူးလား၊ ဈေးခြင်းထဲကကြက်တစ်ကောင်ကနေ နှစ်ကောင် ဖြစ်၊ ငါးနှစ်ကောင်ကနေ လေးကောင်ဖြစ် ဟင်း ဟင်း၊ ခုနစ်ကောင် ရှစ်ကောင်ဖြစ်ရင် ပိုလို့တောင် ကောင်းဦးမယ်'

ဒေါ်အေးညိုကအတွေးနှင့်ပင်အတော်ပျော်သွားသည်။ တစ်နေ့ တွင် သူ သိပ္ပံပညာရှင်ကြီးများကိုပင် သွားပြီး နားပူနားဆာတိုက်လိုက် ချင်သေးသည်။ အကြံပေး ပြောပြလိုက်ချင်သေးသည်။

ဒီနေ့တော့ အိမ်မှာ ငါးရံ့ခြောက်နှစ်ပြား ဖြုန်းခနဲ ပေါ်လာ သည်။ သက်ရှိပုံတူပွားခြင်းလည်းမဟုတ်၊ သက်မဲ့ပုံတူပွားခြင်းလည်း မဟုတ်။ ဦးစိုးမောင်၏မိတ်ဆွေတစ်ဦးက လက်ဆောင်ပေးလိုက်ခြင်း ဖြစ်သည်။

ဦးစိုးမောင်က ကျွတ်ကျွတ်အိတ်နှင့်ထုပ်ထားသော ငါးရံ့

www.burmeseclassic.com

www.burmeseclassic.com


ခြောက် နှစ်ပြားကို လှမ်းပေးရင်း 'မိန်းမရေ နက်ဖြန်ခါကျတော့ မီးဖုတ်ပြီး နာနာသာထုပေတော့ကွာ' ဟုပြောတော့ သူအတော် ကြည်နူးသွားသည်။

လွန်ခဲ့သော နှစ်ပေါင်း အစိတ်ကျော်ကျော်ကတော့ ချစ်သူတို့ ဘဝပေမို့ အင်းလျားရေပြင်၊ တက္ကသိုလ်အဓိပတိလမ်းနှင့် ကံ့ကော်ပင်တန်းတို့က ဒေါ်အေးညိုကို ရင်ခုန်ကြည်နူးစေခဲ့ဖူးသည်။ ချစ်သူ လက်ဆောင်ပေးသော ကံ့ကော်၊ ခရေ၊ စပယ်ပန်းလေးများကို တမြတ်တနိုးပန်ဆင်ပြီး ခြောက်လျှင်ပင် လွှင့်မပစ်ရက်ဘဲ သိမ်းဆည်းခဲ့ရဖူးသည်။ အခုတော့ သူ ပြောင်းလဲလာပုံက ပြုံးချင်စရာကောင်းလှသည်။ စပယ်၊ ခရေ၊ ကံ့ကော်ရနံ့သင်းပျံ့ပျံ့တို့ထက် ငါးပိ၊ ငါးခြောက်နံ့ညှီတီတီကိုပင် ပိုပြီး နှစ်သက် သလိုဖြစ်နေသည်။ စပယ်ပန်းက ဟင်းချက်၍မရ၊ ငါးရံ့ခြောက်ကတော့ ဟင်းကောင်းတစ်ခွက် ဖြစ်လာမည် မဟုတ်ပါလား။

'အညာဆီ စစ်စစ်ကလေး တစ်ပုလင်း ကျန်နေသေးတာနဲ့ အတော်ပဲ၊ ငါးရံ့ခြောက်ကို နပ်နေအောင်ဖုတ်၊ မွနေအောင်ထု၊ ဆီကလေး ရွှဲရွှဲဆမ်း'

ငါးရံ့ခြောက်နှင့်အတူ ထောပတ်ပဲဆိမ့်ဆိမ့်ချိုချိုကြီးတွေကို အိုးကပ်ကလေးနပ်မည်၊ ငါးပိရည်ကျဲကျဲဖျော်ပြီး ဖန်ခါးသီး လေးတို့၊ ချဉ်ပေါင်ရွက်ဟင်းချိုချက်၊ ဒေါ်အေးညိုက စိတ်ကူးထဲတွင် ဟင်းစပ်ရင်း ထမင်းပင်ဆာလာသည်။

သို့သော် ငါးရံ့ခြောက်အကောင်လှလှကြီးတွေကို မီးဖုတ်ပြီး နာနာထုလိုက်တော့ ထင်သလိုဖြစ်မလာသည်က ခက်လှပါသည်။ စားချင်စဖွယ် မွလာသော ငါးခြောက်သားမျှင်မျှင်လေးများကို ပန်းကန်ထဲဖဲ့ထည့်ရင်း တစ်ဖတ်ကောက်ဝါး ကြည့်လိုက်တော့ ငန်လိုက်သည်မှာ တူးနေသည်။

'ဒုက္ခပဲ၊ ငါးတစ်ကောင်ကို ဆားတစ်ပိဿာနှုန်းနဲ့ နယ်ထား လား မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com


ဒေါ်အေးညိုခမျာ အတော်ကြီး စိတ်ညစ်သွားရှာသည်။ သူရော ဦးစိုးမောင်ရော အသက်ငါးဆယ်ကျော်လာပြီဆိုတော့ သွေးတိုးတို့၊ ဆီးချိုတို့က ခြိမ်းခြောက်နေပြီဖြစ်သည်။ ရောဂါဟူ၍ မည်မည်ရရ မဖြစ်သေးသော်လည်း၊ အချိုကိုလည်းကောင်း အငန်ကိုလည်းကောင်း တတ်နိုင်သမျှ လျှော့ရမည့်အရွယ်များ ဖြစ်သည်။

'အင်း ငန်တံတံမကဘူး ငန်တူးတူးဖြစ်နေတာ ခက်လှတယ်'

ဒေါ်အေးညိုက ငါးခြောက်ခွဲသူကိုပင် လှမ်းပြီး စိတ်ဆိုးချင်နေသည်။ 'ဆားကလေးများ နည်းနည်းလျှော့လိုက်ပါတော့လား' ဟု ရန်ထောင်ချင်နေသည်။

'ငါးခြောက်က ငန်တော့ ပဲကြီးနှပ်မှာ ဆားလျှော့ထားလိုက်မယ်၊ ငပိရည်ဖျော်မထည့်တော့ဘူး၊ ပဲပုပ်လေးမီးကင်ပြီး ဆီဆမ်းပေးလိုက်မယ်၊ ဒါဆိုရင် မဆိုးပါဘူး'

ဒေါ်အေးညိုက သူ့ကိုယ်သူ အားပေးသည်၊ ညနေကျတော့ ငါးခြောက်ဖုတ်ပန်းကန်က ထမင်းပွဲအလယ်တွင် ဝင့်ထည်လို့နေသည်။ ဦးစိုးမောင်က ထမင်းပွဲကို တစ်ချက်လှမ်းကြည့်ရင်း 'ကောင်းသဟေ့'ဟု ပြောသည်။ သားသမီးတွေကတော့ နှုတ်ခမ်းနီကြော်ငြာထဲကလို 'ရှယ်ပဲ' ဟု ပြိုင်တူအော်ကြသည်။ ငါးခြောက်ပန်းကန်ကို ခပ်သွက်သွက် နှိုက် ကြသည်။

'အားပါး ငန်သဟေ့'

ဦးစိုးမောင်၏မျက်နှာက ရှုံ့သွားသည်။

'ငန်တာမှ တူးနေတာပဲ'

သားကြီးက ထောက်ခံသည်။

'ငါးရဲ့ခြောက်မဟုတ်ပဲ ငါးရဲ့ငါးပိကောင်ကြီးများ မှားပြီး မီးဖုတ်မိတာလား မေမေရဲ့'

သမီးနှင့်သားလတ်က ရယ်ရယ်မောမောနှင့် မေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com


'ငါးခြောက်က ငန်နေတော့ ငါးပိရည်စားစရာ မလိုတော့ဘူး ပေါ့၊ ဖန်ခါးသီးကို ငါးခြောက်နဲ့ မြုပ်စားလိုက်'

သားကြီးက အကြံပေးသည်။ မည်သို့ပင်ဆိုစေ၊ ငါးခြောက် ပန်းကန်သို့ လှမ်းနေသည့်လက်များ သိသိသာသာကြီး နှေးကျသွား သည်ကတော့ အမှန်ပင်၊ ငါးခြောက်ပန်းကန်ကို နှိုက်မလိုနှင့် ပဲကြီးနှပ် ဆီသို့သာ ယိုင်ကျသွားသောလက်များကြောင့် အားလုံး ထမင်းစားပြီး သည်အထိ ပန်းကန်တစ်ဝက်ပင် မကုန်ချင်ပေ။

'အများကြီးပဲ ကျန်နေတယ်'

ဒေါ်အေးညိုက ကြည့်ရင်းနှမြောနေသည်။ ဒီငါးခြောက်တွေ ကို နောက်တစ်နေ့ ဆက်ကျွေးလျှင်လည်း သိပ်ပြီး ကြည်သာကြမည် မဟုတ်ချေ။

'ဒီတော့လည်း ငါးခြောက်ဖုတ်ကို ငါးခြောက်ဟင်း လုပ်ပစ် လိုက်မှာပေါ့'

ဒေါ်အေးညိုက ငရုတ်၊ ကြက်သွန်ဆီသတ်ပြီး ခရမ်းချဉ်သီး အနှစ် နိုင်နိုင်ကလေးနှင့် ငါးခြောက်ဟင်းအသွင် ပြောင်းလိုက်သည်။ မဆလာနံ့တသင်းသင်းမွှေးနေသော ငါးရံ့ခြောက်ဆီပြန်ဟင်းကလေး သည် စားပွဲပေါ်သို့စားချင့်စဖွယ်ရောက်လာသည်။

'အင်း ဒါတောင် အတော်ငန်သေးတယ်'

ဦးစိုးမောင်က မှတ်ချက်ချသည်။

'အနှစ်ကတော့ ကောင်းပါတယ် ဖေဖေရ၊ မွှေးနေတာပဲ'

သားတွေ သမီးတွေကတော့ သူတို့အမေကို အားပေးကြရှာ သည်။ သို့သော် ငါးခြောက်ဖတ်ကလေးတွေကို မသိမသာ ရှောင်ကာ အနှစ်ကို အားပြုပြီး စားသွားကြလေသည်။ ထို့ကြောင့် ပန်းကန်ထဲမှာ အနှစ်တွေသာကုန်သွားပြီး ငါးခြောက်ဖတ်လုံးတီးကလေးများက ရှုံ့ပြုံးကလေးများပြုံးကာ ကျန်ခဲ့ကြရှာသည်။

www.burmeseclassic.com

www.burmeseclassic.com


'အကောင်းကလည်း ကြိုက်တတ်လိုက်ကြတာ၊ လျှာတွေက လည်း သိတတ်လိုက်ကြတာ'

ဒေါ်အေးညိုက ပြုံးပြုံးစုစုတွေးရင်းအကြံထုတ်နေမိသည်။ ကုန်စိမ်းသည်ဆီမှ တညင်ခရမ်းသီးနုနုထွားထွားကြီးတွေ တွေ့တော့မှ အကြံရသွားသည်။ ခရမ်းသီးနှပ်ထဲကို ပုစွန်ခြောက်အစာမထည့်ဘဲ ကျန်နေသော ငါးခြောက်ဖတ်များထည့်လိုက်သည်။ ထို့နောက်အချိုမှုန့်ကလေး အနည်းငယ်ကူလိုက်သည်။ နူးပြီးချိုနေသော ခရမ်းသီးများက ရေ နည်းနည်း ထည့်ရုံနှင့် အိကျသွားသည်။

ထူးထူးဆန်းဆန်း မဆလာနံ့သင်းနေသော ခရမ်းသီးနှပ် ပန်းကန်သည် ထမင်းစားပွဲပေါ်သို့ ဣန္ဒြေကလေးနှင့် ရောက်လာပြန်လေသည်။ သူတစ်ဦးတည်းတော့မဟုတ်၊ ဝက်အူချောင်း ဆယ့်ငါးကျပ်သားကိုပါ အားဖြည့်ထားတော့ သူတို့ တစ်အိမ်သားလုံး ထမင်းမြိန်ကြလေသည်။ ခရမ်းသီးဖတ် ချိုချိုအိအိကလေးများနှင့်ရောနေသော ငါးခြောက်ဖတ်ကလေးများက အပေါင်းအသင်း မှန်သွားသောကြောင့်လားတော့မသိ၊ ရောပြီး ချိုသလိုလိုဖြစ်နေသည်။ ညက်ညက်ဝါးလျှင် ငန်နေသေးသော်လည်း မည်သူကမျှ ဘာမျှ ပြောမနေဘဲ လျှာနှင့်သိမ်းကာ မြိုချလိုက်ကြလေသည်။

'ဒါတောင် ကျန်ဖြစ်အောင် ကျန်သေးတယ်'

ခရမ်းသီးများသွားသောကြောင့်လားမသိ၊ အိုးထဲတွင် တစ်ပန်းကန်စာလောက် ကျန်နေရစ်သည်၊ သိုးသွားမှာစိုး၍ ရေခဲ သေတ္တာထဲထည့်သိမ်းထားရင်း ဒေါ်အေးညို အကြံထုတ်ပြန်သည်။

နောက်တစ်နေ့ကျတော့ ဒန့်ဒလွန်သီး လေးတောင့်က စစ်ကူလိုက်လာသည်။ ခရမ်းချဉ်သီး၊ အာလူး၊ မုန်လာဥတို့ကိုပါ ရော၍လုံးပြီး မန်ကျည်းရေထည့်သည်။ ရေဆူတော့ လက်ကျန်ခရမ်းသီးနှပ်ကို ဟင်းအိုးထဲသို့ ဒိုင်ဗင်ထိုးပြီးဆင်းခိုင်းလိုက်သည်။ ရုံးပတီသီး လေးငါးခြောက်

www.burmeseclassic.com

www.burmeseclassic.com


တောင့်ကို လှီးထည့်လိုက်ပြီး မဆလာဖြူးလိုက်သည်။ ဒီတော့လည်း ဒေါ်အေးညို၏ သီးစုံ ကုလားဟင်းက စားချင့်စဖွယ် မွှေးပျံ့လို့နေပြန်သည်။

ဘဲဥလေးလုံးကို အနှစ်ဖောက်၊ နာနာခေါက်ပြီး မွှေကြော်ကာ ထပ်မံအားဖြည့်ပေးလိုက်တော့ ဦးစိုးမောင်တို့ သားအဖတစ်တွေ ခေါင်း မဖော်ကြတော့ပေ။ ကုလားဟင်းကိုလှမ်းသောလက်များ ခဏခဏ ဆုံနေ၍ ရယ်ကြရသေးသည်။

'ခရမ်းသီးက နူလို့လားမသိဘူး နူးပြီးပျော်နေတယ်နော် အမေ'

စေ့စေ့စပ်စပ်ရှိလှသောသားငယ်က ပြောသည်။ သို့သော် သီးစုံ ကုလားဟင်းထဲသို့ ခရမ်းသီးနှပ်ကို ရောငုပ်ဆင်းခိုင်းထားကြောင်းကိုကား ရိပ်မိဟန်မတူပေ။

'သီးစုံဟင်းလေးက ကောင်းသကွာ'

ဦးစိုးမောင်က ဟင်းရည်ပျစ်ပျစ်လေးဆမ်းလိုက်၊ တညင်းသီးဆားစိမ်လေးကိုက်လိုက်နှင့်ထမင်းပင် တစ်ပန်းကန် ထပ်ထည့်ရသည်။

ဒီတစ်ခါတော့ ဒေါ်အေးညို၏သီးစုံဟင်းသာမက ထမင်းအိုးပါ အိုးကပ်ပင် မကျန်အောင် တက်တက်ပြောင်သွားသည်။

ဒေါ်အေးညိုလည်း အခုမှပင် ကြည်ကြည်လင်လင် ပြုံးနိုင်လေတော့သည်။

တစ်နေ့တုန်းကတော့ တစ်အိမ်ကျော်မှ ဘုရားကိုးဆူကပ်ရာတွင် သူတို့အိမ်ရှင်မ သုံးလေးဦး ဆုံမိကြသည်၊ ဆုံမိတော့လည်း ထုံးစံအတိုင်း သားဈေး၊ ငါးဈေးနှင့် မီးဖိုချောင်အကြောင်းပင် ပြောမိကြသည်။ ဒါက လွဲလို့လည်း ဒီပြင်အကြောင်းကို စိတ်မဝင်စား၊ သူတို့က သာမန် အိမ်ရှင်မတွေဆိုတော့ အိမ်ဈေး၊ မြေဈေး၊ စိန်ရွှေဈေးနှင့် မော်တော်ကားဈေးများကိုလည်း မပြောတတ်ကြရှာပေ။

www.burmeseclassic.com

www.burmeseclassic.com


'တစ်နေ့ တစ်နေ့ ဟင်းစပ်ကို စဉ်းစားနေရတာ ဦးနှောက်တွေ ပွန်းမတတ်ပါပဲ' ဟု တစ်ဦးက စကားစသည်။

'ဟုတ်ပါ့၊ စားလို့လည်းကောင်းအောင်၊ အကုန်အကျလည်း သက်သာအောင်ချက်ရတာ လွယ်တာမှတ်လို့'

'ဒီကြားထဲ ဟင်းမကြိုက်ကြလို့ ပိုနေရင် သိပ်စိတ်ညစ်ရတာပဲ'

'ကျွန်မကတော့ ဟင်းကျန်ရင် ဘယ်တော့မှ အလကား မထား ဘူး၊ တစ်ခုခုအသွင်ပြောင်းပစ်လိုက်တာပဲ'

အိမ်ရှေ့အိမ်မှဒေါ်သိန်းကပြောတော့ ဒေါ်အေးညိုလည်း ငါးရံ့ခြောက်နှစ်ပြားကိုသတိရသည်။ ငါးခြောက်ဖုတ်မှ ငါးခြောက်ဟင်း၊ ငါးခြောက်ဟင်းမှ ခရမ်းသီးနှပ်၊ ခရမ်းသီးနှပ်မှ သီးစုံကုလားဟင်း အဆင်ဆင့်ပြောင်းလဲလာခြင်းကို သူ့သားသမီးတွေက ရုပ်ပြောင်းလဲခြင်းဟု သတ်မှတ်မလား၊ ဓာတ်ပြောင်းလဲခြင်းဟု သတ်မှတ်မလား။ သူ အသေအချာ မစဉ်းစားတတ်ချေ။

'မနေ့တုန်းကတော့ ဝက်သားဟင်းချက်တာ အဆီများနေတော့ သိပ်မကြိုက်ကြဘူးလေ၊ အသားတွေချည်း ရွေးစားသွားကြတာ ဝက်ဆီတုံးကြီးပဲ ကျန်ရစ်တယ်၊ ဒါနဲ့ ဒီနေ့တော့ ချဉ်ပေါင်နှင့်မှုန့်ကို ခပ်ပြစ်ပြစ်လေးမွှေပြီး အဲဒီအဆီတုံးတွေကိုပါ ရောထည့်ပြီး ချက်ပေးလိုက်တယ်၊နောက်ပြီး ငါးပိထောင်းစပ်စပ်လေး ထောင်းပေးလိုက်တော့ စားလိုက်ကြတာ လောက်တောင် မလောက်တော့ဘူး'

ဒေါ်ခင်ခင်က သူ့အတွေ့အကြုံကိုဖောက်သည်ချသည်။ ဒေါ်အေးညိုက သူ့ကိုငေးကြည့်နေရင်း'အင်း သူကတော့ ချဉ်ပေါင်ရွက်နဲ့ ငါးပိထောင်းကို စစ်ကူခေါ်လိုက်တာကိုး' ဟု တွေးနေမိသည်။

'ကျွန်မလည်း ချဉ်ပေါင်ဟင်းလက်သုံးပဲ၊ ဘာဟင်းပဲ ကျန်နေနေ၊ ချဉ်ပေါင်ချက်ပြီး ရောထည့်ပစ်လိုက်ရင် အရသာတစ်မျိုး ထူးပြီး စားကောင်းသွားတာချည်းပဲရှင့်'

www.burmeseclassic.com

www.burmeseclassic.com


ဒေါ်လှလှဆွေက ခေါင်းလေးတညိတ်ညိတ်နှင့် ထောက်ခံသည်။

'အိမ်ရှင်မဆိုတာ ဟင်းကောင်းကောင်းချက်တတ်ရုံနဲ့ မပြီးတော့ဘူး၊ ကျန်တဲ့ဟင်းကိုလည်း မလေမလွင့်ရအောင် စပ်ဟပ်ပြီး ရောတတ်၊ နှောတတ်၊ ပြုပြင်တတ်ဖို့ လိုသေးတယ်နော်'

တစ်ချိန်လုံးငြိမ်နေသော ဒေါ်အေးညိုက တွေးတွေးဆဆ ဝင်ပြောတော့ ဒေါ်သိန်းက ရယ်ချင်နေသောမျက်နှာနှင့် မျက်စောင်းထိုးသည်။

'အောင်မယ်လေး ရှင်အေးညိုရယ်၊ စကားလုံးတွေ ရှည်ရှည်ဝေးဝေးပြောမနေပါနဲ့၊ အကြံအဖန်တတ်ဖို့လိုတယ်လို့ပဲ ရှင်းရှင်း ပြောလိုက်စမ်းပါ၊ နားလည်လွယ်ပါတယ်'

ဒေါ်သိန်း၏စကားအဆုံးတွင်တော့ သူတို့အားလုံး ရယ်မိကြလေသည်။

'လူတွေက တယ်ပြီး အကြံအဖန်များကြတာကိုး' ဟု သူ၏ခင်ပွန်းသည် ဦးစိုးမောင်က ပြောတတ်သည်။ ဟုတ်ပါသည်။ အရပ်ထဲမှာ၊ ဈေးထဲမှာ၊ အလုပ်ထဲမှာ၊ နေရာတကာမှာ အကြံအဖန်ကလေးတွေ ရှိတတ်သည်။

'အင်း ငါတို့ အိမ်ရှင်မတွေမှာရော'

ဒေါ်အေးညိုက တွေးရင်း ပြုံးပြီး၊ ပြုံးရင်းလည်း တွေးနေမိတတ်လေသည်။

(မြန်မာ့ဂုဏ်ရည် ၂၀၀၀ ပြည့်နှစ်)

www.burmeseclassic.com

www.burmeseclassic.com

## ဆေးကု၍ မရပါ



www.burmeseclassic.com

www.burmeseclassic.com

မမညို၏ဆေးခန်းကလေးသည် တစ်ခုသော ဆင်းရဲသားရပ်ကွက်၏ အစွန်ဘက် ခပ်ကျကျတွင် တည်ရှိသည်။ ရွှံ့ထူသော မြေပေါ်တွင် မခမ တိုင်ထောင်ကာ ကြမ်းကြဲစိုက်ထားသော ဆေးခန်းကလေးသည် ထည် ထည်ဝါဝါ မရှိလှသည်ကတော့ အမှန်ပင်။

မြေနီလမ်းနှင့်ဆေးခန်းလေးအကြားတွင်ရှိနေသော ရွှံ့နွံ့များ ကြောင့် ဆယ်ပေခန့်ရှည်သော သစ်သားတံတားလေး ထိုးထားရသည်။ တံတားလေး၏ တစ်ဖက်တစ်ချက်တွင် ဗုဒ္ဓသရဏံ အပင်ရိုင်းများနှင့် ပိန်းပင်များရှိသည်။ ခပ်လှမ်းလှမ်းတွင်ကား ခရာချုံကြီး တစ်ချုံရှိသည်။ ခရာရွက် ချွန်ချွန်များသည် ညနေခင်းနေရောင်ခြည်အောက်တွင် စိမ်းမြ စိုလက်နေတတ်သည်။

ဘွဲ့လေးတစ်ခုရထားသော်လည်း အလုပ်အကိုင် မည်မည်ရရ မရှိသေးတော့ ပိုပိုသည် မမညို၏ဆေးခန်းသို့ ညနေတိုင်း လိုက်သွား ရသည်။ မီးရောင်မှိန်မှိန်အောက်တွင် ခြင်တဖျပ်ဖျပ်ခတ်ရင်း လူနာမျှော်ရ သောအလုပ်ကို မလုပ်ချင်သော်လည်း မတတ်နိုင်ပါ။

‘မိပိုရယ် ငါတို့ညီအစ်မ နှစ်ယောက်ဆိုတော့ အပြန်မိုးချုပ်ပေ မယ့်လည်း တော်သေးတာပေါ့၊ နင်မလိုက်ရင် ငါ့မှာ ချင်းမနားကို မုန့်ဖိုး ပေးပြီး အဖော်ခေါ်နေရတာကိုလည်း သိသားနဲ့’

မမညိုက ချော့ရှာသည်။ ပိုပိုက ‘မမညိုရာ ဒီလောက် မိုးချုပ် စရာ မလိုဘဲ ဒီထက်ပိုရအောင် လုပ်လို့ရသားနဲ့များ ဒီဆေးခန်းနေရာမှာ

www.burmeseclassic.com

www.burmeseclassic.com


ပိုပိုတို့ညီအစ်မ မုန့်ဟင်းခါးရောင်းကြရအောင်လေ၊ ဒီထက် နှစ်ဆ သုံးဆ ပိုရမရ လောင်းမလား'ဟု ကျီစယ်မိရာ (အမှန်ကတော့ အတည်ပြော မိခြင်း ဖြစ်ပါသည်) မမညိုစိတ်ဆိုးသွား၍ မနည်းကြီး ပြန်ချော့ခဲ့ရသည်။

အခုတော့လည်း ညနေလေးနာရီထိုးလျှင် အသင့်ပြင်ထား သော ခြင်းတောင်းလေးကိုဆွဲပြီး မမညို၏နောက်မှ တစိုက်စိုက် လိုက်ခဲ့ ရသောဘဝတွင် ပိုပိုအသားကျနေပေပြီ။ သူ၏ခြင်းတောင်းလေးထဲတွင် ဝတ္ထု သို့မဟုတ် မဂ္ဂဇင်း တစ်အုပ်၊ ထိုးလက်စအင်္ကျီလေးနှင့် ထရိုင်ဇာ ချည်လုံး၊ လက်နှိပ်ဓာတ်မီး တစ်ချောင်း အမြဲပါရှိလေသည်။

ဖယောင်းတိုင်၊ မီးခြစ်နှင့်ခြင်ဆေးခွေတို့ကိုကား ဆေးခန်းတွင် ပင်ထားပြီး ကုန်လျှင်ကုန်သလို ထပ်သယ်သွားရသည်။ ထို့အပြင် မမညို ၏ဆေးခန်းအတွက် မီးမွှေးရန် ထင်းရှူးသားလေးများနှင့် မီးသွေးလည်း လိုသေးသည်ဟုဆိုလျှင် မပြုံးကြစေလိုပါ။

မမညို၏ဆေးခန်းက မီးခဏခဏ ပျက်တတ်သည်။ မီးစက် လည်း မဝယ်နိုင်တော့ ဖယောင်းတိုင်သာ အဆင်သင့် ဆောင်ထားရ သည်။ ဖျတ်ခနဲ မီးပျက်သွားသည်နှင့် ပိုပိုကလည်း မီးခြစ်ကလေးကို ရှဲခနဲခြစ်တတ်သည်မှာ သံပတ်ပေးထားသော စက်ရုပ်တစ်ခုလို အချိန် ကိုက်ပင် ဖြစ်နေတတ်လေသည်။

လူနာကို ဖယောင်းတိုင်မီးနှင့် ကြည့်လို့ရှုလို့ စမ်းသပ်လို့ ရ သေးသော်လည်း အပ်တိုအပ်ရှည်တွေကိုတော့ ဖယောင်းတိုင်မီးနှင့် ပြုတ် ၍ မရပေ။ ထို့ကြောင့် ဆေးဗီရိုအောက်တွင် အဆင်သင့်ဆောင်ထား သော ထင်းရှူးသားပေါက်ကလေးများကို ဆွဲထုတ်ကာ မီးသွေးမီးဖိုကို အမြန်ဆုံးရအောင်လည်း မွှေးတတ်နေပြီဖြစ်လေသည်။ မီးစွဲငြိလာသော မီးသွေးတုံးလေးများကို အပူရှိန်ကောင်းလာစေရန် ယပ်တောင်နှင့် တဖျပ် ဖျပ် ခတ်ရင်း ပိုပိုသည် 'ငါလည်း ဂျာရစ်တို့အမေနဲ့ အတူတူပါပဲ'ဟု တွေးနေမိတတ်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဂျာရစ်တို့အမေသည် မမညို၏ဆေးခန်းနှင့် မျက်စောင်းထိုး နေရာလောက်တွင် ပြောင်းဖူးမီးဖုတ်ရောင်းလေသည်။ သွတ်ပြားဟောင်း ပေါ်တင်ထားသော မီးကျီးခဲရဲရဲလေးများကို ဘယ်ဘက်လက်က တဖျပ် ဖျပ် ခတ်နေရင်း ညာဘက်လက်ကမူ ပြောင်းဖူးကလေးကို အကျက်ညီ စေရန် လှည့်ပေးနေတတ်သည်။

သူ့ပြောင်းဖူး မီးဖုတ်နံ့က သင်းပျံ့ပြီး မွှေးကြိုင်နေသဖြင့် အနံ့ ရတိုင်း ပိုပိုစားချင်စိတ် ပေါက်လာတတ်သည်။ သို့သော် တကယ် ဝယ် စားကြည့်လျှင်တော့ စား၍မကောင်းလှချေ။ ပြောင်းက မာကြမ်းပြီး ရင့်လည်းရင့်နေတော့ ကျောက်ခဲလေးတွေလို မာနေတတ်သည်။ သွား တွေ ညောင်းလာအောင် ဖိပြီးတအားဝါးနေရသော်လည်း ချိုသော အရ သာကိုကား ရှာ၍မတွေ့ပေ။

‘မိပိုရယ် ဘာလို့ ဝယ်စားနေရတာလဲ၊ သူ ချောင်းတဟွပ်ဟွပ် ဆိုးနေတာ မတွေ့ဘူးလား၊ သူ့မှာသာတီဘီဖြစ်နေရင်တော့ နင့်ကို ကူး ပြီသာမှတ်တော့’

မမညိုကဆူသည်။ မမညိုပြောမှ ပိုပိုလည်း သတိထားကြည့် မိသည်။ သူ ချောင်းတဟွပ်ဟွပ် ဆိုးနေတတ်သည်ကတော့ အမှန်ပင်။ ခြေချောင်းလေးများလည်း ယောင်အမ်းနေတတ်သည်။

‘အစ်မ ချောင်းဆိုးနေတယ်နော်၊ ဆေးမသောက်ဘူးလား’

တစ်ခါကတော့ ပိုပို စပ်စုဖူးသည်။

‘ဇီရာရွက်အရည် ညှစ်ပြီးသောက်တယ်လေ’

သူကပိုပို့ကိုလှမ်းကြည့်ပြီးမပွင့်တပွင့်ပြောသည်။ ဆေးခန်းက ကောင်မလေး ဆေးရောင်းချင်၍ လာပြောတာလားဟု ထင်သွားမည် စိုး၍ပိုပိုက‘ချောင်းဆိုးပျောက်ဆေးလေးဘာဘေး ဝယ်သောက်ပါလား ၊ဆရာဝန်နဲ့စမ်းကြည့်ပါလား’ဟု ပြောချင်သော်လည်း ဆက်၍ မပြောရဲ

www.burmeseclassic.com


ခဲ့ချေ။ ဂျာရစ်ကတော့ 'အိမ်မှာ ဇီယာပင် စိုက်ထားတယ်ဗျ' ဟု ဝင်ပြောသည်။

'ကျွန်မက အအေးကြောက်တယ်၊ နည်းနည်းအေးလာရင် ချောင်းဆိုးတာပဲ ဒီလိုပါပဲ၊ နောက်တော့လည်း ပျောက်သွားတာပဲ၊ ရောဂါက ကြာကြာမနေနိုင်ပါဘူး၊ သူ့ဟာသူ နေရတာပျင်းပြီး ပြန်ထွက်သွားရော'

သူက ခပ်ပေါ့ပေါ့ပင် ပြောသည်၊ ချောင်းဆိုးခြင်းဟူသည်မှာ ဆေးကုသရန်လိုအပ်သောရောဂါလည်း မဟုတ်ဟု သတ် မှတ်ထားပုံရလေသည်။ ချောင်းဆိုးခြင်းသည် ရောဂါမဟုတ်သော်လည်း ရောဂါကြီးတစ်ခုခု၏လက္ခဏာ ဖြစ်နိုင်ကြောင်းကို ပိုပိုက တွေးပြီး ပူပင်မိသော်လည်း သူကတော့ ပူပန်မတူပေ။ ပြောင်းဖူးဖုတ် အကြွေးစားသွားသူထံမှ အကြွေးတောင်းရန်၊ မီးသွေးဖိုးအကြွေးဆပ်ရန်၊ နောက်တစ်နေ့အတွက် ဆန်ဝယ်ရန် စသည် စသည်များကိုသာ ပူပန်နေလေ့ရှိလေသည်။

'သူ့ပြောင်းဖူးဖုတ်က စားလို့သိပ်မကောင်းပေမယ့် ဒီနားက ကလေးတွေကတော့ စားနေကြတာပဲ၊ သူ့မှာသာ တီဘီ၊ ဒါမှမဟုတ် ကူးစက်ရောဂါ တစ်ခုခုဖြစ်နေရင် ဒီကလေးတွေ ကူးကုန်တော့မှာပေါ့'

ပိုပိုက မတောက်တခေါက် ဆေးပညာအသိကလေးနှင့် စဉ်းစားကာ စိတ်မသက်မသာဖြစ်နေတတ်သည်။ ခေါက်မုန့်ရောင်းသော ဒေါ်မိက ခေါက်မုန့်တွေပေါ်ကို ဟတ်ချေးဟု ချေချပြီး တံတွေးတွေ စင်ကုန်တာမြင်တော့လည်း စိတ်ရှုပ်ထွေးရပြန်သည်။

သို့သော်လည်း ဒီနားက လူတွေက ရောဂါပြီးစနစ်ကိုက ကောင်းနေတာလား၊ ရောဂါဖြစ်မှန်း မသိကြတာလား၊ဖြစ်မှန်း သိလျှက်နှင့် မကုကြတာလားတော့ ပိုပို အသေအချာမသိ။ တော်ရုံ တန်ရုံနှင့်

www.burmeseclassic.com

www.burmeseclassic.com


တော့ ဆေးခန်းမလာတတ်ကြပေ။ အတော်အတန်ဖျားလို့ကတော့ ဘယ်ဆရာဝန်ကိုမှ စမ်းသပ်ခ ပေးမနေကြတော့ဘဲ သူတို့ဟာသူတို့ ပါရာစင်တမောလေး တစ်ပြား နှစ်ပြား၊ ဘာမီတွန်လေး တစ်ပြား နှစ်ပြား ဝယ်သောက်လိုက်ကြသည်သာ ဖြစ်သည်။

အဖျားမကျဘဲ ပြန်ပြန်တက်နေသောအခါများကျမှ ဆေးခန်းလာတတ်ကြသည်၊ ဒါတောင် ဒီတစ်ခါပင်နယ်စလင်သောက်ဆေးပေးလိုက်လျှင် နောက်တစ်ခါဖျားပါက ဆေးခန်းမလာတော့ဘဲ ပင်နယ်စလင် ဝယ်သောက်တတ်ကြသည်။ နောက်ပြီး လေးငါးလုံးသောက်ပြီးရုံနှင့် ရပ်ချင် ရပ်ပစ်တတ်ကြသည်။ မမညိုက ဆေးပတ်လည်အောင် အလုံးရေပြည့်အောင် သောက်ဖို့ မနည်းပြောနေရလေသည်။

'အဖျားက ပျောက်နေပြီပဲဗျာ၊ အဲဒါကို ဆရာဝန်တွေက ဆေးတွေဆက်သောက်ဆက်သောက်ပြောနေတာ သူတို့ ဆေးများများရောင်းရအောင် ပြောနေတာလားမှ မသိတာ'

'ဟုတ်ပ့ါဗျာ၊ ဆေးတစ်လုံး တစ်လုံး ဝယ်ရတာ နည်းမှတ်လို့လား'

တစ်ခါကတော့ ဈေးထဲတွင် လူနှစ်ယောက်စကားတင်းဆိုနေကြသည်ကို ပိုပိုကြားလိုက်သည်။ မမညိုကို ပြောခြင်း မဟုတ်သော်လည်း ပိုပို စိတ်မကောင်းဖြစ်ရသည်။

မမညိုက သူ့လူနာကို 'ဆေးပတ်လည်အောင် ဆက်သောက်လိုက်ပါနော်' ဟု ထုံးစံအတိုင်း မှာနေသံကြားရလျှင် ပိုပို အနေခက်လာရသည်။ လူနာက 'သူ့ဆေးများများ ရောင်းရအောင် ပြောနေတာ' ဟုများ ထင်လေမလားဟု စိုးရိမ်စိတ်နှင့် မျက်နှာတွေ ပူရှိန်း လာတတ်သည်ငါးကျပ်တန်နွမ်းနွမ်း၊ဆယ်တန်နွမ်းနွမ်းလေးများကိုခါးကြားထဲကထုတ်ပြီး ဆေးဝယ်သူများကို ဆေးလုံးလေးတွေ ရေတွက်ပြီးရောင်းရတာလောက် စိတ်ပင်ပန်းတာကတော့ ရှိမည်ပင်မထင်။

www.burmeseclassic.com

www.burmeseclassic.com


'မရှိဆင်းရဲသားများကို ဆေးရောင်းရသော ဒုက္ခမှ ကင်းဝေးရပါလို၏ အရှင်ဘုရား'

ညတိုင်မအိပ်မီ ဘုရားရှိခိုးလျှင် ခါတိုင်းတောင်းနေကျ ဆုများအပြင် ပိုပိုသည် အထက်ပါဆုတစ်ခုကို ထပ်ပြီး တောင်းနေမိသည်မှာလည်း အတော်ကြာပေပြီ။

'မိပိုရယ် နင်ကလည်းလေ ရောင်းရတာ ဈေးကြီးတာကိုချည်း ကြည့်နေတာကိုး၊ ဝယ်ရတဲ့ဈေးလည်း ကြည့်ပါဦး၊ ဒီဈေးနဲ့ ဝယ်ထားရတာမို့ ဒီလောက်နဲ့ ရောင်းရတာပါဟယ်၊ မတရား အမြတ်ယူတာမှ မဟုတ်ဘဲ'

မမညို အမြတ်မယူကြောင်းလည်း ပိုပိုသိပါသည်။ လူနာများကို အလကားမကုပေးနိုင်သော်လည်း အတတ်နိုင်ဆုံး စေတနာထားကြောင်းကိုလည်း ပိုပို အသိဆုံးဖြစ်ပါသည်။

တစ်လတစ်လ စာရင်းချုပ်လိုက်လျှင် ဆေးခန်းကလေး၏ အသားတင်ဝင်ငွေ မည်မျှသာရှိကြောင်းကိုလည်း ပိုပို အသိဆုံး ဖြစ်ပါသည်။ ထို့အပြင် မမညိုတွင် အနွေးထည် ကောင်းကောင်းလေး တစ်ထည်မျှ မရှိသည်ကိုလည်းကောင်း ပိုပိုပင် အသိဆုံး ဖြစ်ပါသည်။

'သိပ်ချမ်းသာပြီး ပိုက်ဆံတွေ ထားစရာမရှိတဲ့ လူနာတွေကိုတော့ မဆိုလိုပါဘူးလေ၊ ဒါပေမယ့် ငါမြင်သမျှ လူတွေကတော့ သူ့အတိုင်းအတာနဲ့သူ ကြိုးစားရုန်းကန်နေကြရတာပဲ'

မမညိုက အနွေးထည်အသစ်မဝတ်နိုင်သော်လည်း အဟောင်းလေးတွေကိုပင် ကျေကျေနပ်နပ် ဆက်၍ ဝတ်လေသည်။

'အင်း ဟုတ်တာပဲငါတို့မှာအသစ်မဝယ်နိုင်ပေမယ့်အဟောင်းတွေက အကောင်းတွေပဲရှိသေးတာ၊ ဂျာရစ်တို့ အမေဆိုရင် ကြည့်စမ်း၊ အအေးမခံနိုင်ဘူးသာဆိုတယ် သူ့အနွေးအင်္ကျီက ပေါက်လို့ ပြဲလို့'

www.burmeseclassic.com

www.burmeseclassic.com


ပြောင်းဖူးမပေါ်သောရာသီတွင် ဂျာရစ်တို့အမေသည် ထန်းပင် မြစ်တို့ ကန်စွန်းဥတို့ကို မီးဖုတ်ရောင်းလေသည်။ သူ့ကို ကြည့်လိုက် လျှင် မီးကျီခဲရဲရဲကို စလူယပ်တောင် ခပ်စုတ်စုတ်ကလေးနှင့် တဖျပ်ဖျပ် ယပ်ခတ်နေတတ်သည်သာ ဖြစ်သည်။

ထို့နောက် ချောင်းတဟွတ်ဟွတ် ဆိုးနေတတ်လေသည်။

ဒီဇင်ဘာလ၏ချမ်းအေးလှသော ညတစ်ညတွင် ဂျာရစ်သည် သူ၏အမေကို ဆေးခန်းသို့ ခေါ်လာလေသည်။

'အမေဖျားတယ်၊ နောက်ပြီး မောတယ်'

ဂျာရစ်က ခပ်တိုတိုပင် ပြောသည်။ မျက်မှန်တန်းမိပြီး ဖြစ် သော ပိုပို့ကိုတော့ အားကိုးဟန်နှင့် လှမ်းကြည့်ပြီး မပွင့်တပွင့် ပြုံးပြသည်။

မမညိုက သူ့အမေကို စမ်းသပ်ခုတင်ပေါ်တွင် လဲလျောင်းစေ ကာ အသေအချာ စမ်းသပ်သည်။

'အလျင်က ဆရာဝန်ပြဖူးလား'ဟု မေးတော့ ဂျာရစ်က ခေါင်း ခါပြသည်။ သူ့အမေကတော့ 'မောတယ် ဆရာမရယ်'ဟု ခပ်တိုးတိုး ပြောလေသည်။

'ခြေထောက်တွေ ယောင်နေတာရော ကြာပြီလား'

'ဒီလိုပါပဲ ယောင်လိုက်၊ ကျလိုက်'

'မောတာကရော'

'ဒီလိုပါပဲ မောလိုက်၊ ပျောက်လိုက်'

'ချောင်းဆိုးတာကရော'

'ဒီလိုပါပဲ ဆိုးလိုက်၊ ပျောက်လိုက်'

မမညိုက သက်ပြင်းငွေ့ငွေ့ချသည်။ ယောင်အမ်းနေသော ခြေ ဖမိုးကို လက်ညှိုးနှင့် အသာဖိကြည့်လိုက်တော့ နိမ့်ဝင်ပြီး အရာတင် ကျန်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


'ဆေးရုံတက်ရင် ကောင်းမယ်ထင်တယ်'

'မဖြစ်ပါဘူးဆရာမရယ်၊ အိမ်မှာလည်း အလုပ်တွေပုံလို့၊ သူ့ထက် အငယ်နှစ်ကောင်လည်း ရှိသေးတယ်၊ကျွန်မကို ဘယ်သူ ထမင်းပို့ပေးနိုင်မှာလဲ'

ဂျာရစ်တို့အမေက ခေါင်းကို ဖြည်းညှင်းစွာခါသည်။

'ဒီလိုပဲ ဆေးလေးစား ဆေးလေးသောက်လိုက်ရင် သက်သာသွားမှာနော် ဆရာမရယ်'

'ပိုဆိုးလာမှာ စိုးလို့ပါ'

မမညိုက သက်ပြင်းရှိုက်ရင်း ပိုပို့ကို လှမ်းကြည့်သည်။

ဂျာရစ်က

'အမေ ကျွန်တော်ပို့ပေးမယ်လေ'ဟု ဝင်ပြောတော့ သူ့အမေက

'နင်ပို့ပေးရင်လည်း ထမင်းကို ဘယ်သူကချက်နိုင်မှာလဲ၊ နင့်အဖေက မိုးလင်းတယ်ဆို အလုပ်ဆင်းရတာ၊မဖြစ်ပါဘူးကွယ်၊ ဆရာမရယ် သောက်ဆေးလေး ဘာလေး ပေးလိုက်ပါနော်' ဟု ပြောသည်။

'ဒီထက်ဆိုးလာရင်တော့ ဆေးရုံကိုသွားဖြစ်အောင် သွားရမယ်နော်၊ ဓာတ်မှန်ရိုက်ဖို့၊ ဆီးတွေ သွေးတွေစစ်ဖို့လည်း လိုတယ်၊ ကိုယ့်မှာ ရောဂါရယ်လို့ဖြစ်လာရင် ဒီရောဂါပျောက်ဖို့ထက် အရေးကြီးတာ ဘာရှိဦးမှာလဲ၊ ဒို့ပြင် ပူစရာ ပင်စရာတွေကို မေ့ထားမှ ဖြစ်မှာပေါ့၊ တော်ကြာ အပ်နဲ့ထွင်ရမှာကို ပုဆိန်နဲ့ပေါက်နေရလိမ့်မယ်'

မမညိုက ထုံးစံအတိုင်းတရားဟောသည်။ ဂျာရစ်နှင့်သူ့အမေက ငြိမ်သက်စွာနားထောင်နေသော်လည်းစိတ်ဝင်စားဟန်တော့မတူပေ။

'သူတို့တွေ ဆေးဖိုး သိပ်တတ်နိုင်မှာ မဟုတ်ဘူး၊ မမညိုက ဆေးကလေး နည်းနည်းပါးပါးလောက်ကို အလကားပေးလိုက်ရင် သိပ်ကောင်းမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com


ပိုပိုက စိတ်ထဲမှတွေးရင်း မမညိုအား ငေးကြည့်နေမိသည်။

ပိုပို၏မျက်လုံးမှတဆင့် အတွင်းစိတ်ကို လှမ်း၍ ဖတ်လိုက်မိသော မမညိုက သဲ့သဲ့ပြုံးကာ

'မိပို နင် သိပ်သနားနေသလား'ဟု တိုးတိုးလေး မေးလေသည်။

'ငါ ဆေးတစ်ခါသောက်နှစ်ခါသောက်လောက်တော့ အလကား ပေးလိုက်မယ်လေ'

အင်ပါစလင် အပါအဝင် ဆေးသုံးလေးမျိုးကို ပလပ်စတစ်အိတ်ကလေးထဲသို့ ကိုယ်တိုင်ထည့်ရင်း မမညိုက ပိုပို့နားကပ်ကာပြောသည်။

ဂျာရစ်ကတော့ ဘယ်လိုနေမည်မသိ၊ ပိုပိုကတော့ ကြားမှနေပြီး မမညိုကို အတော်ကျေးဇူးတင်သွားမိသည်။

'ကဲ သောက်ဆေး ပေးတာတော့ပေးလိုက်မယ်၊ ကျွန်မ ညီမလေးက ဒီကလေးကို သံယောဇဉ်ဖြစ်နေလို့ ဒီတစ်ခါတော့ အလကား ပေးလိုက်မယ်နော်၊ ဒီဆေး အဖြူပြားနဲ့ အတောင့်လေးကိုတော့ အိမ်ပြန်ရောက်ရင် ချက်ချင်းသောက်လိုက်၊ အတောင့်လေးက နှစ်ခါသောက်ပဲဆိုတော့ နက်ဖြန်ကျရင် ထပ်ဝယ်လိုက်နော်၊ တစ်နေ့ လေးလုံး၊ ခြောက်နာရီကြား လေးရက်ဆက် သောက်ရမယ်၊ နောက်ပြီး ဆီးဆေးလည်း သောက်ဖို့လိုတယ်၊ ဒါမှ အဖောကျမှာ၊ ဆီးဆေးသောက်ရင် စလိုးကေတို့ အားဆေးတို့လည်း တွဲသောက်မှကောင်းမှာ၊ ဆေးတွေကတော့ရေးပေးတာပဲ၊ ဒါပေမယ့် မင်္ဂလာဈေးမှာပဲ ဝယ်ရမှာပါ၊ ဆေးဝယ်ပြီးတော့ တစ်ခေါက်လာခဲ့လေ၊ ဘာဆေးကို ဘယ်လိုသောက်ရမလဲ ကျွန်မ ပြော ပြမယ်'

မမညိုက ဆေးစာတွေ ရေးပေးသည်။ ဂျာရစ်တို့သားအမိလည်း ကျေးဇူးတင်စွာဖြင့် ပြန်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com


'အမှန်ကတော့ သူ့ရောဂါက အတော်ကြီးနေပြီ၊ အပ်နဲ့ထွင်ရုံနဲ့ လည်း မရတော့ပါဘူး၊ နှလုံးကလည်း ယောင်နေတယ် ထင်တာပဲ၊ ချက်(စ)အင်ဖက်ရှင်လည်းဝင်နေတယ်၊ အဲဒါမျိုးကဆေးကောင်းကောင်း စား အစားကောင်းစားပြီး အေးအေးဆေးဆေး အနားယူဖို့ လိုနေတာ'

'ဆေးမစားနိုင် အနားမယူနိုင်ရင်ကော ဟင်၊ မမညို'

ပိုပိုက အလိုက်ကန်းဆိုးမသိ၊ ဆက်မေးတော့ မမညိုက ပိုပို့ အား မျက်မှောင်ကုတ်၍ကြည့်သည်။

ထို့နောက်'သူ မနားရင် သေမင်းက အတင်းနားခိုင်းလိမ့်မယ်' ဟု ငေါက် ဆတ်ဆတ်ပြောသည်။

မမညိုက ဆေးဝယ်ပြီးရင် လာခဲ့ဟုဆိုသောလည်း ဂျာရစ်တို့ သားအမိသည် နောက်ထပ် ပေါ်မလာကြတော့ပေ၊ ပိုပိုကတော့ သူတို့ ဈေးရောင်းနေကျ နေရာလေးကို လှမ်း၍ လှမ်း၍ ကြည့်ရင်း သတိရ နေမိသည်။

တစ်ညနေတွင်တော့ ပိုပိုတို့ညီအစ်မ ဆေးခန်းသို့အလာတွင် ရေစည်လှည်းတွန်းနေသော ဂျာရစ်ကို တွေ့ရသည်။ လေးလံလှသော ရေစည်လှည်းကို အခြားကလေးတစ်ယောက်နှင့်အတူ အတင်း အား စိုက်ပြီး တွန်းနေရာမှ ပိုပို့ကိုမြင်တော့ မပွင့်တပွင့် ပြုံးပြသည်။

'ဟဲ့ ဂျာရစ် နင့်အမေ သက်သာရဲ့လားဟင်'

'ဒီလိုပါပဲ'

'ဆေးရုံမသွားသေးဘူးလား'

'ဟင့်အင်း'

ဂျာရစ်က ခေါင်းခါသည်။ မမညိုက 'ဆေးတွေ ဝယ်သောက် ရဲ့လား' ဟု မေးတော့ ဘာမှ ပြန်မပြောဘဲ မကြားချင် ဟန်ဆောင်နေ လေသည်။

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် ရေစည်လှည်းကို ဆက်၍မတွန်းတော့ဘဲ

'ငါမနိုင်ဘူးကွာ၊ အဖေ့ကို လွှတ်လိုက်မယ်'ဟု ပြောပြီး အလျင် အမြန် ပြေးထွက်သွားသည်။

ရေတွေစိုကာ ကပ်နေသောပုဆိုးနှင့်မို့ တုတ်၍ လဲတော့မလို ဖြစ်သွားသော်လည်း ပိုပိုတို့အား လှည့်မကြည့်တော့ပေ။

'ဆေးရုံကျရင်ကော အဲဒီဆေးတွေ ဝယ်ခိုင်းမှာပဲ မဟုတ်လား မမညိုရာ'

ပိုပိုက လှမ်းပြောသော်လည်း မမညိုက ဘာမှ ပြန်မဖြေချေ။ ကျောခိုင်းပြီး ထွက်ပြေးသွားသော ဂျာရစ်ကို လှမ်းကြည့်ရင်း ပင့်သက် ကို ရှိုက်၍နေလေသည်။

'ငါလည်း ဆရာဝန်လုပ်ရတာ စိတ်ညစ်လာပါပြီ မိပိုရယ်'

'ဘာဖြစ်လို့လဲဟင်'

ပိုပိုသည် ဘာမှဆက်မမေးတော့ဘဲ လမ်းဘေးမှ ခရမ်းရောင် ကန်စွန်းပွင့်လေးများကို ငေးကြည့်နေမိသည်။

ညနေခင်းနေရောင်ခြည်အောက်တွင် အပွင့်လေးတွေ ငုံ့ကာ ငိုက်ကျနေသော ကန်စွန်းပွင့်လေးများသည် ပိုပို့ကို ပြန် မကြည့်ဘဲ မျက်လွှာချထားကြသယောင် ရှိလေသည်။

လမ်းပေါ်တွင် စိန်ပြေးတမ်းကစားနေကြသော ကလေးငယ် များကတော့ ပိုပိုတို့ကို ကွေ့ပတ်ပြေးရင်း ပျော်ရွှင်စွာ ဟစ်အော်နေကြ သည်။

'အနာသိ ဆေးရှိ၊ ဤဆေးခန်းနှင့်ညှိပါ၊ ဤဆေးခန်း ရောက် တော့ ဝေဒနာပျောက်ရောပေါ့' တဲ့လေ။

(နဝဒေး ၂၀၀၁ ဇန်နဝါရီ)

www.burmeseclassic.com

www.burmeseclassic.com

ပေါက်ပင်ကိုင်းကိုင်း



www.burmeseclassic.com

www.burmeseclassic.com

'ဟွန်း တစ်ခါလာလည်း ကန်စွန်းရွက်ကြော်၊ နှစ်ခါလာလည်း ကန်စွန်းရွက်ကြော်၊ ငါ့ဗိုက်ထဲမှာတော့ ကန်စွန်းခင်းကြီး ဖြစ်နေလောက်ပြီ ထင်ပါရဲ့'

ကိုရေခဲက စားပွဲဝိုင်းလေးပေါ်တွင် တင်ထားသော ကန်စွန်းရွက် ပန်းကန်ကိုငုံ့ကြည့်ရင်း စိတ်ထဲတွင် မအီမသာ ဖြစ်သွားသည်။

'ဆီကလေးနိုင်နိုင်နဲ့ ကြော်ထားတာဆို ဟုတ်သေးရဲ့ ခုတော့ဟူး'

ကိုရေခဲက သက်ပြင်းတစ်ချက်ကို ကြိတ်၍ချမိစဉ် မစိန်မြက ငါးပိရည်ဇလုံလေးကို စားပွဲပေါ်သို့ လှမ်းတင်လိုက်သည်။

'ရှင်စိန်မြတို့ ငါးပိရည်ကတော့ကျဲသလားမမေးနဲ့၊ နောက်ပြီး ငရုတ်သီးမှုန့်ကလည်း နည်းသေး၊ တို့စရာကျတော့ လာပါလိမ့်မယ်၊ သခွားသီး သုံးလေးစိတ်၊ တစ်ယောက်ကို တစ်စိတ်ခွဲတမ်းနဲ့ စားရမှာ'

ဝမ်းဗိုက်ထဲတွင် ဟာကာ ဆာနေသော်လည်း ကိုရေခဲသည် စားချင်သောက်ချင်စိတ် ကုန်ခမ်းနေသည်။ သူ့လျှာက ဆီပြန်ဟင်းလေး တစ်ခွက်လောက်ကို တောင့်တနေသည်။ ဒါမှမဟုတ်လျှင်လည်း ခရမ်းချဉ်သီး ငါးပိချက်ကို ဆီစိုစိုလေးချက်ပြီး နယ်ဖတ်စားချင်သည်။

နောက်ဆုံး ငါးပိရည်နှင့်စားရစေဦး၊ ကြက်သွန်ဖြူ ပုစွန်

www.burmeseclassic.com

www.burmeseclassic.com


ခြောက်၊ ငရုတ်သီးစိမ်းတို့ ရောနှောထောင်းကာ ဖျော်ထည့်ထားလျှင် စား၍ မြိန်မည်ထင်သည်။ တို့စရာအဖြစ် တညင်းသီးပြုတ် စေးစေး ကလေးနှင့် မချစ်စု သရက်သီးဝမ်းပျဉ်းကလေးဆိုလျှင်

'ပြောရင်းဆိုရင်း ဆာလိုက်တာ'

ကိုရေခဲက တွေးရင်း တံတွေးကို မျိုချလိုက်မိသည်။ တညင်း သီး ပေါ်နေသည်မှာကြာပြီဖြစ်သော်လည်း မစိန်မြက တစ်ခါမျှ ဝယ် မလာဖူးသေးပေ။

'အမေကလည်းဗျာ၊ ကန်စွန်းရွက်ကို ဘာလို့များ ဒီလောက် ကြိုက်နေရတာလဲ မသိပါဘူး၊ နေ့တိုင်းနေ့တိုင်း ကန်စွန်းပြီး ကန်စွန်းပဲ'

ဆယ်နှစ်ကျော်ကျော် ရှိပြီဖြစ်သော သားအကြီးကောင် မောင် သံချောင်းက ထမင်းဝိုင်းတွင် လေးလေးတွဲတွဲ ဝင်ထိုင်ရင်း ညည်းညည်း ညူညူပြောသည်။

'ကန်စွန်းရွက်က ဗီတာမင်ပါတယ်၊ နင်ဘာသိလို့လဲ'

'အမေ့ ဗီတာမင်တွေကလည်း ဒီလောက်စားနေရတာတောင် ကျွန်တော်တို့မှာ ပိန်လို့'

အလတ်ကောင်က သူ့လက်မောင်းလေးကိုမြှောက်ပြရင်း သွား ကျိုးပေါက်လေး ပေါ်အောင် ရယ်နေသည်။

'တော်စမ်း၊ ဗီတာမင်ဆိုတာ အားသာရှိတာ၊ အဆီတိုးတာ မဟုတ်ဘူး၊ နင် ဘာသိလို့ ဝင်ရှည်နေတာလဲ ဟင်'

နှုတ်ရေးစကားတတ်လုပ်တော့ အလတ်ကောင်ရဲ့ပါးစပ်ကို မစိန်မြက ဗီတိုအာဏာနှင့် ပိတ်လိုက်သည်။ ထို့နောက် ကန်စွန်းရွက် တစ်ဇွန်းကော်ကာ သူ့ပန်းကန်ထဲ လှမ်းထည့်ပေးသည်။

'ရော့ စားချင်စား၊ မစားချင်ရင်လည်းနေ၊ အဲဒီကန်စွန်းရွက်ကို နင်မစားလည်း ကျန်နေမယ်တော့ မထင်နဲ့ စားချင်တဲ့သူတွေမှ ပြည့်လို့'

www.burmeseclassic.com

www.burmeseclassic.com


ထမင်းကို ငါးပိရည်ကျဲဆမ်းကာ အားရပါးရစားနေသော နို့ညှာကောင်ကိုအားကိုးစွာလှမ်းကြည့်ရင်း မစိန်မြက ခပ်တင်းတင်း ပြောသည်။ နို့ညှာကောင်က အစားကောင်းသည်။ မည်သူမစားဘဲ ကျန်ကျန် လှမ်းယူပြီး သူ့ပန်းကန်ထဲ လောင်းထည့်လေ့ရှိသူ ဖြစ်သည်။ သူ မစား ဘဲ ကျန်မှ စားရသော ခွေးပိန်မ ခမျာမှာတော့ အခုတလော အငတ် ဘေးချည်းပဲ ဆက်တိုက် ဆိုက်နေတတ်သည်ကို မစိန်မြ သတိထားမိ သည်။

'တစ်ခါတလေများ ဘဲဥလေး ကြက်ဥလေးကြော်စမ်းပါလား အမေရာ'

'အောင်မာ ကိုယ်တော်လေး၊ ဘဲဥ ကြက်ဥများ ရှင်က ပေါတယ် အောက်မေ့နေလို့လား၊ ငါးမူး သုံးမတ်ခေတ် မှတ်နေလား'

'ဒီလိုဆို ငါးကြော်'

'အမလေးလေ ငါးကြော်စားချင်ရင် နင် နဂိုတုန်းက ဘာလို့ ငါ့ဗိုက်ထဲ ဝင်လာရသလဲ၊ အနာထပိဏ်ကတော်တို့၊ ဇောတိက ကတော်တို့ ဗိုက်ထဲဝင်ရတယ်ဟဲ့'

'ကလေးက စားချင်တာ၊ တစ်ခါတစ်လေများလည်း လုပ်ပြုကျွေးလိုက်စမ်းပါလား မိန်းမရာ'

ဆေးပေါ့လိပ်ကလေးတငေါ့ငေါ့ဖွာနေသော ကိုရေခဲက လေပျော့ပျော့လေးနှင့် ဝင်ပြောတော့ မစိန်မြသည် ကင်း အကိုက်ခံရသူလို ဆတ်ခနဲ ဖြစ်သွားသည်။

'ဒီမှာကိုရေခဲရေ၊ ကျွန်မက အမေပါ၊ ကိုယ့်သားသမီးကို ဘယ်သူမကျွေးချင်ဘဲ ရှိပါ့မလဲ၊ ရှင်ကသာ လောက်အောင် ရှာပေးစမ်းပါ၊ ကျွန်မလက်ထဲ ငွေတွေ အထပ်လိုက် ထည့်ပေးစမ်းပါ ဟင်း တစ်နေ့ တစ်မျိုး မရိုးရလေအောင် အမျိုးမျိုးချက်ကျွေးစမ်းပါ့မယ် ကဲ'

www.burmeseclassic.com

www.burmeseclassic.com


မစိန်မြက လင်တော်မောင်ကိုရေခဲအား စိမ်ခေါ်သော အကြည့်နှင့် လှမ်းကြည့်သည်။ ကိုရေခဲကတော့ ဘဏ္ဍာရေးဝန်ကြီး၏ အစီရင်ခံစာကို မကြားလိုဟန်နှင့် ဆေးလိပ်ကို ဖိ၍ဖွာသည်။

'ငါးပိရည်ဆိုရင်လည်း ပုစွန်ခြောက်လေး၊ ကြက်သွန်ဖြူလေးနဲ့ ပြစ်ပြစ်ကလေး ဖျော်ရင် ကလေးတွေ ကြိုက်မှာပါ'

ကလေးတွေ ဗန်းတင်ပြီး သူကြိုက်သည်ကို ပြောသည်။ သူ့အသံက ခပ်တိုးတိုး ခပ်ပျော့ပျော့နှင့် တိုးညှင်းနေသော်လည်း ဒေါသထွက်နေပုံရသည်။ သူ့လက်ထဲမှာ ကြွေရည်သုတ်သံဇွန်းကို သံဇလုံထဲသို့ ဒေါသတကြီးပစ်ထည့်လိုက်ရာ သံကိုသံချင်း ထိခတ်၍ 'ဒန် တန် တန်' ဟု ကျယ်လောင်စွာ မြည်သွားသည်။

'အင်း အမေတော့ အဖေ့ကို ချဲတော့မယ်"

အလတ်ကောင်က ထမင်းစေ့များထဲတွင် ရောနှောနယ်ကာ မျက်စပစ်နေသော စပါးလုံးများကို ရွေးမထုတ်တော့ဘဲ အကုန်လုံး ကျုံး ပြီး ပါးစပ်ထဲသို့ထည့်သည်။ ပန်းကန်ထဲက ထမင်းမြန်မြန်ကုန်မှ ထမင်း ဝိုင်းက မြန်မြန်ခွာနိုင်သည်။ ထမင်းဝိုင်းက မြန်မြန်ခွာနိုင်မှ အမေနှင့် ဝေးရာသို့ မြန်မြန်ရောက်မည်။

'ဟွန်း အမေက ကောင်းတာမဟုတ်ဘူး၊ အဖေကို မကျေနပ်ရင် အချောက်တိုက် ဘေးလှည့်ပြီးရန်ရှာရော၊ ဘေးကင်းချင်ရင် ဝေးဝေးနေမှ'

သူ့လိုပင် စိတ်ကူးမိကြသော အကြီးကောင်နှင့် နို့ညှာကောင်သည်လည်း ထမင်းကိုခပ်သွက်သွက်စားပြီး ခပ်မြန်မြန် ထပြေးရန် တာ စူနေကြသည်။

'ကလေးတွေ မသိတတ်ရင် ထားပါတော့ ခုတော့ အဖေကပါ တစ်မျိုး၊ ပုစွန်ခြောက်စားချင်ရအောင် ရှင်က ရှင့်ကိုယ်ရှင် ဒေါ်သာရှာ

www.burmeseclassic.com

www.burmeseclassic.com


နိုင်တယ်လို့များ ထင်နေလို့လား ဟင်'

'ဒေါ်လာမရှာလို့ ငါးပိရည်ဖျော်လောက်ပဲ ပြောတာပေါ့ကွ'

ကိုရေခဲကလည်း ခပ်ဆတ်ဆတ် ပြန်အော်သည်၊ မစိန်မြကို မကြည့်စဖူး ခပ်စူးစူး ပြန်ကြည့်ကာ အာခံလိုက်သည်။

'ဒီမိန်းမ ရူးနေပြီလား မသိဘူး၊ တစ်ခါလာ ဒေါ်လာ၊ နှစ်ခါလာ ဒေါ်လာ၊ သူ့အသက်များ ငယ်ဦးမယ် ချောဦးမယ် ဆိုရင် ငါ့ကိုပစ်ပြီး ဒေါ်လာသမားနောက် လိုက်ပြေးမလားမသိဘူး'ဟု တွေးရင်း ဒေါသထွက်နေသည်။

'ဆန်ဈေး ဆီဈေးကို ရှင် သိတယ်မဟုတ်လား'

မစိန်မြက ဆန်သိုင်းကို စတင်သုံးကာ တိုက်စစ်ဆင်သည်။

'တစ်နေ့တစ်နေ့ ဆန်ဖိုးချည်းပဲ ဘယ်လောက်ကုန်နေလဲ ရှင်သိရဲ့လား၊ ဟော့ ဟိုမှာ ရှင်ကြီးကြောင့် လူဖြစ်လာတဲ့ သတ္တဝါလေးတွေက ငါးကောင်၊ သူတို့မွေးထားတဲ့ ခွေးပိန်မက တစ်ကောင်၊ ကျုပ်တို့လင်မယားနဲ့ပေါင်းတော့ ခုနစ်ကောင်၊ အဲ အဲ ခုနစ်ယောက်နဲ့ တစ်ကောင်'

ခွေးပိန်မဟူသော အသံကိုကြားတော့ အိမ်နောက်ဖေး လှေကားထစ်တွင် ဝပ်ကာမှိန်းနေသော ခွေးပိန်မက မသိမသာ မျက်လုံးကျယ်သွားသည်။ ခေါင်းထောင်ပြီး အမြီးကို တစ်ချက် နှစ်ချက် ယမ်းလိုက်ရာ၊ သူ့ဘေးတွင် အဝတ်ရုပ်ကလေးပိုက်ပြီးငုတ်တုတ်ကလေးထိုင်နေသော အလတ်မ၏လက်မောင်းကို ဆတ်ခနဲ ဆတ်ခနဲ ရိုက်မိသည်။

'ဟဲ့ မိပိန် ငြိမ်ငြိမ်နေစမ်း၊ ဒီမှာ ကလေးနိုးသွားမယ်'

အလတ်မက ပုံပန်းမကျလှသော အဝတ်ရုပ်ကလေးကို ပုတ်ကာ'အို အေး အေး အိပ်ပါ ညီမလေးရယ်'ဟု ချော့သည်။ သူက အဖေနှင့်အမေ၏ရန်ပွဲကို တွေ့ဖူးလှပြီမို့ လုံးဝစိတ်မဝင်စား၊ သူ့စိတ်ကူးထဲမှ သူစားချင်သမျှ ကြားဖူးသမျှကိုသာ သူ့အရုပ်ကလေးအား ကျွေးရန်

www.burmeseclassic.com

www.burmeseclassic.com


လုံးပမ်းနေသည်။

'ညီမလေးဆာရင် နွားနို့သောက်လေ အို နွားနို့ မကြိုက်ဘူး လား ဒါဆိုရင် အိုဗာတင်းသောက်နော် မမ ဖျော်ပေးမယ်'

'အဲဒီဆန်ကို ထမင်းဖြစ်အောင်ချက်ရတဲ့ မီးသွေးဈေးကိုရော ရှင်သိရဲ့လား'

သမီးအသံချိုချို ပျော့ပျော့လေးက သူ့အမေ၏ဒေါသသံ ကြမ်းကြမ်းနှင့်ပြိုင်ထွက်လာသည်။ ကိုရေခဲဆီကတော့ ဘာသံမျှထွက်မလာ။

ထမင်းကုန်သွားပြီဖြစ်သော အလတ်ကောင်က ထမင်းဝိုင်းမှ အရင်ဆုံး ထပြေးသည်။ ပန်းကန်ဆေးသောနေရာတွင် လက်ကို ရေကလေး တစ်ချက်နှစ်ချက် ပက်ဆေးကာ အိမ်ရှေ့ခန်းသို့ ခပ်သုတ်သုတ် ရှောင်တိမ်းသွားသည်။

'အမေ့ ဆာတယ်'

ထိုစဉ်တွင် သုံးနှစ်မပြည့်တတ်သေးသော အငယ်ဆုံးကောင်က မီးဖိုထဲ လှမ်းဝင်လာ၍ ကိုရေခဲ ကံကောင်းသွားသည်၊ တိုက်စစ်မှူး မစိန်မြ ထဘီစကိုဆွဲကာ သားငယ်က ပူဆာသည်။

'ဆာရင် စားလေ သားရဲ့'

မစိန်မြက ပိန်မျှောင်းမျှောင်း သားထွေးကလေးကို ကရုဏာ ပိုတတ်သည်။ အကြီးများကို 'ဟဲ့ အကောင် ဟဲ့ကောင်မ' နှင့် နူတ်ကြမ်း လေ့ရှိသော်လည်း အငယ်ဆုံးလေးနှင့်ကျလျှင် လေသံက နှစ်ပါတ် သုံး ပါတ်လောက် လျှော့သွားတတ်သည်။

'ငါ့မုန့်ရွက်စားချင်ဘူး'

'ဒီလိုဆို အာလူးစားမလား၊ အမေ မီးဖုတ်ကျွေးမယ်'

'ဆီ များကြီး ဆမ်းပေး'

'အေးပါဟယ် အေးပါ'

www.burmeseclassic.com

www.burmeseclassic.com


မစိန်မြက ဆီသိုင်း၊ ဆန်သိုင်း၊ မီးသွေးသိုင်း၊ ဆပ်ပြာသိုင်းတွေကို တရစပ်သုံးကာ တိုက်စစ်ဆင်ရန်သတိမရတော့ဘဲ ခြင်းတောင်းထဲမှ တစ်လုံးတည်းကျန်သောအာလူးကိုလှမ်းယူသည်။ ထို့နောက် မီးအရှိန်မသေသေးသော မီးဖိုထဲသို့ ပစ်ထည့်လိုက်သည်။ အာလူး ငါးဆယ်သားကို ငွေအစိတ်ပေးပြီး သူကိုယ်တိုင် ဝယ်ခဲ့ရသည်မို့ ကိုရေခဲက အာလူးဈေးကို သိသည်။

သင်္ချာ မတော်လှသော်လည်း ငွေအစိတ်ကို အာလူး ဆယ့်သုံးလုံးနှင့် စားကြည့်ပြီး အာလူးတစ်လုံးကို ငွေနှစ်ကျပ်လောက် တန်ကြောင်း သူသိထားပြီးဖြစ်သည်။

'တစ်နေ့တုန်းက အာလူးကို အချဉ်၊ ဆီကျန်ရေကျန်လေးချက်ပြီး မဆလာလေး အုပ်ပေးတုန်းကတော့ စားလို့ကောင်းသား၊ သူလည်း တတ်သမျှ မှတ်သမျှတော့ စားကောင်းအောင် ချက်ရှာပါတယ်လေ'

အာလူးဟင်းလေးကို သတိရမိပြန်တော့ ကိုရေခဲက စိတ်က ပျော့ကျသွားသည်။ သူတို့တစ်တွေစားနေသည်ကို တစ်ပြုံးပြုံးနှင့် ကြည့်နေပြီး သူကိုယ်တိုင်ကျတော့ အကြွင်းအကျန်လေးများကို ပန်းကန်ထဲ စုထည့်ပြီး နယ်ဖတ်စားခဲ့သော မိန်းမကို သနားသွားသည်။

'အမေ့ ပဲဟင်း မချက်တော့ဘူးလား'

သူ့အမေမျက်နှာ ပျော့နေတုန်း အကြီးကောင်ကြီးက အခွင့်ကောင်း ယူကာ ပြောသည်။

'ပဲတွေက ဈေးတက်တယ် သံချောင်းရဲ့၊ နောက်ပြီး မီးသွေးသိပ်ကုန်တာ'

'ဟိုတစ်ခါတုန်းက ကုလားပဲကိုဆိတ်ရိုးနဲ့ချက်တုန်းက စားလို့ ကောင်းလိုက်တာဗျာ'

ထိုနေ့ကလည်း သူတို့တစ်အိမ်လုံး ထမင်းစားမြိန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ထမင်းကို ပဲဟင်းဆမ်းပြီး အားရပါးရစားလိုက်၊ ချဉ်ဆီရိုး စုတ်လိုက်နှင့် တစ်ပျော်တစ်ပါးကြီး ဝိုင်းဖွဲ့၍ စားခဲ့ကြသည်။ သူတို့သာမက မိပိန်ပါ ပျော်ခဲ့ရသည်ကို အားလုံးမှတ်မိနေသည်။ ခြင်ဆီကုန်ကာ ပြောင်နေသော အရိုးများပင်ဖြစ်သော်လည်း မိပိန်ခမျာ တမက်တမောနှင့် ကိုက်၍ မဆုံးနိုင်အောင် ရှိခဲ့လေသည်။

'မွှေးလိုက်တာ'

အာလူးမီးဖုတ်နံ့က သင်းပျံ့လာသည်။ ကိုရေခဲလည်း ထမင်းပိုဆာလာသည်။

'အဲဒီပဲဟင်းလေးများ ခုနေစားလိုက်ရရင် ဟီး' နို့ညှာကောင်ကပါ ဝင်ပြောတော့ မစိန်မြမျက်နှာ အတန်ငယ် ညှိုးသွားသည်။

'ဆိတ်ချဉ်ဆီကလည်း တစ်ခါတလေမှရတာဟာ ငါက အသားမဝယ်ဘဲ အရိုးချည်းပဲ ဝယ်တော့၊ ကုလားကလည်း ရောင်းချင်ရဲ့လားမသိ'

မစိန်မြက နောက်ဆက်တွဲစကားကို ဆက်မပြောဘဲ ရပ်လိုက်သော်လည်း စိတ်ကတော့ ဆက်မတွေးဘဲ မနေနိုင်၊ 'ဟို ဝဝ အန်တီကြီးက နေ့တိုင်းမှာထားတယ် အစ်မ၊ သူ့အိမ်မှာ ခွေးငါးကောင်ရှိတယ်တဲ့၊ အိမ်ပေါ် အမဲသား အမဲရိုးမတင်ချင်လို့၊ ဆိတ်ရိုးပဲ ဝယ်ကျွေးတာတဲ့'ဟု ကုလားက အရည်လည်စွာပြောတော့ မစိန်မြသည် ဆိတ်ရိုးဖြူဖြူများကို ငေးကြည့်ရင်း 'သူ့ ခွေးငါးကောင်အတွက်ယူပြီး ပိုမှ ငါ့ကလေး ငါးကောင်အတွက် ရောင်းလိမ့်မယ် ထင်ပါရဲ့'ဟု ရှက်စနိုးစိတ်တစ်ဝက်နှင့် ဝမ်းနည်းခဲ့ရသည်။

'ဟင် အမေ အာလူး'

အကြီးကောင်က နှာခေါင်းကို ရှုံ့ပွရှုံ့ပွလုပ်ကာ အော်သည်။

ဟဲ့ အာလူး၊ အာလူး'

www.burmeseclassic.com

www.burmeseclassic.com


ကိုရေခဲကလည်း မီးဖိုကို လက်ညှိုးထိုးကာ အော်သည်။

'အမလေးတော် ကုန်ပါပြီ'

တူးခါးခါးအနံ့ကို ယခုမှ သတိထားမိပြီး မစိန်မြ ပြာယာခတ်သွားသည်။ မီးညှပ်နှင့် ကမန်းကတန်း ယက်ထုတ်လိုက်တော့ မဲတူးနေသော အလုံးလေးတစ်လုံးက မီးဖိုထဲမှ လိမ့်ထွက်လာသည်။

'သွားပါပြီတော်၊ စားမရတော့ပါဘူး'

မစိန်မြ စိတ်လက်ညစ်ညူးစွာ ရေရွတ်သည်။

'အာရူးစားမယ် ဟီး အာရူးစားမယ်..'

အခြေအနေအရပ်ရပ်ကို ချက်ချင်းသဘောပေါက်သွားသော အငယ်ဆုံးကောင်က ငိုမဲ့မဲ့ ဖြစ်လာသည်။

'စားချင်မနေနဲ့တော့ ဒီတစ်လုံးပဲ ရှိတာ'

'ကုန်ပြီသားရဲ့၊ ကန်စွန်းရွက် ကောင်းတယ်လေ'

'ဂျုန်းရွက်ကောင်းဘူး၊ အာရူး'

'အမေ ခွံ့ကျွေးမယ်လေလေ နော်'

'ခွန့်ကျွေးနဲ့ အာရူး'

'ထမင်းကုန်ရင် ငှက်ပျောသီးတစ်လုံး ဝယ်ကျွေးမယ် သားရယ်'

'ဟီး ပျောသီး စားဘူး၊ အာရူး စားမယ်'

'အို မရှိပါဘူး ဆိုမှ'

'အာရူး ဟီး အာရူး'

'ဟဲ့ ကုန်ပါပြီဆိုမှ'

'အာရူးပဲ ကြိုက်တယ်'

အငယ်ဆုံးကောင် ခြေကိုဆောင့်ကာ ငိုသည်၊ မစိန်မြကလည်း ခေါင်းကို တံတွေးဆွတ်၍ မီးဖိုဘေး ရောက်နေသောအာလူးလေးကို ကောက်

www.burmeseclassic.com

www.burmeseclassic.com


ကိုင်သည်၊ အခွံတွေမာကာ မီးသွေးတစ်ဝက် ဖြစ်နေပြီမို့ခွဲကြည့်စရာပင် မလို၊ စားမရတော့ကြောင်း သိလိုက်ရ၍ စိတ်လည်းညစ်၊ စိတ်လည်း တိုကာ၊ သူ့ဝါသနာအတိုင်း တရားခံ ရှာချင်စိတ် ပေါ်လာသည်။

'အာလူး ထပ်လုပ်ပေး'

'မရှိတော့ပါဘူးဆိုမှ ဟယ်'

'စားမှာပဲ အာလူး'

'စား စား အဲဒီမှာ မီးသွေးတုံး ဖြစ်နေပြီစား'

'ဟီး အဲဒါ စားဘူး၊ အသစ် အာလူး'

'ကဲဟာ အဲဒါ အာလူးအသစ်ပဲ'

မစိန်မြက စိတ်မထိန်းနိုင်တော့ဘဲ အငယ်ကောင် ကျောကို ဖြန်းခနဲ ချသည်၊ အရိုပ်သုံးပါးကို မျက်ခြည်မပြတ် အကဲခတ်နေသော နို့ညှာကောင်က လျှင်သည်၊ သူ့ဘက် လက်မလာမီ ထမင်းဝိုင်းမှ လက် မဆေးဘဲ ထပြေးတော့သည်။

'ဟဲ့ ဟိုအကောင်၊ လက်မဆေးဘဲ ဘယ်ထပြေးတာလဲ၊ နင်က ရော ကြီးကောင်ကြီးမားနဲ့ ခုထိ စားမပြီးသေးဘူးလား၊ စားချိန် သောက် ချိန်ဆို လေပေါ်နေပြီ'

အာလူးတူးရခြင်း၏ တရားခံကို ချက်ချင်း တွေ့သွားသော မစိန်မြက အကြီးကောင်၏ကျောပြင်ကိုပါတစ်ဆက်တည်း ရိုက်သည်။ ဒီအကြီးကောင်က ဆိတ်ရိုးပဲဟင်းကိုတမ်းတအစဖော်နေ၍ သူ့နှာခေါင်း ထဲသို့ပါ မဆလာနံ့ကူးစက်ပြီး မီးဖိုထဲမှအာလူးကို မေ့သွားရခြင်း ဖြစ် သည်ဟု သတ်မှတ်လိုက်ပြီး အကြီးကောင်ကြီးကို ပုဒ်မအကြီးကြီး တပ် ကာ ခေါင်းတစ်ချက် ထပ်ခေါက်သည်။

'ညီမလေး အိုဗာတင်းသောက်ပြီးရင် ကိတ်မုန့်စားရအောင်နော်၊ ဩော် ထမင်းဆာပြီလား၊ လာလာ မမ ကြက်သား ချက်ထားတယ်၊

www.burmeseclassic.com

www.burmeseclassic.com


ဟောဒါက ကြွက်သား၊ ဟောဒါက ဝက်သား၊ ဟောဒါက ပုစွန်ထုပ်ကြီး လေ ညီမလေးရဲ့'

ကျောကော့သွားသော အကြီးကောင်က ထမင်းဝိုင်းမှ အလျင်အမြန် ထပြေးသည်။ သို့သော် ဖင်ထိုင်ခုံကို ခလုတ်တိုက်မိပြီး ဟပ်ထိုးလဲမတတ် ဖြစ်သွားစဉ် အလတ်မကို ဝင်တိုက်မိသည်။ သူ့အတွေးနှင့်သူ ကြည်နူးနေသော အလတ်မက အခြေအနေ အရပ်ရပ်ကို ဘာမှ စိတ်မဝင်စား၊ သူ့အစ်ကိုအား မော့ကြည့်ကာ အရုပ်ကလေးထောင်ပြပြီး ထမင်းစား ဖိတ်သည်။

'ဟော ညီမလေး၊ ဒီမှာ ကိုကိုကြီးလာနေပြီ၊ ထမင်းစားရအောင် ခေါ်လိုက်လေ၊ ပုစွန်ထုပ်ကြီး ချက်တယ်လို့'

'တယ် အရေးထဲ ဒီအရူးမကလေးက တမျောင့်'

စိတ်တိုနေသော အကြီးကောင်က အဝတ်ရုပ်ကလေးကို ဆောင့်၍ တွန်းလိုက်သည်။ အလတ်မ၏ခေါင်းကို တစ်ချက်ထုပြီး 'ကိုကိုကြီးက ဗီတာမင် ကန်စွန်းရွက်တွေ အဝစားခဲ့ပြီဟ' ဟု ပြောကာ မီးဖိုထဲမှ သုတ်ခြေတင် ထွက်သွားလေတော့သည်။

'အီး သံချောင်းလုပ်တယ်'

အလတ်မ ခေါင်းကိုပွတ်ရင်း ငိုမဲ့မဲ့နှင့်အော်သည်၊ သို့သော် သူ့ကိုမည်သူမှဂရုမစိုက်အား၊ သူ့မိခင်ဒေါ်စိန်မြက သားငယ်ကိုကောက်ချီကာ 'တိတ် တိတ်' ဟု အသံမာမာနှင့် ချော့သည်၊ သူ့ဖခင် ဦးရေခဲကတော့ မီးကျွမ်းနေသော အာလူးလေးကိုခွဲပြီး အတွင်းသားလေးများကို သတိကြီးစွာနှင့် ခြစ်ထုတ်နေသည်။

အဖေနှင့်အမေက ဂရုမစိုက်သော်လည်း ခွေးမပိန်ပိန်ကမူ အလတ်မလေးကို သနားဟန်တူသည်၊ အမြီးကို တလှုပ်လှုပ် ယမ်းရင်း မျက်နှာကို လျှာနှင့် လှမ်း၍ လျက်သည်။

www.burmeseclassic.com

www.burmeseclassic.com


'သွားစမ်းဟာ သွားစမ်း'

သူ့ လျှာစိုစိုကြီးကို ရှောင်တိမ်းရင်း အလတ်မက မိပိန်အား လှေကားပေါ်မှ အတင်းတွန်းချလိုက်သည်။

'အလကား ခွေးစုတ်မ'

မြေကြီးပေါ်သို့ ခွေးကျကျသွားသော မိပိန်ခမျာမှာတော့ ဘာဖြစ်လို့ဖြစ်သွားမှန်း သိလိုက်ပုံမရ၊ သူ့ကို နိုင်လိုမင်းထက် ကြည့်နေသော အလတ်မအား မော့ကြည့်ကာ နာကျင်စွာနှင့် 'တကိန်ကိန်' အော်နေသည်။

'အို စိတ်ရှုပ်ရတဲ့အထဲ၊ ဒီခွေးမကလည်း တကိန်ကိန်နဲ့'

မစိန်မြကပင် ထိုင်ခုံနှင့်လွှဲ၍ပေါက်သည်။

မြေတွင် ဝပ်ကာအော်နေသော ခွေးပိန်မက အရှောင်အတိမ်း နည်းနည်းမှ မတော်၊ သို့သော် သူ့လက်က မတည့်တော့ ပစ်မှတ်မှ တစ်ထွာလောက် လွဲသွားသည်။

သို့သော် ခွေးမက သူ့ကို တိုက်ရိုက်ထိလိုက်သလို ကိန်ကိန် ကိန်ကိန်နှင့် အော်ပြန်သည်။

'ဟဲ့ ခွေးနာရဲ့၊ ခွေးစုတ်မရဲ့၊ ဘာလို့ ဒီလောက် ကိန်နေရတာလဲ'

မစိန်မြက စိတ်တိုတောင်းစွာနှင့် အော်သည်။

ပစ်စရာ ခတ်စရာ လက်နက်ကို ထပ်ရှာရင်း မိပိန် ကိန်ရခြင်း တရားခံကို စိတ်ထဲမှ တွေးနေသည်။

မိပိန်ဘာကြောင့် ကိန်ရတယ်
အလတ်မ ရိုက်လို့ ကိန်ရတယ်
အလတ်မ ဘာကြောင့် ရိုက်ရတယ်
အကြီးကောင် ထုလို့ ရိုက်ရတယ်

www.burmeseclassic.com

www.burmeseclassic.com


အကြီးကောင် ဘာကြောင့် ထုရတယ်

အမကြီး ခေါက်လို့ ထုရတယ်

အမကြီး ဘာကြောင့်ခေါက် အဲ အမကြီး ဘာကြောင့် ခေါက်ရ ခေါက်ရ

မစိန်မြ၏အတွေးက ရှေ့ဆက်မသွားဘဲ ထစ်ငေါ့နေသည်။

ကိုရေခဲကတော့ ခြစ်ထုတ်၍ရသမျှ အာလူးအတွင်းသားလေးများကို သားငယ်ပါးစပ်ထဲ ခွံ့ပေးလိုက်ရင်း 'ကလေးတွေလည်း သနားပါတယ်ဟာ' ဟု ခပ်တိုးတိုးပြောလေသည်။

(ရွှေကျွန်းသာမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

# ကားမှတ်တိုင်မှ စကားသံ



www.burmeseclassic.com

www.burmeseclassic.com



ဟော့ အခုဖြတ်သွားတဲ့ကားပေါ်က ကောင်မလေးကို မြင်တယ် မဟုတ်လား၊ လှတယ်နော်၊ အဲဒါဦးမောင်မောင်ထွေးရဲ့ နံပါတ်တစ်က မွေးတဲ့သမီးအလတ်မလေ၊ စင်ကာပူမှာ ကျောင်းသွားတက်နေတာတဲ့၊ ဒါကြောင့် ရန်ကုန်နဲ့စင်ကာပူ သွားလိုက် လာလိုက်လုပ်နေတာပေါ့။ သူ့ဆံပင်က ဟိုဂျပန်ကားထဲက မင်းသမီးရဲ့ ဆံပင်လိုပဲ အလိမ်လိမ်တွေနဲ့ ဖွာနေတာ၊ အပုံစားပဲနော်၊ ဒါတောင် ကားပေါ်မှာ အပေါ်ပိုင်းပဲမြင်ရလို့၊ အောက်ကိုဆင်းရင် ပိုပြီးတော့တောင် ကြည့်ကောင်းဦးမယ်ထင်တယ်၊ ဘာဖြစ်လို့လဲသိလား ဟား ဟား ကောင်မလေးကထဘီဝတ်လေ့ရှိတာမှ မဟုတ်တာ၊ အေး ဘာဖြစ်ဖြစ်၊ ကြည့်လို့တော့ ကောင်းနေမှာ အမှန်ပဲ၊ ဟဲ ဟဲ။

ဘာ ဘယ်က ဦးမောင်မောင်ထွေးလဲ၊ ဟုတ်လား၊ သေလိုက်ပါတော့ကွာ၊ ရန်ကုန်မြို့မှာနေပြီး ဦးမောင်မောင်ထွေးကိုမှ မသိဘူးဆိုရင်တော့ မင်း အများကြီး ခေတ်နောက်ကျကျန်ခဲ့ပြီ။ သူ့ကို ဦးမောင်မောင်ထွေးလို့တောင် မခေါ်ဘူး၊ အေး ဟုတ်တယ်လေ၊ ဟုတ်တာပေါ့၊ အဲဒီ ဦးမောင်မောင်ထွေးပေါ့၊ အေး ဟုတ်တယ် ဟုတ်တယ်၊ တချို့ကတော့ အလှူပေးခြင်း၊ စွန့်ကြဲခြင်း၊ ပေးကမ်းခြင်းမှာ ဝါသနာထုံလွန်းလို့ ဦးမောင်မောင်ပေးလို့ ခေါ်ကြတယ်။ ဒီလိုတော့လည်း မင်းက အသိသားပဲ။

www.burmeseclassic.com

www.burmeseclassic.com


ဩော်ကွာ ဘယ်လိုပုံ ဘယ်လိုနည်းနဲ့ ဘာကြောင့် ဒီလောက် ချမ်းသာသလဲတော့ ငါလည်း ဘယ်သိပါ့မလဲ။ သူ့နာမည်ကိုက မောင်မောင်ဌေးပါဆိုမှ၊ ဌေးအောင်လုပ်တတ်လို့ ဌေးတာပဲဆိုတာ သဘောပေါက်၊ ဒီထက်လည်း သိစရာ မလိုပါဘူးကွာ။ ငါတို့က အမြတ်ခွန်ဌာနကလည်း မဟုတ်၊ သူနဲ့လည်း ဆွေမျိုးမတော်၊ တော်ဖို့ရာလည်း မနီးစပ်။

သူ့အိမ်က ရွှေတောင်ကြားလမ်းမှာလေ၊ ရွှေတောင်ကြား ဆိုတာက မြေတစ်ဧကကို သိန်းလေးငါးခြောက်ထောင်တန်တဲ့ နေရာနော်။ အဲဒီလိုနေရာမျိုးမှာ သူတို့ခြံက ကျယ်တာမှ အကျယ်ကြီး၊ နောက်ထပ် တိုက်တစ်လုံးတော့ အသာလေး ဆောက်နိုင်သေးတယ်၊ ဒါပေမယ့်သူ့ မဟေသီ ဒေဝီကြီးကတော့ ဒီခြံမှာတော့ နောက်ထပ် တိုက်မဆောက်တော့ဘူး ပြောတာပဲ။ သူက မြက်ခင်းအကျယ်ကြီးကိုမှကြိုက်တာတဲ့။ နောက်ပြီးတော့ ဒီပြင်နေရာမှာ ဒီပြင်တိုက်တွေလည်း ရှိသေးတာမို့ ဒီခြံထဲမှာ နောက်ထပ်ဆောက်စရာမလိုဘူးတဲ့လေ။ နေစရာအိမ်တွေ ဒီလောက်များနေမှ ဘာလို့ ထပ်ဆောက်ရဦးမှာလဲ။

ဒေဝီကြီးသဘောကျတဲ့ အိမ်ရှေ့မြက်ခင်းကတော့ အထူးပါပဲကွာ၊ ဘယ်တိုင်းပြည်က မြက်ကို မှာပြီးစိုက်ထားသလဲမသိဘူး၊ စိမ်းလိုက်တဲ့အစိမ်းဟာ မြစိမ်းရောင်ရင့်ပြီး မြမြကို စိမ်းနေတာပဲ၊ ရန်ကုန်မြို့လယ်မှာရှိပေမယ့် လူသံ ကားသံ မဆူညံဘဲ တိတ်ဆိတ်အေးချမ်းနေတဲ့ နေရာဆိုတော့ ခြံထဲဝင်လိုက်ရင်ပဲ စိတ်နှလုံးအေးချမ်းသွားရတဲ့အထဲ အိမ်ရှေ့မှာရှိတဲ့ မြက်ခင်းကြီးက ကတ္တီပါကော်ဇောကြီးခင်းထားသလို မျက်စိထဲ အေးလိုက်တာကွာ၊ မျက်စိလည်းအေး နားလည်းအေးလို့ရင် ထဲလည်း အေးပြီး တဝကြီးပဲ ထိုင်ငေးချင်နေတော့တာပဲ။

ကားအဝင် လမ်းဘေးမှာတော့ သစ်ခွစင်ရှိတယ်၊ ဝေဝေ ဆာ

www.burmeseclassic.com

www.burmeseclassic.com


ဆာ ပွင့်နေလိုက်တာ လှမှလှကွာ၊ အခက်လိုက် အခိုင်လိုက် ဝေဆာနေတာပဲ။ အဖြူရောင်ပန်းပွင့် အကြီးကြီးက တစ်ပွင့်ကို လေးငါးခြောက်ရာ ပေးရတယ်ဆိုပဲ။ အဝါရောင် ခရမ်းရောင် အပွင့်တွေလည်း အများကြီးပဲ၊ နာမည်တွေတော့ မခေါ်တတ်ပါဘူးကွာ။

ခြံစည်းရိုးနားမှာ တိုင်တွေထောင်ပြီး စိုက်ထားတဲ့ မြေစိုက်သစ်ခွတွေကိုတော့ ပင့်ကူသစ်ခွလို့ ခေါ်တယ် ထင်ပါရဲ့။ အဝါရောင် အကျားကျားလေးတွေလေ။ ပင့်ကူနဲ့တူလို့ ပင့်ကူသစ်ခွလို့ ခေါ်တာလား မသိဘူး။ အခိုင်လိုက် အခိုင်လိုက်ပွင့်နေလိုက်တာများ မြိုင်ဆိုင်နေတာပဲ။

အိမ်မျက်နှာစာနံရံက အမြင့်ကြီးဆိုတော့ ကယားပြည်နယ်က ကျောက်ပြားတွေ ကပ်ထားတယ်။ အစိမ်းရောင်ဖျော့ဖျော့လေးတွေက ယှက်နေတာ လှပဲလှသေးတော့။ လက်နဲ့အသာ တို့ကြည့်လိုက်တော့လည်း ချောပြီး အေးနေတာပဲ။ ငယ်ငယ်တုန်းကလို ပါးနဲ့ ကြာကြာကပ်ထားရင် တစ်ကိုယ်လုံးစိမ့်ပြီး အေးလာတယ်ထင်ပါရဲ့ကွာ။

အဝင်ဝ ဆင်ဝင်ကတော့ တိုင်လုံးအမြင့်ကြီးတွေနဲ့ဆိုတော့ ခမ်းနားလိုက်တာ အရမ်းပဲ။ ဖြူဖွေးနေတဲ့ တိုင်လုံးကြီးတွေကို မော်ကြည့်ရင်း ငါ့ရဲ့ကိုယ်ဟာကျုံ့ပြီးငယ်သွားတယ်လို့တောင်ထင်မိတယ်၊ ကနုတ်ပန်းတွေ ထွင်းထားတဲ့ ကျွန်းတံခါးမကြီးကိုလည်း အဆင်သင့်ဖွင့်ပေးတဲ့သူ မရှိရင် တွန်းဖွင့်ပြီး မဝင်ရဲပါဘူးကွာ။

အိမ်ထဲဝင်ဝင်ချင်း အခန်းက လှေကားခန်း မောင်ရေ့၊ ကွေ့ကွေ့ ဝိုက်ဝိုက်ကြီးလိမ်ပြီး တက်သွားတာ၊ ငယ်ငယ်တုန်းကလို ဆိုရင်တော့ ပြေးဆင်းလိုက် ပြေးတက်လိုက်နဲ့ ဆော့နေမိမှာပဲ။ လှေကားရင်းမှာတော့ ပင်စည်ကို တစ်ချောင်းနဲ့တစ်ချောင်းကျစ်ဆံမြီးလိုလိမ်ထားတဲ့ သစ်ပင်နှစ်ပင်ကို ကျောက်ပန်းကြီးအိုးတွေထဲထည့်စိုက်ပြီး ဘယ်ညာ

www.burmeseclassic.com

www.burmeseclassic.com


ချထားတယ်၊ ငါကတော့ ပင်စည်ကို ဘယ်လိုလုပ်ပြီး လိမ်ထားပါလိမ့် လို့ အံ့ဩနေမိတာပဲ။ မသိမသာလက်နဲ့တောင် ပွတ်ကြည့်လိုက်မိသေး တယ်။ အစစ်ဖြစ်နေတော့ စိတ်ထဲကနေပြီး ‘အင်း လူတွေ လူတွေ လူလူ ချင်းလိမ်လို့ အားမရသေးလို့ သစ်ပင်ကိုတောင် လိမ်ကြပြန်ပြီလို့ တွေး ရင်း အလိမ်ခံရတဲ့ သစ်ပင်လေးတွေကို သနားနေမိတယ်။ အင်းလေ ငါကသာ သနားနေတာ၊ အဲဒီလို အလိမ်ခံထားရတဲ့ သစ်ပင်အလိမ်တွေ က တယ်ပြီး ဈေးကြီးတယ်ဆိုပဲ။ အဲဒီအပင် အိမ်မှာထားရင် စီးပွားတက် တယ်လို့ ယုံကြည်ကြတယ်တဲ့။ အင်း သစ်ပင်ထဲမှာတောင် အလိမ် ကောင်းတဲ့ အပင်ဟာ တယ်ပြီး မျက်နှာကြီးတာပဲနော်။

ဝင်ဝင်ချင်း ညာဘက်က အခန်းကတော့ ပထမဧည့်ခန်းကွ၊ တော်ရုံဧည့်သည်ဆိုရင် အဲဒီမှာပဲ ဧည့်ခံတယ်။ ကြိမ်ကုလားထိုင်တွေနဲ့ ကျွန်းစားပွဲကို အခန်းတစ်ဖက်ထောင့်မှာ စီချထားတာ မျက်စိကို ရှင်း နေတာပဲ။ ယွန်းဆေးလိပ်ဘူးနဲ့ ယွန်းပြာခွက်ကလေးတွေကိုတော့ စားပွဲ ပေါ်မှာ အဆင်သင့်တင်လို့။ အဝင်ဝက စားပွဲမြင့်မြင့်လေးပေါ်မှာတော့ အိမ်ထဲမှာစိုက်လို့ရတဲ့ ပန်းပင်လေးတွေ တင်ထားတယ်၊ ပန်းအိုး သေး သေးလေးတွေနဲ့ ထည့်ထားတာ ရှားစောင်းဝင် ပေါက်စနလေးတွေလေ။ အရွက်ညိုညိုကလေးတွေနဲ့ အပင်ပြားပြားဝပ်ဝပ်လေးတွေကတော့ခရမ်း ရင့်ရောင်ပန်းပွင့်လေးတွေ ပွင့်လို့၊ လှလိုက်တာ။ အခန်းထောင့်ကကျွန်း စားပွဲလေးတွေပေါ်မှာကတော့ တရုတ်ကြွေပန်းအိုးရှည်ရှည်လေးတစ်လုံး ရှိတယ်၊ အဖြူရောင်သစ္စာပန်းလေးတစ်ခက်လည်း ထိုးထားတာ၊ အမြင် ကို ရှင်းနေတာပဲ၊ သိပ်လှတယ်။

ဩော် ကြမ်းခင်းထားတာကတော့ကျွန်းတုံးကလေးတွေလေ၊ ပါကေးကြမ်းခင်းပေါ့၊ ပေါ်လစ်တိုက်ထားတာ ဖိတ်ဖိတ်ကိုလက်ပြီးချော နေတာပဲ၊ သတိမထားမိဘဲလျှောက်ရင် ချော်လဲနိုင်တယ်မောင်ရဲ့။

www.burmeseclassic.com

www.burmeseclassic.com


အေး ငါမကြိုက်တာတစ်ခုတော့ရှိတယ်။ အဲဒါကတော့အခန်းကို ခြင်ဇကာတပ်ထားလို့ လှောင်နေတာပဲ။ခြင်ဇကာတွေဖယ်ပြီး မှန်ပြတင်းပေါက်အရှည်ကြီးတွေကိုဖွင့်ထားလိုက်ရရင် ဘယ်လောက်ကောင်းလိုက်မလဲ။ မြက်ခင်းကျယ်ကြီးကို ဖြတ်ပြီး ရှပ်တိုက်ပြေးလာတဲ့လေက အခန်းထဲကို တောက်လျှောက်ဝင်လာမှာ။ လေတိုက်လို့လွင့်နေတဲ့ အပြာရောင် ဓာခန်းကြီးတွေကို ကြည့်ရရင် စိတ်ထဲမှာ လွတ်လပ်ပြီး ပေါ့ပါးသွားလိမ့်မယ်ထင်တယ်။

အဲ တကယ်သားနားတာက အဲဒီကနေတစ်ဆင့်ဝင်လိုက်တဲ့ ဒုတိယဧည့်ခန်းပေါ့။ လေအေးစက်ဖွင့်ထားတော့ တံခါးကို တွန်းဖွင့်ပြီး အခန်းထဲခြေချလိုက်တာနဲ့ စိမ့်ပြီး အေးသွားတာပဲ။ နောက်ပြီး ငါ အင်မတန်ကြိုက်တဲ့ စံပယ်ပန်းနံ့လေးကလည်း တစ်ခန်းလုံးကို မွှေးလို့။ အခန်းထောင့်က စားပွဲပေါ်မှာ ဇန်းကလေးတစ်ခုကို လက်နှစ်ဖက်နဲ့ မြှောက်ပြီး လှမ်းတော့မယ် ဟန်ပြင်နေတဲ့ အရုပ်ကလေးနှစ်ရုပ်ကို ယှဉ်ပြီး ချထားတယ်၊ တစ်တောင်သာသာလောက်မြင့်မယ်ထင်ပါရဲ့။ ဟာဝိုင်ရီ ကျွန်းသူလို မလုံ့တလုံအဝတ်အစားလေးတွေနဲ့လေ။ အဲ မွှေးနေတာက သူတို့မြှောက်ကိုင်ထားတဲ့ဇန်းကလေးတွေထဲကပဲကွ။ အဲဒီ ဇန်းထဲမှာ အပင်ကနူးပြီးခါစ စံပယ်ပန်းလတ်လတ်ဆတ်ဆတ်ကလေးတွေကို အပြည့်အမောက် ထည့်ထားတယ်လေ။ လုံပြီး အေးနေတဲ့ အခန်းတစ်ခန်းလုံးဟာ စံပယ်ပန်းနံ့ကလေး ပျံ့ပျံ့ကလေးမွှေးနေတာ စိတ်ချမ်းသာစရာကောင်းလိုက်တာ။

ကြမ်းပေါ်မှာ ခင်းထားတာကတော့ အမွှေးပွကော်ဇောကြီးတွေပေါ့၊ ခြေလှမ်းလိုက်တိုင်း အမွှေးပွပွထဲမှာ ခြေဖဝါး တစ်ခုလုံး နစ်နစ်ပြီး ဝင်သွားတာက အတော့်ကို အရသာရှိတယ်မောင်။ အဲ ဆိုဖာကုလားထိုင်ကြီးတွေကတော့ နို့နှစ်ရောင်တွေ၊ ဓာအဖြူလက်တင်နဲ့ ဖွေးပြီး သန့်နေ

www.burmeseclassic.com


တာပဲ။ ခြေပစ်လက်ပစ်များထိုင်ချလိုက်ရရင် တစ်ကိုယ်လုံး အိဝင်သွားမယ် ထင်တယ်။

ငါမျက်စိအကျဆုံးကတော့ မျက်နှာကြက်က တွဲလဲကျနေတဲ့ ဖန်မီးဆိုင်းကြီးပဲ။ မီးဖွင့်လိုက်တော့ အလင်းရောင်က တဖိတ်ဖိတ် တဖျတ်ဖျတ်နဲ့လင်းလက်ပြီး ဖြာထွက်လာတယ်။ သိပ်လှတာပဲ၊ ခန်းဆီးနှစ်ထပ်ချထားလို့ နည်းနည်းလေး မှောင်နေတဲ့အခန်းထဲမှာ ဝင်းပြီး လင်းသွားတယ်။ အခန်း ဟိုဘက်ဒီဘက်နံရံတွေမှာ ဂှက်ပြီးတပ်ထားတဲ့ စပီကာနှစ်လုံးကလည်း သီချင်းသံတိုးတိုးလေး ပျံ့နေတယ်။ အင်း အခန်းကလည်း အေး၊ ပန်းကလေးလည်းမွှေး သီချင်းလေးကလည်း ဆွေး၊ အင်း ငါတော့လေ ငါတော့။ အခန်းထဲကမထွက်ဘဲ ကွေးကွေးပြီး အိပ်နေချင်တော့တာပဲ။ တစ်ရေးလောက်များ အိပ်လိုက်ရရင်ကွာ ဟင်း။

ထမင်းစားခန်းကတော့ ပထမဧည့်ခန်းနဲ့တစ်ဆက်တည်းကွ။ ရေခဲသေတ္တာနားက နံရံကပ်ဗီဒိုကြီးထဲမှာ ကြွေပစ္စည်းတွေမှ စုံနေတာပဲ။ ဒင်နာဆက်တို့၊ တီးဆက်တို့ ဘာဆက်တို့ ညာဆက်တို့နေမှာပေါ့အဲဒါက စိတ်ဝင်စားစရာ မကောင်းပါဘူး။ဟိုတစ်ဖက်နံရံကစင်ကလေးကမှ စိတ်ဝင်စားစရာ တကယ်ကောင်းတာ။ အရက်ပုလင်းတွေမှ စုံလို့။ ဝီစကီ ရော၊ ဘရန်ဒီရော၊ ကော့ညက်ရော၊ ရှန်ပိန်ရော၊ တချို့တွေလည်း ဘာ အမျိုးစားမှန်းတောင်မသိပါဘူးကွာ။ ပုလင်းပုံစံတွေကလည်း အမျိုးမျိုး။ လေးထောင့်ရော၊ ရှည်ရှည်ရော၊ ပုပုရော၊ ဝိုင်းဝိုင်းရော၊ ပြားပြားရော၊ ဖန်ခွက်တွေကလည်း ပုံစံအမျိုးမျိုး ဒီအရက်သောက်ရင် ဒီဖန်ခွက်နဲ့မှ၊ ဟိုအရက်သောက်ရင် ဟိုဖန်ခွက်နဲ့မှ ဆိုတာတွေလည်း ရှိတယ် မဟုတ် လား။

အဲ အဲဒါတွေကို ထားလိုက်ပါတော့။ ငါသဘောကျတာက တော့ ထမင်းစား စားပွဲကြီးပဲ။ အဖြူရောင်ကျောက်စားပွဲကြီးကွ၊ ဖွံ့ဖွံ့နေ

www.burmeseclassic.com

www.burmeseclassic.com


တာပဲ။ စားပွဲကြီးအလယ်မှာ ချထားတာလည်း ကျောက်ပန်းအိုးအဖြူပဲ၊ အဲဒီပန်းအိုးထဲမှာ ထိုးထားတာကတော့ နှင်းဆီပန်းနီနီရဲရဲတွေ။ နှင်းဆီတွေက အငုံတွေ။ အဖူးလည်း မကတော့ဘူး၊ ကားကားစွင့်စွင့်လည်း မပွင့်သေးတဲ့ ပန်းငုံတွေလေ။ အိုး အတုမဟုတ်ပါဘူး၊ အစစ်မှအစစ်။ အခုတလောမှ ကော့ကရိတ်လမ်းကဝင်လာတဲ့ တစ်ဖက်နိုင်ငံက နှင်းဆီတွေ။ လှသလားမမေးနဲ့။ ငါသာ ပန်းချီဆွဲတတ်ရင် အဲဒီ ကျောက်စားပွဲ အဖြူ ပန်းအိုးအဖြူနဲ့ ပန်းနီနီတွေကို ပန်းချီဆွဲလိုက်ချင်ပါရဲ့။ ပန်ရလွန်းလို့ မျက်စိထဲမှာ စွဲနေတယ်။

မီးဖိုထဲဝင်လိုက်တော့ ပေါင်မုန့်ကင်နေတဲ့အနံ့က မွှေးနေတာပဲ။ အိမ်ဖော်မလေးက လျှပ်စစ်မီးကင်စက်ထဲက ကင်ပြီးစ ပေါင်မုန့်ကို ထုတ်ပြီး ထောပတ်သုတ်နေတယ်။ မင်း အဘာ၊ စိန်တံဆိပ်ထောပတ်သုံးမလားကွ၊ တူတံဆိပ်သံဘူးဖောက်ထားတာ၊ ကြောင်အိမ်ပေါ်မှာ တင် ထားတာကတော့ ငါးသေတ္တာဘူးတို့၊ နို့မှုန့်၊ နို့စိမ်း၊ စည်သွပ်အို စုံလို့။ ငါတို့မီးဖိုချောင်တွေမှာ ဆိုရင် ငါးပိ၊ ငံပြာရည်နံ့တွေ နံတတ်တယ်နော်၊ သူတို့မီးဖိုချောင်မှာတော့ အဲဒီအနံ့မရဘူး၊ ဩော် မြန်မာပဲဟာကိုး၊ မကြိုက်ဘဲ ရှိပါ့မလား အဲဒီငါးပိ၊ ငါးခြောက်၊ ငံပြာရည်တို့ တညင်းသီး ဆားစိမ်တို့က မီးဖိုဘေးက စတိုခန်းထဲမှာ။ ဆန်အိတ်တွေရော၊ ဆီပုံး တွေရော၊ တစ်ခန်းလုံးပြည့်လို့။

ဩော် ဟောကောင်၊ မင်းက ဘာရယ်နေတာလဲ။ မယုံဘူးလား၊ ငါဖြီးနေတယ် အောက်မေ့နေသလား။ ငါတကယ်ရောက်ဖူးတာပါကွာ။ ခက်တော့တာပဲ။

ဒီလိုကွ ဒီလို ငါက မီးပြင်သမားဟာကိုး။ မင်းလည်း သိသားပဲ။ သူတို့အိမ်က မီးခလုတ်တစ်ခုဓာတ်လိုက်နေလို့ သွားပြင်ပေးရတာပါကွာ။ ငါ့လိုကောင်ကိုတော့ သူတို့အလည်အပတ်ဖိတ်ခေါ်ပါ့မလားကွ

www.burmeseclassic.com

www.burmeseclassic.com


ခွီးမှပဲ။ အဲဒီမီးခလုတ် ပြင်ဆင်ပြီးတော့ မဟောသီဒေဝီကြီးက တစ်လက် စတည်း ကျန်တဲ့မီးကြိုးတွေ၊ မီးခလုတ်တွေစစ်ဆေးပေးခဲ့ပါဆိုလို့ ဟား ဟား ဟား ငါက အခန်းစေ့ရောက်ဖူးခဲ့ရတာပါကွာ။ ဟုတ်ဘူးလား။ ဟာ အပေါ်ထပ်ကတော့ ပိုပြီး သားနားတာပေ့ါ မောင်ရာ။ အိပ်ခန်း ဆိုပေမယ့် အခန်းတိုင်း အခန်းတိုင်းမှာ တီဗွီနဲ့၊ ရေခဲသေတ္တာနဲ့၊ ဆိုဖာ ဆက်တီနဲ့၊ တစ်တောင်လောက်ထူတဲ့ မွေ့ရာကြီးတွေနဲ့၊ ကိုယ်လုံးပေါ် မှန်ချပ်ကြီးတွေနဲ့၊ ပန်းချီကားကြီးတွေ ချိတ်ထားတာလည်း လှမှလှ။

ဟော ဟော တွေ့လား၊ အဲဒီပါဂျဲရိုးကားအဖြူကြီး မောင်းသွား တာလည်း ဦးမောင်မောင်ထွေးရဲ့ သားပဲ။ ဒါပေမယ့် သူက နံပါတ်နှစ်ရဲ့ သား။ သူ့ကုမ္ပဏီမှာတော့ သူက အမ်ဒီပေ့ါ။

ဟဲ ဟဲ မင်းလည်း မင်းအိမ်မှာတော့ မင်း အမ်ဒီလုပ်နိုင်တာ ပဲဟာ လုပ်ပေ့ါ။ ငါလည်း ငါ့အိမ်မှာတော့ ငါအမ်ဒီပေ့ါ။ အမ်ဒီဆိုတာ အုပ်ချုပ်မှုဒါရိုက်တာလေ ငါ့အိမ် ငါ့မိသားစုမှာ ငါ့ဟာငါ ခန့်လို့ရတာ ပဲ။ အဟေး ဟေး။ သူတို့လည်း သူတို့ကုမ္ပဏီမှာ သူတို့ဟာသူတို့ ခန့် ကြတာပဲ မဟုတ်လား ဟား ဟား ဟား။ အေးကွာ တစ်ခါတလေ တော့လည်း ကိုယ့်ကုမ္ပဏီမှာ ကိုယ် အမ်ဒီလေး ဘာလေး လုပ်ဖူးချင် သား။ ညကျမှ အိပ်မက်ထဲ ထည့်မက်ပစ်လိုက်ဦးမယ်။

ဟော ကားလာပြီ ကျပ်တယ်ကွာ။ အေး ကျပ် ကျပ်၊ ကျပ်ဟ။ ချောင်တဲ့ကား စောင့်စီးနေရင်လည်း အိမ်ရောက်မှာ မဟုတ်တော့ဘူး။ သူတို့လို ပါရာဒိုတွေ၊ ပါဂျဲရိုတွေ၊ မာစီဒီးတွေထည့်လဲမစီးနိုင်ရင်တောင် ဂျစ်စုတ်လေးတစ်စီးဖြစ်ဖြစ် စီးနိုင်ချင်လိုက်တာကွာ။ အေးလေ။ ရှေး ကုသိုလ်ပေ့ါ၊ ရှေးကုသိုလ်ရှိမှ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်ကြဲ ခြင်းဆိုတဲ့ ပေးကုသိုလ် ဆက်နိုင်မှာပေ့ါ။ ပေးကုသိုလ်ရှိမှလည်း ရှေး ကုသိုလ်က ဆက်တိုက်လာမှာ။

www.burmeseclassic.com

www.burmeseclassic.com


ကဲ ဒီတစ်စီးတော့ ရအောင်တက်တော့ သူငယ်ချင်းရေ၊ လက်မြဲမြဲ ခြေမြဲမြဲနဲ့ စီးနေကျအတိုင်း ခြေနင်းခုံနေရာကလေး ရအောင်လု၊ ဆွဲ ဆရာရေ။ ဆွဲ။ အတွယ်အတာလေးတွေများတယ်။ အကြင်နာတရားကလေးနဲ့ ဖြည်းဖြည်းဗျနော် ဖြည်းဖြည်း။

(နိုင်ငံ့ဂုဏ်ရည် ၂၀၀၁ ဧပြီ)

www.burmeseclassic.com

www.burmeseclassic.com

လျှာနှင့်သွား



www.burmeseclassic.com

ညွှန်ကြားရေးမှူး ဦးမောင်မောင်ဒွေး သက်ပြည့်ပင်စင်ယူခဲ့သည်မှာ လေး နှစ်ရှိပြီ ဖြစ်သည်။ ဒီတော့လည်း အငြိမ်းစားတို့၏ သဘာဝအတိုင်း အတန်ငယ် စိတ်ငယ်ချင်လေသည်။

"ကျုပ်တို့က 'အိုပယ်' တွေပါဗျာ၊ အိုလို့ အပယ်ခံရတဲ့သူတွေ လေ" ဟု ရယ်သွမ်းသွေး၍ ပြောလေ့ရှိသည်။

ဦးမောင်မောင်ဒွေးကတော် ဒေါ်ခင်ခင်ချောကတော့ "အိုပယ် လား မပယ်လားတော့ မသိဘူး၊ ကြီးမှ ဂျီကျလာတာတော့ အမှန်ပဲ၊ ကျွန်မကတော့ သူ့ကို 'အိုဂျီ'လို့ခေါ်တယ်"ဟု အငြိမ်းစားကတော် အချင်း ချင်း စကားတင်းဆိုလေ့ရှိသည်။

ဟုတ်တော့လည်း ဟုတ်သည်၊ သူက ရုံးမှာစီစဉ်ညွှန်ကြားနေ ကျ လူဆိုတော့ အငြိမ်းစားယူလိုက်တော့လည်း ငြိမ်ငြိမ် မနေတတ်ရှာ ပေ။ ဘုရားစင်တွင်ဖုံတက်နေသည်ရော၊ အိမ်ဖော်ကောင်မလေး တံမြက် စည်း စင်အောင် မလှဲသည်ရော၊ ဘူးသီး ချဉ်ရည်ဟင်းတွင် မန်ကျည်း နှစ် အထည့်များ၍ ချဉ်သွားသည့်ကိစ္စရော၊ အိမ်ရှေ့က စက္ကူပန်းပင် အပွင့်မပွင့်သည်ကိုသာမက ကြောင်ကြီးရွှေဝါ လှေကားအောက်တွင် အီးအီးပါသည့်ကိစ္စအထိ သူပါလာလေသည်။ ဒီတော့လည်း အိမ်တွင်း ငြိမ်းချမ်း သာယာရေး၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ ဥက္ကဋ္ဌရာထူးကို ပြိုင်ဘက်မရှိရထားသော ဒေါ်ခင်ခင်ချောခမျာ အလိုလိုနေရင်း ဒုတိယ

www.burmeseclassic.com

www.burmeseclassic.com


ဥက္ကဋ္ဌရာထူးသို့ ရွေ့လျောရရှာလေသည်။

ဒေါ်ချောက ဦးဒွေးထက် သုံးနှစ်လောက်ငယ်တော့ ခြောက်ဆယ်၏ ဟိုဘက်ကို သီသီစွန်းလာပြီဖြစ်သည်။ ဟောလိဝုဒ်မှ ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးကြီးအယ်လီဇဘက်တေလာက အသက် ၆၀တွင် လင်ယောက်ျားတွေ ထည်လဲပြောင်းဆဲဖြစ်သည်။ သို့သော် မြန်မာနိုင်ငံက မီးဖိုချောင် မင်းသမီးကြီး ဒေါ်ခင်ခင်ချောခမျာကတော့ ရှိလက်စယောက်ျားတစ်ယောက်ကိုပင် အတော်ကြီးစိတ်ညစ်နေရှာပြီဖြစ်သည်။

ငယ်ငယ်တုန်းကတော့ တစ်ဦးနှင့်တစ်ဦး ချစ်၍ ကြိုက်၍ မြတ်နိုး ကြင်နာ၍ ယူခဲ့ကြသော်လည်း အတူနေခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်ကာ ၄၀ တွင်းရောက်လာပြီဆိုတော့ မျက်နှာကြောက တယ်ပြီး မတည့်ချင်လှတော့ပေ။ ယခင် သမီးရည်းစား ဘဝတုန်းကသူကိုယ်တိုင် လက်ဖက်ရည်ကြိုက်လျက်နှင့် မချောကလေး ဒိန်ချဉ်သောက်တော့ လက်ဖက်ရည်ဆိုင်ကို ကျောခိုင်းကာ ဒိန်ချဉ်ဆိုင် အမြဲတမ်း လိုက်ထိုင်တတ်သည့် မောင်မောင်ဒွေးဟူသည့် လူရွယ်ကလေးသည် အိမ်က 'အိုဂျီ' ကြီး ဖြစ်လာမည်ဟု မည်သူမျှ ထင်ခဲ့လိမ့်မည်မဟုတ်ချေ။

သူက မျက်နှာကြောမတည့်သလို သူ၏အိမ်ဦးနတ်ကြီး ဦးမောင်မောင်ဒွေးကလည်း သူ့ကို သိပ်ပြီးကြည့်၍ရမည် မဟုတ်သည်ကိုတော့ သိနေသားပင်။

ယခင်တုန်းက သူချိုလျှင် လိုက်ချိုပြီး သူချဉ်လျှင် လိုက်ချဉ်တတ်သော ဦးမောင်မောင်ဒွေးဟူသည့် ပုဂ္ဂိုလ်သည် ယခုတော့ သူချိုလျှင် ချဉ်ပြီး သူချဉ်လျှင် ချိုရန် အသင့်ဖြစ်နေတတ်သည်ဟု ဒေါ်ချောထင်မိသည်။

ဒီတော့လည်း သူတို့မှာ ရန်ဖြစ်စရာအကြောင်းက များလှပေသည်။ ငြင်းခုန်စရာအကြောင်းကလည်း ပေါလှချေသည်။ အသိအိမ်က

www.burmeseclassic.com

www.burmeseclassic.com


ပေးလိုက်သော ရွက်လှကိုင်းများကို မြေပေါ်ချစိုက်မလား၊ ပန်းအိုးထဲ ထည့်စိုက်မလားဟူသော ပြဿနာနှင့်လည်း ရန်ဖြစ်နိုင်သည်။ တရားမှတ်လျှင် နှာသီးဖျားတွင် မှတ်တာပိုကောင်းသည်။ ဝမ်းဗိုက် ပိန်ဖောင်း မှတ်တာက ပိုကောင်းသည် ဟူသော ပြဿနာနှင့်လည်း စကားများနိုင်သည်။ အိမ်တွင်ဆွမ်းခံကြွနေသော ဆွမ်းခံကိုယ်တော်ကလေး ဝက်သားစားသည် မစားသည်ဟူသောကိစ္စနှင့် ပတ်သက်ပြီးတော့လည်း တစ်ဦးနှင့် တစ်ဦး ထအော်နိုင်ကြသည်။

အိမ်ထောင်ခွဲဖြစ်သော သားအငယ်က အိမ်ကို တစ်ပတ် တစ်ခါ လောက်သာ လာတတ်၍ မထောင်းတာလှသော်လည်း အတူနေသမီးကြီးဖြစ်သူ အပျိုကြီးခင်သက်မေခမျာမှာတော့ မသက်သာလှချေ။ သူက အထက်တန်းပြဆရာမမို့ တပည့် များလှသည်။ တပည့်အပေါင်း မျောက်လောင်းများကို နားတွေရော မျက်စိတွေရော ညောင်းလာအောင် တစ်နေကုန် ဆူပူအော်ဟစ်ပြီး သင်ပေးတတ်သူဖြစ်သည်။ ညနေစောင်း၍ မောမောပန်းပန်းနှင့် အိမ်ပြန်ရောက်လာလျှင်ကား ချက်ချင်းဝဋ်လည်တော့သည်။ အဖေနှင့်တွေ့လျှင် အမေ့အတင်း နားထောင်ရ၊ အမေနှင့်တွေ့လျှင် အဖေ့အတင်းနားထောင်ရနှင့်မို့ သူ၏နားနှစ်ဖက်လုံး ပူထူနေသည်။

အခုတစ်ပတ်ထဲတော့ တစ်ဦးနှင့်တစ်ဦး အတင်းမပြောဘဲ တည့်နေကြသည်။ ဒီတော့ ခင်မေသက်လည်း စိတ်ချမ်းသာ၊ မထွေးလည်း စိတ်ချမ်းသာနှင့် အေးအေးချမ်းချမ်းရှိနေသည်။ သို့သော် ညနေကျပြန်တော့ ရန်ဖြစ်ကြပြန်သည်။

အစပိုင်းကတော့ တီဗွီရှေ့တွင် ပက်လက်ကုလားထိုင်တစ်လုံးစီနှင့် နေကြာစေ့ဝါးရင်း တရုတ်ကားကြည့်နေကြသည်မှာ ကြည်ကြည်လင်လင်ပင်ဖြစ်သည်။ နောက်တော့ တရုတ်ကား ခဏနားပြီး ကြော်ငြာ

www.burmeseclassic.com

www.burmeseclassic.com


တွေ့ ဝင်လာသည်။

"ငါတို့ဆီက အချိုရည်ကြော်ငြာ ရေသန့်ကြော်ငြာတွေကို နိုင်ငံခြားသားတွေတွေ့ရင် ငါတို့တိုင်းပြည်မှာ ဖန်ခွက် အင်မတန် ရှားတယ်လို့ ထင်မှာပဲနော်"

ဦးမောင်မောင်ဒွေးက နေကြာစေ့လေး တဖျောက်ဖျောက် ဝါးရင်း ပြောသည်။ ဒေါ်ခင်ခင်ချောက ခေါင်းလေးတညိတ်ညိတ်နှင့် ထောက်ခံသည်။

"ဟုတ်ပါရဲ့တော်၊ ပုလင်းလိုက်ကြီးတွေကို ပါးစပ်ကြီးတွေနဲ့ တေ့တေ့ပြီး မော့နေလိုက်ကြတာ၊ နောက်ပြီး အချိုရည်ဆိုရင် ဒီပုလင်းက လွှင့်ပစ်တာလည်း မဟုတ်၊ ပြန်သုံးမယ့်ဟာတွေကို"

ဒီအထိတော့ သူတို့နှစ်ဦး တစ်သဘောတည်းပင်ဖြစ်သည်။ အခန်းထောင့်က စာကြည့်စားပွဲတွင် အမှတ်စာရင်းလုပ်နေသော ခင်သက်မော်ကလည်း တီဗွီဖန်သားပြင်ကို အမှတ်မဲ့လှမ်းကြည့်ကာ စိတ်ထဲ မှ နေပြီး "ဟုတ်သားပဲ" ဟု ထောက်ခံမိသည်။

ခဏနေတော့ နောက်ထပ် အချိုရည်တစ်မျိုး ကြော်ငြာပြန်သည်၊ မင်းသားနှင့်မင်းသမီးက ရွှင်ပြစွာ မြူးထူးသွက်လက်စွာ လှုပ်ရှားကပြရင်း ပုလင်းတွေကို မော့ကြပြန်သည်။

"အဲဒီပုလင်းတွေကို အသေအချာပြန်ဆေးရဲ့လားလည်း မသိပါဘူးကွယ်" ဟု ဒေါ်ချောက မရေမရာပြောမိသည်။

"ဘယ်သူက မဆေးဘဲနေမှာလဲကွ၊ ဆေးမှာပေါ့"

ဦးမောင်မောင်ဒွေးက "မင်း ဒီလောက်ကလေးမှမသိဘူးလား" ဟူသော လေသံနှင့် ငေါက်ဆတ်ဆတ်ပြောသည်။

"အင်းလေ ဆေးတော့ ဆေးမှာပေါ့၊ ကျွန်မပြောတာက ပိုးမွှားကင်းစင်အောင် အသေအချာဆေးရဲ့လားလို့ ပြောတာပါ"

www.burmeseclassic.com

www.burmeseclassic.com


"သူတို့က မင်းထက်တတ်လို့ ဒီလုပ်ငန်းလုပ်နေတာပေါ့"

"အို ကျုပ်က တတ်တာမတတ်တာပြောတာမဟုတ်ဘူး၊ဘယ်လောက်ပဲ မိုးပျံအောင်တတ်တတ်၊ ဒီနေရာမှာ စေတနာကပဲစကားပြောတာ၊ ဆေးတယ်ဆိုပေမယ့် သမန်ကာ လျှံကာ ဆေးတယ်ဆိုရုံပဲ ဆေးသွားရင်ကော"

"ဟ လုပ်ငန်းကြီးလုပ်နေတဲ့လူတွေကွ၊ ဘယ်သူက သမန်ကာ လျှံကာ လုပ်မှာလဲ"

ဦးဒွေး၏အသံကြီးက ကျယ်လာသည်။ ဒီတော့လည်း ဒေါ်ချော၏ အသံက စူးလာလေသည်။

"ဒီလောက် အာမခံနေရအောင် သူတို့က ရှင့်အမျိုးတွေလား၊ သူတို့ အသေအချာ ပိုးမွှားကင်းစင်အောင် ဆေးနေတာ ရှင်မြင်လို့လား"

"မြင်စရာမလိုဘူး၊ အလိုလို နားလည်ပြီးသား၊ ဒါက ယုံကြည် ထားရမယ့်ကိစ္စ"

ဒေါ်ချောက နှုတ်ခမ်းကိုမဲ့ကာ မျက်စောင်း အကြီးကြီး ထိုးလိုက်သည်။

"ယုံလေ ယုံပေါ့၊ ကျုပ်တို့ကတော့ ကိုယ့်မျက်စိနဲ့အသေအချာ မမြင်ရရင် ဘာကိုမှ အသေအချာမယုံဘူး"

ဦးဒွေးက ရေနွေးကြမ်းပန်းကန်ကို ဆောင့်၍ချသည်။

"ဒီလိုဆို ဒီနေ့ကစပြီး မင်း ဘုရားမရှိခိုးနဲ့တော့"

"အို ဘာဆိုင်လို့လဲ"

"မြတ်စွာဘုရားကို မင်း မြင်ဖူးလို့လား"

"ရှင်နော် ထော်လော်ကန့်လန့်မပြောနဲ့"

ဒေါ်ချောက မျက်နှာနီကာ အသံတွေ တုန်လာသည်။

သမီးကြီးခင်သက်မော်ကတော့ သူတို့နှစ်ဦးအား လှမ်းကြည့်

www.burmeseclassic.com

www.burmeseclassic.com


ရင်း ဘာလုပ်၍ ဘာပြောရမည်ကိုပင် မသိတတ်နိုင်အောင် ဖြစ်နေရှာသည်။ ကလေးလေးတွေလို "နင်ကလည်း တိတ်တော့၊ နင်ကလည်း ပိတ်တော့" ဟု ပြောလို့ရမည့်ကိစ္စလည်း မဟုတ်တော့ ခက်လှသည်။

"ဟ ကန့်လန့်ပြောတာ ငါ မဟုတ်ဘူး၊ မင်းကွ၊ မင်းပဲ ပြောတာ၊ မမြင်ရရင် မယုံဘူးဆို"

"ရှင် ဘာခွတိုက်တာလဲ၊ အချိုရည်ပုလင်းကိစ္စမှာ မြတ်စွာဘုရားကို ဆွဲထည့်စရာ ဘာအကြောင်းမှ မရှိဘူး၊ အလကား လူ့ကန့်လန့်"

ဒေါ်ချောကလည်း ရေနွေးကြမ်းခွက်ကိုဆောင့်ချသည်။ အရှိန်က ပြင်းတော့ ခွပ်ခနဲ အက်သွားသောအသံကိုပင် ကြားလိုက်ရသည်။

"အေးကွာ လူ့ကန့်လန့်ကွာ၊ လူ့ကန့်လန့်မို့ ကန့်လန့်တယ်ကွာ၊ ဘာဖြစ်လဲ"

ဦးဒွေးက ထိမထင်သောမျက်နှာထားနှင့် မထီတရီပြောသည်။ ငါတကော ကောလှသော၊ အငြင်းသန်လှသော ဒီမိန်းမကို သူ အမြင်ကတ်နေသည်မှာ ကြာလှပြီ၊ ဒီတစ်ခါတော့ လျှော့မပေးဟု ဆုံးဖြတ်ချက် တင်းတင်းချသည်။

တီဗွီဖန်သားပြင်တွင် ကြော်ငြာတွေရပ်သွားပြီဖြစ်သည်၊ ရီရှန်းတို့၊ ရောင်မေတို့၊ ကြယ်လေးတို့ ပြန်ပေါ်လာကာ ငြင်းကြခုန်ကြ၊ ဆွဲကြလွဲကြ လုပ်နေသော်လည်းသူတို့နှစ်ယောက်ကိုမဆွဲဆောင်နိုင်တော့ပေ။

"ဒါကြောင့်မို့လို့ ရှင့်ကို ဘုကြီး၊ ဂလန့်ကြီး၊ ခွစာကြီးလို့ ပြောကြတာ၊ ပြောတာတောင် နည်းသေး"

ဒေါ်ချောက အံကြိတ်သံနှင့် ပြောသည်။ သူသာ နဂါးမျိုးနွယ်ဖြစ်လျှင် ဦးဒွေးခမျာ ပြာကျနေလောက်ပြီထင်သည်။

"ဘုတော့ ဘာဖြစ်လဲကွ၊ ဂလန့်တော့ ဘာဖြစ်လဲကွ၊ ခွတော့

www.burmeseclassic.com

www.burmeseclassic.com



ရော ဘာဖြစ်သလဲကွ၊ ပြောစမ်းပါဦး ပြောပါဦး”

ဦးဒွေးက ခုနစ်အိမ်ကြား ရှစ်အိမ်ကြား ထအော်သည်၊ ထို့နောက် စားပွဲပေါ်မှ ပရုပ်ဆီပုလင်းကို ကောက်ကာ တအားလွှဲပေါက်သည်။ ဒေါ်ချောကို ပေါက်ခြင်းတော့မဟုတ်။ တီဗွီပေါ်ကိုကျော်ကာ အနောက်မှနံရံကို ပေါက်ခြင်းဖြစ်သည်။ ပရုပ်ဆီပုလင်းကနံရံကိုမှန်ကာ ခွမ်းခနဲ ကွဲသည်။

ဒေါ်ချောကလည်း အညံ့မခံ။ ခြေရင်းမှ ထွေးခံကို ကန်ထည့်လိုက်သည်။ နေကြာစေ့ခွံ တပုံတပင်ကြီးကို ပိုက်ပွေ့ထားရသော ထွေးခံကြီးက ဂလွမ် ဂလွမ်နှင့် မြည်ကာ လိမ့်သွားသည်။ ထို့နောက် လေကားထစ် တစ်ထစ်ချင်းကို ဂွမ်ခနဲ ဂွမ်ခနဲ အော်မြည်ကာ ခုနစ်ဆင်းရင်းနေကြာစေ့ခွံများကို ရက်ရက်ရောရော ကြဲဖြန့်သွားသည်။

“အဖေတို့ အမေတို့ကလည်းလေ၊ ကလေးတွေလည်းမဟုတ်ဘဲနဲ့၊ တော်ကြပါတော့ တော်ပါတော့”

ခင်သက်မော်က သူ့ခေါင်းကိုသူ စုံကုတ်ကာ ကြမ်းပေါ်တွင် ငုတ်တုတ်လေးထိုင်ချသည်၊ သူ့အသံက ငိုသံပါနေသည်။

တီဗွီထဲမှ အငိုကောင်းသူ ရီရှန်းကလည်း တရှုံ့ရှုံ့ ငိုနေရှာပေပြီ။

သူတို့နှစ်ဦး စကားမပြောကြသည်မှာ ဒီနေ့ပါဆိုလျှင် လေးရက်ရှိပြီဖြစ်သည်၊ ဒီတော့လည်း နှစ်ဦးလုံး ပျင်းခြောက်ခြောက်နှင့် အနေရအထိုင်ရ ခက်လှသည်။ ယခင်တုန်းက ခဏခဏ စကားများဖူးသော်လည်း ဒီလောက်ကြာကြာ မခေါ် မပြော မနေဖူးခဲ့ကြပေ။ သူက စခေါ်လား၊ ငါက စခေါ်လားပင် အသေအချာ မသိ။ ဟိုလိုလို ဒီလိုလိုနှင့်

www.burmeseclassic.com

www.burmeseclassic.com


မသိလိုက် မသိဘာသာ ပြန်ခေါ်သွားကြသည်သာ ဖြစ်သည်။ ဒီတစ်ခါတော့ နှစ်ဦးလုံးက မလျှော့။

"အခါတိုင်းဆိုရင် သူက အရင်စခေါ်တတ်တာပဲဟာ၊ ဒီတစ်ခါ မှ ကြီးကျယ်လို့"

ဦးဒွေးက တွေးသည်။

"သူ မခေါ်ရင် ငါကတော့ စမခေါ်ဘူးမှတ်"

ဒေါ်ချောက စဉ်းစားသည်။

"မခေါ်ရတော့ သာတောင်အေးသေးတယ်၊ နားလည်းအေး၊ စိတ်လည်းအေး"ဟု ဆက်ပြီးတွေးသည်။ ထို့နောက်မှ "ဩော် မှားလို့၊ နားကတော့ မအေးပေါင်"သူ၏အတွေးကို အတွေးထဲမှာ ပြန်ပြင်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် ဦးဒွေးက နေရာတကာတွင် ရှပ်ပြာပြာ လုပ်တတ်သော အိမ်ဖော်မလေး မထွေးကို ဖိပြီး ဆူနေသောကြောင့် ဖြစ်သည်။

သူကတော့ သူ့ဝတ္တရားကို မပျက်စေရပါ၊ ထမင်းစားချိန်တန်လျှင် ကိုယ်တိုင်ဒူးခပ်ပြင်ဆင်ပြီးမှ မထွေးကိုခေါ်ခိုင်းလိုက်ကာ ရှောင်နေလိုက်သည်၊ အရင်တုန်းကလို ဘေးကနေထိုင်ပြီး ကြက်သားလေးနွှင်ပေးလိုက်၊ ငါးရိုးလေးထွင်ပေးလိုက်တော့ မလုပ်နိုင်။ အိမ်ရှေ့ထွက်ကာ သတင်းစာကို အပြန်ပြန် အလှန်လှန် ဖတ်နေလိုက်သည်၊ ဒီတော့လည်း ဦးဒွေးက တစ်ယောက်တည်း တိတ်ဆိတ်စွာ စားနေရသည်ကို မကျေမနပ်နှင့်မို့ "ဒီပဲဟင်းက ဒီထက်ငန်အောင် မချက်တတ်တော့ဘူးလားဟေ"ဟူ၍လည်းကောင်း၊ "ငါ ကြက်သွန်ဖြူစားတတ်တာ သိသားနဲ့၊ ဘယ်မလဲ ကြက်သွန်ဖြူ" ဟူ၍ လည်းကောင်း အော်တတ်သည်။

ဒေါ်ချောက သတင်းစာကို ဟန်မပျက်ဖတ်ရင်း "ငါ မြည်းကြည့်ပြီးသားပါ၊ မငန်ပါဘူး၊ အလကား ဂျီကျတာ" ဟု တွေးလိုက်၊

www.burmeseclassic.com

www.burmeseclassic.com


"သြော် နွှာပြီးသားတွေ နောက်ဖေး ပန်းကန်စင်ပေါ်မှာ ရှိတယ်လေ မထွေးရဲ့" ဟု စိတ်ထဲမှ ပြောလိုက်နှင့်မို့ သူ့ကိုယ်သူ ဘာဖတ်၍ ဖတ်မိမှန်းပင်မသိ။

မထွေးကလည်း မထွေးပင်။ ဒေါ်ချောက သရက်သီးမှည့်ကို ကိုယ်တိုင်ခွဲစိတ်ပြီး ပန်းကန်ထဲ လှလှပပ ထည့်ကာ "ရော့ နင့်ဘကြီးဆီ သွားပို့လိုက်" ဟု ပေးလိုက်လျှင် ဒီအတိုင်း သွားပို့လိုက်သည်သာဖြစ်၏။ ခက်ရင်းလေးတစ်ချောင်း ထည့်သွားဖို့ သတိမရ။ ဦးဒွေးက ရောက်ပျားရည် သောက်နေကျမို့ "ပျားရည်ပုလင်းယူခဲ့စမ်းဟေ့" ဟု ခိုင်းလိုက်လျှင်လည်း ပုလင်းချည်းပဲ သွားပေးလိုက်သည်။ ဇွန်းလေးတစ်ချောင်းပါ ထည့်ပေးရမည်ကို သူ မသိ။ ဒေါ်ချောသာ အနားမှာရှိလျှင် "သြော် မထွေးရယ်၊ နင်ကလည်း ခက်ရင်းလေးတပ်ခဲ့ရောပေါ့" "ဇွန်းယူခဲ့လေကွယ်" ဟု အေးအေးသက်သာ ဝင်ပြောနေကျ ဖြစ်သည်။ အခု သူက ရှောင်နေတော့ ဦးဒွေးနှင့်မထွေး၊ မထွေးနှင့်ဦးဒွေး တစ်အော်တည်းအော် ဇာတ်ကားရှည်ကြီးကို ရိုက်နေကြရလေသည်။

ခင်သက်မော်ကတော့ ညနေ အိမ်ပြန်ရောက်လျှင် အဖေနှင့်အမေကို မသိမသာ အကဲခတ်ပြီး မထွေးကို "ဘယ်လိုလဲဟဲ့ အခြေအနေက မစိုပြည်သေးဘူးလား" ဟု တီးတိုးမေးရသည်။

"အစ်မကလည်း စိုပြည်ရင် ပက်လက်ကုလားထိုင်တစ်လုံး အပေါ်ပြန်ရောက်နေရောပေါ့၊ အခု မတွေ့ဘူးလား၊ အပေါ်မှာ တစ်လုံး၊ အောက်မှာတစ်လုံး"

မထွေးက စိတ်ညစ်လက်ညစ် ဖြေတတ်သည်၊ အပေါ်ထပ်က တီဗွီရှေ့တွင် ပက်လက်ကုလားထိုင်နှစ်လုံး ယှဉ်ချထားရာ တစ်လုံး အောက်ထပ်ရောက်နေသည်မှာ လေးရက်ရှိပြီဖြစ်သည်။ သူတို့နှစ်ဦး ကြည်ကြည်လင်လင် ရှိလျှင် အပေါ်ထပ်တွင် အတူထိုင်ကာ အတူထိုင်

www.burmeseclassic.com

www.burmeseclassic.com


ကာ သရက်သီးစိတ်လေး စားလိုက်၊ ဘုရားစာအုပ်လေးဖတ်လိုက်၊ ဆွေအကြောင်း မျိုးအကြောင်း ပြောလိုက်နှင့်မို့ မထွေးလည်း အောက်ထပ်မှာ လွတ်လွတ်လပ်လပ်ရှိသည်။ အခုတော့ ထမင်းစားသောက်ပြီး၍ ဦးဒွေး အပေါ်ထပ် တက်သွားလျှင် ဒေါ်ချောက အောက်မှာ ကျန်ခဲ့သည်။ ဒီတော့လည်း အောက်ထပ်မှာ တရေးတမော အိပ်လိုက်၊ တယ်လီဖုန်း ဆက်လိုက် လုပ်နေကျ မထွေးခမျာ အနေမချောင်လှတော့ပေ။

ည ၇ နာရီ တရုတ်ကားလာချိန်ကျတော့ ဒေါ်ချောက ဘုရားခန်းထဲဝင်ကာ ပုတီးစိတ်နေလိုက်သည်။ ဦးဒွေးကိုလည်း ဖြုတ်၊ တရုတ်ကားကိုလည်း ဖြုတ်၊ ကြော်ငြာကိုလည်း ဖြုတ်မို့ သူ့စိတ်မှာ အေးချမ်းလို့ နေသည်။

မအေးချမ်းသည်ကတော့ ဦးဒွေးဖြစ်သည်၊ သမီးကြီး ခင်သက် မော်က သူ့ဘေးက ကြမ်းပြင်တွင် လာထိုင်ကာ နေကြာစေ့ အတူ လာ စားတတ်သော်လည်း ဟာတိဟာတာ ဖြစ်နေတတ်သည်။ "ငါကလည်း အရေးမစိုက်ပါဘူး" ဟူသောပုံစံနှင့် ခပ်တည်တည် ခပ်တင်းတင်း လုပ် နေသော်လည်း စိတ်ကတော့ မရွှင်လန်းလှချေ။

"မနက်ကလည်း ထမင်းစားလို့ မကောင်းပါဘူး သမီးရယ်၊ ငါးဆုပ်ထဲမှာလည်း အရိုးပါလာလို့ မနည်းဟပ်ထုတ်လိုက်ရတယ်၊ နင့်အမေ ဒေါ်ခင်မျိုးချစ်ကြီးက သူ့အမျိုးတွေ လာရင်သာ ငါးသေတ္တာ ပြေးဖောက်ဖို့ သတိရတာ" ဟု စကားတင်း ဆိုတတ်သည်။

ကြော်ငြာကဏ္ဍတွင် အချိုရည်ပုလင်းတွေကို အပြိုင်အဆိုင် မော့ကြသောအခါတွင်တော့ အရင်ရက်တွေတုန်းကလို ရန်လိုစိတ် မရှိတော့ဘဲ "ဩော် သူတို့ဟာသူတို့ ပြေးရင်း သောက်သောက်၊ ကရင်း သောက်သောက်၊ ပျမ်းထိုးရင်း သောက် သောက်၊ ရေကူးရင်း သောက် သောက်၊ ဘယ်လိုသောက်သောက်၊ သောက်ချင်သလိုသောက်၊ ငါနဲ့

www.burmeseclassic.com


မချော စကားမပြောရတော့တာက ခက်တယ်”ဟု တွေးသည်။“နက်ဖြန် ကျရင်တော့ သူ မခေါ်ရင် ငါက စခေါ်ရရင်ကောင်းမလား”ဟု ခပ်ငေးငေး စဉ်းစားသည်။

ဒေါ်ချောကတော့ ဘုရားခန်းထဲတွင် ပုတီးစိတ်နေရင်း ဘုရားစင်မှ ခရေပန်းနံ့လေး တသင်းသင်းမွှေးနေသည်မို့ စိတ်ကြည်နူးနေသည်။ သူက ခရေပန်းနံ့ကို အလွန်ကြိုက်သည်။ မနက်က ရှားရှားပါးပါးခရေပန်းရောင်းသော ကောင်မလေး တစ်ယောက် အိမ်ရှေ့ရောက်လာသည်။ “ခရေပန်း” ဟု အော်သံကြားတော့ ဦးဒွေးက လမ်းမကို ကဲကြည့်ကာ “ဟဲ့ မထွေး၊ ခရေပန်းသည် ခေါ်လိုက်စမ်း” ဟု ခိုင်းသည်။ ထို့နောက် ခရေပန်း သုံးကုံးဝယ်ကာ ဘုရားကပ်သည်။ မထွေးက

“ဘကြီးက ပြောတယ် အမေကြီးရဲ့၊ ရော့ ခရေပန်းသုံးကုံး သွားဝယ်လိုက်၊ နင့်အမေကြီး သိပ်ကြိုက်တာတဲ့၊ သိလား” ဟု တီးတိုးကပ်ပြောသွားတော့ ဒေါ်ချော၏ ရင်ထဲတွင် သိမ့်ခနဲဖြစ်သွားသည်။ ပုတီးစိပ်ရင်း ပြန်တွေးမိတော့ မျက်နှာပင် ပြုံးယောင်ယောင် ဖြစ်လာသည်။ “အင်း မနက်ဖြန်ကျရင်တော့ ခါတိုင်းလိုပဲ ငါက စခေါ်လိုက်ပါ့မယ်လေ” ဟု စဉ်းစားမိလေသည်။

နောက်တစ်နေ့ကျတော့ တက္ကသိုလ်တုန်းက ပေါင်းဟောင်းသင်းဟောင်းသူငယ်ချင်းဟောင်းများ အိမ်ကို ဆိုင်းမဆင့်ဗုံမဆင့် ရောက်ချလာကြသည်။ စုံတွဲက တစ်တွဲ၊ အပျိုကြီးညီအစ်မက နှစ်ယောက်ဖြစ်သည်။ စုံတွဲတစ်တွဲက ပုသိမ်တွင် အခြေချနေပြီဖြစ်သည်။ အသည်းရောင်သလိုလိုဖြစ်နေ၍ ရန်ကုန်သို့ ဆေးလာစစ်ရင်း ကမ္ဘာအေးမှ အပျိုကြီး ညီအစ်မဆီ သွားလည်သည်။ ထို့နောက်အပျိုကြီးနှစ်ယောက်ကိုပါ ခေါ်ပြီး သူတို့ဆီ ရောက်လာခြင်းဖြစ်သည်။

သူငယ်ချင်းဟောင်းတွေကို ဖြုန်းခနဲ ပြန်တွေ့တော့ ဒေါ်ချော

www.burmeseclassic.com

www.burmeseclassic.com


တလှိုက်လှိုက်ဝမ်းသာသွားသည်။

"အစ်ကိုရေ ဒီမှာ ဧည့်သည်တွေလာတယ်၊ ကိုလှအောင်တို့ စုံတွဲရော၊ မဖြူနဲ့ မဝါရော"

ဟု လှမ်းအော်သည်။ ဦးဒွေးကလည်း အိမ်ပေါ်ထပ်မှ ကမန်းကတန်း ဆင်းလာပြီး–

"ဟာ သူငယ်ချင်းတို့၊ လာကြ လာကြ" ဟု ဝမ်းသာအားရ ပြောသည်။

ဒေါ်ချောကတော့ သူငယ်ချင်းတွေကို ဆီးကြိုနှုတ်ဆက်ရင်း "ဘာကျွေးစရာ ရှိပါလိမ့်" ဟု အပြေးအလွှား တွေးသည်၊ တော်ပါသေးသည်၊ အိမ်ထောင်ခွဲဖြစ်သူ သားတော်မောင်က မနေ့တုန်းက အိမ်လာ ရင်း သီးမွှေးငှက်ပျောသီးတစ်ဖီးနှင့် ဂွတ်မောနင်း ပေါင်မုန့်တစ်ထုပ် ကန်တော့သွားသည်။ ရေခဲသေတ္တာထဲတွင်လည်း ထောပတ်တစ်ဘူးက (သမီး၏ တပည့်လေးတစ်ယောက် ကန်တော့ထားခြင်း ဖြစ်သည်) တစ်ဝက်ခန့် ကျန်ရှိနေသေးသည်။ ပို၍ကံကောင်းချင်တော့ သမီးကြီးက မနေ့ကပင် ကော်ဖီမစ်တစ်ထုပ် ဝယ်လာသည်။ "ဧည့်သည် စောင်သည် လာရင် လွယ်တာပေါ့အမေရဲ့"ဟု ပြောသည်၊ ဟုတ်သည်။ ခွက်ကလေးတွေ တန်းစီချ၊ အထုပ်ကလေး ဖောက်ထည့်၊ ရေနွေးလောင်းထည့်၊ နောက်ပြီး ဇွန်းနှင့် ခလောက်လိုက်ရုံပင်မို့ လွယ်တာကတော့ အတိုင်း ထက်အလွန်ပင်။

"အံမယ် ဂွတ်မောနင်း ပေါင်မုန့်တွေ ကင်တော့မယ်လား၊ တစ်ထုပ်ကို နှစ်ရာကျော်နေပြီနော် အမိ"

ထမင်းစားခန်းထဲ ဝင်လိုက်လာသော အမျိုးသမီးအုပ်စုက ထမင်းအုပ်ဆောင်းကို ခြေမြန်လက်မြန်နှင့် ဖွင့်ကြည့်သည်၊ ငါးပုထွေး က ဒီအရွယ်ဆို တစ်ထောင်ဈေးနော်" ဟု ပြောပြန်သည်။ ကံကောင်း

www.burmeseclassic.com

www.burmeseclassic.com


ထောက်မ၍ မိဘဆီမှ အမွေရသော ယခုအိမ်ခန်းလေးအပြင် တိုက်ခန်းလေးတစ်ခန်းကို ကြိုပ္ပိုင့်နှင့် သက်သက်သာသာ ဝယ်မိ၍ ငှားစားနေရကြောင်းကိုတော့ ရှင်းပြမနေတော့ချေ။

"မချောကတော့ နုသကွယ်၊ သိပ်လည်း ဝမလာဘူး၊ ဆံပင်လည်း မဖြူဘူး"

"ဟဲ့ မဖြူဘဲ နေပါ့မလား၊ ဆေးကူရတာပေါ့"

"ငါကတော့ ဆိုးဆေးတွေနဲ့မတည့်လို့ မဆိုးတော့ဘူး"

ဒေါ်ဝါ၏ဆံပင်တွေက တစ်ဝက်ခန့်ဖြူနေပြီ ဖြစ်လေသည်၊ မျက်နှာလေးက တင်းတင်းရင်းရင်းရှိသေးသော်လည်း ဆံပင်ဖြူကြောင်ကြားနှင့်ဆိုတော့ ကြည့်ရသည်မှာ မနုပျိုလှပေ။

ဒေါ်ဖြူကတော့ ဝလိုက်သည်မှာလုံးပြီးအိနေသည်။ တစ်သက် လုံး မပိန်ဖူးသူမို့ တစ်ဖြောင့်တည်း ဝသည်ထက် ဝလာသူဖြစ်ရာ အခု တော့ ပုံပန်းက အတော်ပင် ပျက်နေပြီဖြစ်သည်။

ဦးလှအောင်ကတော် မီမီသက်ကတော့ အရင်တုန်းကအတိုင်း ပုပုသေးသေးလေးပင် ဖြစ်သည်၊ သို့သော် မျက်စိခွဲထားရသဖြင့် မျက်မှန်ထူထူကြီး တပ်ထားရသည်၊ ထို့ပြင် သူ့ကို ကြည့်ရသည်မှာ သရက်သီး၊ မရမ်းသီးလေးတွေကို ဆားစိမ်ထားသလို ရှုံ့တွတွလေး ဖြစ်နေလေသည်။

"ဇရာဆိုတာ ဆံပင်က စတာကွဲ့"

ဒေါ်ဝါက စကားစသည်။

"မည်းနေတဲ့ဆံပင်တွေ ကျဲလာမယ်၊ ပါးလာမယ်၊ ဖြူလာမယ်၊ ဒါဟာ ဇရာရဲ့ သဘာဝပဲ"

"မဟုတ်ဘူး မဟုတ်ဘူး"

ဒေါ်ချောက ကန့်ကွက်သည်။ ဦးလှအောင်နှင့်ဦးဒွေးက ညေ့်

www.burmeseclassic.com

www.burmeseclassic.com


ခန်းတွင် တဝါးဝါး တဟားဟား ရယ်မောနေကြစဉ် သူတို့ အမျိုးသမီးတွေကလည်း ထမင်းစားခန်းတွင် စီစီညံနေကြသည်။

"ဇရာဟာ လည်ပင်းက စတာ"

"ဟာ နင့်လက်ထက်ကျမှပဲ လည်ပင်းကစပြီး အိုရတယ်လို့"

"ဟုတ်တယ်ဟ ဒီမှာကြည့်၊ လည်ပင်းက အရေခွံလေးတွေ ပျော့လာရင် အရေးအကြောင်းတွေ၊ အရစ်တွေ၊ အစင်းတွေ ပေါ်လာပြီး တွန့်လာတာပဲ၊ လူတစ်ယောက်ရဲ့အသက်ကို လည်ပင်းကြည့်ပြီး မှန်းလို့ ရတယ်ဟ"

ဒေါ်ချောက အရေခွံလေးတွေပျော့ကာ အရေးအကြောင်းတွေ ပေါ်နေသော သူ့လည်ပင်းကို ဟိုင့်ဲ ဒီင့်ဲနှင့် လုပ်ပြသည်။ နာမည်ကသာ ချောနေသော်လည်း လူက မချောတော့ကြောင်း ကိုယ့်ကိုကိုယ် အမြဲသတိရနေသည်။ အသက်ကလည်း ၆၀ ပြည့်ခဲ့ပြီ မဟုတ်လား။

"တကယ့်တကယ်က ဆံပင်တို့ လည်ပင်းတို့က ပြုလို့ ပြင်လို့ ဖုံးလို့ ဖိလို့ ရပါသေးတယ်ဟယ်၊ အလယ်ပိုင်းတိုင်းက စပြီး ပုံပန်းပျက်လာတာကတော့ ဘာမှ လုပ်လို့မရဘူးဟ"

ဒီတစ်ခါတော့ ဒေါ်ဖြူအလှည့်ဖြစ်သည်။

"အသက်ကြီးလို့ အချိန်စီးလာတယ်ဆိုတာ ငါပေါ့"

ဒေါ်ဖြူက မတ်တပ်ရပ်နေရင်းမှသူ့ခန္ဓာကိုယ်ကြီးကို တစ်ပတ်လှည့်ပြသည်။

"မိန်းမတွေ အသက်ကြီးလာတာနဲ့အမျှ ဗိုက်က ပူလာတတ်တယ်၊ ခါးက တုတ်လာတတ်တယ်၊ မချောကိုကြည့်၊ အရင်တုန်းက သူ့ခါးကလေး ၁၉ လက်မပဲ ရှိတယ်ဆိုရင် ဘယ်သူယုံမှာလဲ"

ဒေါ်ဖြူက ဒေါ်ချောကိုပါ ဆွဲထည့်သည်၊ ဒေါ်ချောက သူ့ကိုယ်သူ ငုံ့ကြည့်ရင်း "ငါတို့တွေက အားကစားတို့၊ ကျန်းမာရေးတို့

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း မလိုက်စားကြဘဲကိုး” ဟု တွေးသည်။

“ဒီကြားထဲ ငါ့လို အစားအသောက်မက်တဲ့မိန်းမကျတော့ပြော မနေနဲ့တော့၊ အဆီတစ်ထပ် အသားတစ်ထပ်နဲ့ ထပ်တစ်ရာ ဓာတ်လမ်း ခင်းပြီး လက်နှစ်ဖက်ကိုတောင် ဘေးကို တန်းတန်းချလို့ မရတော့ဘူး၊ ထိုင်နေတော့ ဝဝကြီး၊ ထသွားတော့ ကားကားကြီးဆိုတာ ငါမှ ငါပဲ”

ခန္ဓာကိုယ်၏ဘေးသို့ ကားထွက်လာသော အဆီပို အသားပို များကြောင့် ဒေါ်ဝါ၏လက်နှစ်ဖက်က အောက်သို့ တန်းတန်းမတ်မတ် ချမရဘဲ ကားကားကြီးဖြစ်နေသည်မှာ အမှန်မို့ သူတို့တစ်တွေ စီခနဲ ရယ်ကြပြန်သည်။

“ဒါကြောင့် ငါက ပြောတာ၊ ဇရာအစ ဒီဗိုက်ကလို့”

ဒေါ်ဝါက သူ၏ဗိုက် ပူဖောင်းဖောင်းကြီးကို ဘယ်လက်နှင့် ပုတ်ပြကာ ပြောသည်။ ညာဘက်လက်ကတော့ ဒေါ်ချော၏ လက်ထဲမှ ထောပတ်သုတ်ပြီးသား ပေါင်မုန့်ကို လှမ်းလုသည်။

ဒီတစ်ခါတော့ စကားသံ သိပ်မထွက်သော မီမီသက်က ခေါင်း ယမ်းပြီး အသံညှက်ညှက်လေးနှင့် ပြောသည်။

“အမိဝမ်းထဲမှာ လူ့ရယ်လို့ စပြီး သန္ဓေတည်လာရင် ဘယ်က စပြီး ဖြစ်လာတယ်ထင်လဲ”

“ဘယ်သိမှာလဲဟ ဆရာဝန်သွားမေးပါလား”

“ငါ ဖတ်ဖူးတော့ မျက်စိက စဖြစ်တာတဲ့”

“အဟုတ်လား”

“အေး စဖြစ်တော့လည်း မျက်စိ၊ စပျက်တော့လည်း မျက်စိပဲ၊ အသက်ကြီးလာတာနဲ့အမျှ မျက်စိက မှုန်လာမယ်၊ မွဲလာမယ်၊ ဝါးလာ မယ်၊ တချို့ဆိုရင် ကွယ်တောင် ကွယ်သွားတယ်၊ အဲဒါတွေဟာ အိုမင်း ရင့်ရော်ခြင်းရဲ့ လက္ခဏာတွေပဲ”

www.burmeseclassic.com

www.burmeseclassic.com


သူတို့တွေ ပြန်သွားတော့ ဒေါ်ချောမှာ စဉ်းစားစရာ၊ တွေးတောစရာတွေ တစ်ပုံတပင်နှင့် ကျန်ရစ်သည်။ ဇရာ၏ အရိပ်အယောင်တွေ ဖုံးလွှမ်းနေသော သူငယ်ချင်းများ (ကိုယ့်ကိုကိုယ်တော့မှန်ကြည့်စဉ်ခဏသာ မြင်ရသည်)ကို မြင်ရ၍ စိတ်ထဲတွင် တရားကျနေသည်။ မီမီသက်က "ငါတို့တွေအတွက် ကျန်တဲ့အချိန် သိပ်မရှိနိုင်တော့ဘူး၊ ဒါကြောင့် စိတ်ကို အေးချမ်းနိုင်သမျှ အေးချမ်းအောင်ထားတယ်"ဟု ပြောသွားသေးသည်။

"နင်တို့တွေ ရန်မဖြစ်ဘူးလား၊ ကိုလှအောင်နဲ့ နင်နဲ့ အမြဲတည့်နေတာပဲလား"

"ရန်ဆိုတာ ဘယ်ကင်းပါ့မလဲဟ၊ ဒါပေမဲ့ အဲဒါကို ဆောင်မထားဘဲ ရှောင်လိုက်ရင် ရတာပဲ"

"ဟုတ်တော့လည်း ဟုတ်တာပဲ၊ ငါကလည်း ရန်လိုတတ်သလား မသိပါဘူး" ဟု ဒေါ်ချောက တွေးမိသည်။

"ခေါင်းပေါ်မှာ ဆံပင်ဖြူလေး တစ်ချောင်းတွေ့ရင်တောင် သေမင်းအောင်လံစိုက်ပြီလို့ ပြောကြတယ်တဲ့၊ အခုတော့ ငါ့ခေါင်းမှာ စိုက်ထားလိုက်တဲ့ သေမင်းအောင်လံတွေ မနည်းမနောပဲ၊ ငါကဆေးဆိုးပြီး ကိုယ့်ကိုကိုယ် ပြန်ညာနေမိတယ်၊ မအိပ်ခင် တရားမှတ်ပြန်တော့လည်း ဟိုတွေး ဒီတွေးနဲ့၊ ငြိမ်တယ် ငြိမ်းတယ်လို့လည်း တစ်ခါမှမရှိ" ဟု တွေးရင်းတောရင်း ရင်ထဲတွင် တောက်လောင်နေကျ ဒေါသမီးက အတန်ငယ် အရှိန်လျော့လာသည်။

ဂွတ်မောနင်းပေါင်မုန့်ကလည်း တစ်ထုပ်လုံး ကုန်သွားပြီမို့ ပလတ်စတစ်ခွံကို အမှိုက်ပုံးထဲ ထည့်သည်၊ စားပွဲပေါ်တွင် တင်ထားသော ငှက်ပျောသီးခွံတွေကို စု၍သိမ်းသည်။

"ပေါင်မုန့်ကင်နံ့က မွှေးလိုက်တာကွာ၊ ကျန်များ ကျန်သေး

www.burmeseclassic.com

www.burmeseclassic.com


လား”

ဦးမောင်မောင်ဒွေးက စကားရော ဖောရောနှင့် ထမင်းစားခန်းထဲ ဝင်လာသည်။ ခုနတုန်းက သူငယ်ချင်းဖြစ်သူနှင့် တဝါးဝါး တဟားဟား လုပ်လိုက်ရ၍ စိတ်ပျော်ကာ ရွှင်လန်းနေသည်။

“ကြည့်စမ်း၊ မချောတစ်တွေ စားသွားလိုက်ကြတာ၊ အမှုန့်တောင် မကျန်ဘူး၊ ဒါကြောင့်မို့လို့လည်း ပုံပျက်ပန်းပျက် ဝတာ”

“ညည့်ခန်းကိုလည်း ကင်ပြီး ပို့လိုက်သားပဲ”

“လှအောင်ကြီး တီးသွားတာ ကုန်ရော၊ ကိုယ်က တစ်ချပ်လားပဲ နှိုက်လိုက်ရတယ်”

ဒေါ်ချောက မျက်စောင်းမသိမသာ ဝဲလိုက်မိသည်။ “ကြည့်ညည့်သည်အတွက်ပို့လိုက်တာ သူက ဦးအောင် နှိုက်တော့တာပဲ”ဟုစဉ်းစားသည်။ တကယ့်တကယ်ကတော့ အရက်လည်းမသောက်၊ ဖဲလည်းမရိုက်၊ လက်ဖက်ရည်ဆိုင်လည်း မထိုင်တတ်ဘဲ သူကျွေးသမျှကိုသာ စားနေရရှာသူမို့ အခုမှ ကရုဏာ သက်လာမိသည်။

ဦးဒွေးက ငှက်ပျောသီးတစ်လုံး ဖြုတ်စားမည်ပြုပြီးမှ မစားတော့ဘဲ–

“အလကား ထမင်းစား ပျက်သွားမယ်ကွာ၊ မဆာသေးဘူးလား၊ စားကြပါစို့”

ဟု စကားရော ဖောရောနှင့် ပြောလေသည်။

ထမင်းအတူစားကြသော သူတို့နှစ်ယောက်ကို ကြည့်ရင်း မထွေးက ပြုံးစိစိဖြစ်နေသည်၊ ဒီညနေ ခင်သက်မော်ပြန်လာလျှင်တော့ “အစ်မရေ၊ အိုကေမှာ စိုပြည်သွားကြပြီတော့်”ဟု အိမ်ဝမှဆီး၍ ပြောရန် စဉ်းစားနေသည်။

ဒေါ်ချောက ငါးပုဏ္ဏားကို အရိုးနွှင်ပေးတော့ ဦးဒွေးက ဟာပြုံး

www.burmeseclassic.com

www.burmeseclassic.com


ပြုံး ဖြစ်နေသည်။ ဘူးသီးဟင်းချိုက မထွေးစိတ်ထင် ဆားပေါ့နေသော်လည်း ဒီတစ်ခါတော့ အော်သံဟစ်သံ မကြားရချေ။

"အားလုံးထဲမှာ ငါ့မိန်းမ အရွယ်အတင်ဆုံးပဲ"

ဦးဒွေးကပြောတော့ ဒေါ်ချောက ဟုတ်တာပြောတာ၊ ပြောပါစေကွယ် ဟူသောမျက်နှာထားနှင့် ခပ်ပြုံးပြုံးရှိလေသည်။ အရင် လေးရက်က မပြောမဆိုနှင့် ခပ်တင်းတင်းနေထားရသဖြင့် အခုလို ရယ်ရယ်မောမောနေရသည်ကို နှစ်ဦးလုံး စိတ်ပျော်နေကြသည်။

သူတို့တွေ ထမင်းစားနေစဉ် မထွေးက အိမ်ရှေ့ခန်းမှ ပက်လက်ကုလားထိုင်ကိုခေါက်ကာ အိမ်ပေါ်ထပ်သို့ ပြန်တင်သည်၊ ကုလားထိုင်က ခြေတင်လည်းပါသည့်အပြင် သစ်သားကုလားထိုင်မို့ အတော်လေးသည်။ တစ်ယောက်အားနှင့် မနည်းကြီးတင်ရပြီး အပေါ်ရောက်တော့ မောနေသည်။

မထွေးက ပက်လက်ကုလားထိုင်နှစ်လုံးကို တီဗွီရှေ့တွင် ယှဉ်လျက်သားပြန်ချသည်၊ ခုံပုကလေးပေါ်တွင်ရေနွေးကြမ်းအိုးနှင့် အကြမ်းပန်းကန်အသစ်နှစ်လုံး (အဟောင်းနှစ်လုံးက အက်သွားပြီဖြစ်သည်)ကို ချသည်။ ထို့နောက် ထန်းလျက်ဖြူ ပုလင်း၊ နေကြာစေ့ပုလင်း၊ ရောက်ပျားရည်ပုလင်းကိုသာမက စတီးဇွန်းတစ်ချောင်းကိုပါ အဆင်သင့် တင်ထားပေးလိုက်သည်။ကြွေရည်သုတ်ထွေးခံကလေးကိုပက်လက်ကုလားထိုင် နှစ်လုံးကြားတွင်ချရင်း "ဒီတစ်ခါတော့ တဝွမ်ဝွမ်နဲ့ ခုန်ဆင်းမလာပါနဲ့တော့ ကိုယ်တော်ကြီးရယ်" ဟု စိတ်ထဲမှ တောင်းပန်သည်။ ဒါတင်မကသေး၊ အိုက်လျှင်ပြုလျှင် ယပ်ခတ်ရန် စလူယပ်တောင်နှစ်ချောင်းကိုပါ စားပွဲပေါ်တင်ပေးထားလိုက်သေးသည်။

"အမေကြီးတို့ ချက်ချင်းတော့ ရန်ထပ်မဖြစ်ကြပါဘူး ထင်ပါရဲ့၊ သူတို့ရန်ဖြစ်တိုင်း ဒီကုလားထိုင်အလေးကြီးကို တင်လိုက် ချလိုက်

www.burmeseclassic.com

www.burmeseclassic.com


လုပ်နေရရင် မလွယ်ဘူး၊ ဒီတစ်ခါ ရန်ဖြစ်ကြရင်တော့ အောက်ထပ်မှာလည်း ပက်လက်ကုလားထိုင်တစ်လုံး ဝယ်ပေးထားပါလို့ အစ်မကို ပူ ဆာရမယ်"

မထွေးက တစ်ဦးတည်း စဉ်းစားနေမိစဉ် ဦးဒွေး၏ အသံကျယ်ကျယ်ကြီးက အပေါ်ထပ်သို့ ပျံ့လွင့်တက်လာသည်။

"ငါပြောတာ ဒီလိုကွ၊ မင်းက ဟိုလိုမဟုတ်ဘူး၊ မင်းက ဒီလိုဒီလိုမတွေးဘဲ ဟိုလိုဟိုလိုတွေးနေတတ်လို့ ခက်နေတာ"

မထွေးခမျာ ကြမ်းပေါ်သို့ ဖင်ထိုင်ကျသွားသည်၊ သူ့ကို ခပ်တည်တည် ခပ်တင်းတင်း ကြည့်နေဟန်ရှိသော ပက်လက်ကုလားထိုင်ကြီးကို မျက်နှာငယ်လေးနှင့် ပြန်ကြည့်မိသည်၊ စိတ်ထဲမှာတော့–

"ဘုရား ဘုရား ဒါကြီးကို အောက်ပြန်ချရဦးမှာလား" ဟု တွေးနေမိရှာလေသည်။

(အမျိုးသမီးရေးရာမဂ္ဂဇင်း ၂၀၀၁ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မီးသွေးမီး အရှိန်နည်းနေပြီဖြစ်သော ထမင်းအိုးက မပွက်ချင်ပွက်ချင်နှင့် ဘွက်ခနဲ ဘွက်ခနဲ ညည်းညည်းညူညူ ပွက်နေသည်။မစိန်မြကလည်း ထမင်းအိုးကို ပျင်းပျင်းရိရိနှင့် ထိုင်မွှေနေသည်။ မနေ့ညက ကောင်စီရုံးရှေ့တွင် ဖိနပ်ဖင်ခုထိုင်ကာ ကလေးနို့တိုက်ရင်းကြည့်ခဲ့ရသော မြန်မာကားကို ပြန်လည်မြင်ယောင်နေသည်။

'အမေ'

သားကြီးက ခေါ်လိုက်တော့ မစိန်မြ နည်းနည်း ဖိမ်ပျက်သွားသည်။

'အမေ ကျူရှင် ယူချင်တယ်'

စင်းမှေးနေသော မစိန်မြ၏ မျက်လုံးသည် အတန်ငယ် ပြူးကျယ်သွားသည်။ တွေးထင်မြင်ယောင်နေသော ကိုညွှန့်ဝင်းသည် ရုတ်ခနဲ ပျောက်သွားသည်။ သူ့ရှေ့တွင် နှပ်ချေးတရှုံ့ရှုံ့နှင့် ငုတ်တုတ်ထိုင်နေသော သားကြီးသြရသဖြစ်သူ မောင်သံချောင်းသည် ကိုညွှန့်ဝင်းလောက် ကြည့်မကောင်းလှချေ။

'ကျူရှင်ယူရအောင် နင်က ဘီအေမို့လား၊ ဆယ်တန်းဖြေရမှာမို့လား၊ ကိုးတန်းတက်ရမှာမို့လား ပြောစမ်းပါဦး ကိုကြက်ချေးတန်းရဲ့'

'အမေကလည်းဗျာ၊ တစ်တန်းလည်း တစ်တန်းကျူရှင်ပေါ့'

'ဘာ တစ်တန်းကျူရှင်လဲ၊ ကျက်ပါလား ကိုယ့်ဟာကိုယ်၊

www.burmeseclassic.com

www.burmeseclassic.com


ဒီလောက်အတန်းပေါက်စနကလေးကိုများ ကျူရှင်ပေးရမယ်လို့ ကြားဖူး ပေါင်'

'အဲဒါဆို အမေ အောက်နေတာပဲ'

'ဘာ အောက်တာလဲ'

မစိန်မြက ယောက်မနှင့် ရွှယ်လိုက်သောကြောင့် သားကြီးက လက်လှမ်းမမီသောနေရာကို အလျင်အမြန် ဆုတ်ခွာလိုက်သည်။

'လူတိုင်း လူတိုင်းကျူရှင်ယူနေကြတာပဲ အမေရဲ့'

'အေး ဒါပေမယ့် ငါတို့က လူတိုင်းလောက်မချမ်းသာဘူး၊ တစ်နေ့ တစ်နေ့ အလျင်မီအောင်တောင် မနည်းလုပ်နေရတာ၊ နင့်အဖေ မဟာစာရေးကြီးရဲ့လခက ဘယ်လောက်များရှိလို့လဲ၊ အလကား သင်ပေးတဲ့ ကျူရှင်ရှိရင်တော့ သွားတက် ဒါပဲ'

မစိန်မြက ဗီတိုအာဏာသုံးကာ သူ၏အဆိုကို ပယ်ချလိုက်လေတော့ သားတော်မောင် ငိုမဲ့မဲ့ဖြစ်သွားသည်။ မီးဖိုချောင် တံခါးဝတွင် ထိုင်နေသောဖခင်ဖြစ်သူကိုရေခဲကိုအားကိုးတကြီးနှင့်လှမ်းကြည့်သည်။

ကိုရေခဲက အလယ်ခန်းတွင်ချိတ်ထားသောကလေးပုခက်ကြီးကို လှမ်းဆွဲလိုက်၊ ဆေးပေါ့လိပ်တိုလေးကို ဖိဖွာလိုက်နှင့် မမြင်ချင်ယောင် ဆောင်နေသည်။

ဘုစုခရုတို့၏မယ်တော်၊ နောက်ပြီး သူတို့အိမ်ထောင်စု၏ ဝန်ကြီးချုပ်လည်းဖြစ်၊ ဘဏ္ဍာရေးဝန်ကြီးလည်းဖြစ်၊ ထမင်း ချက်လည်းဖြစ်၊ ခဝါသည်လည်း ဖြစ်၊ သန့်ရှင်းရေးလုပ်သားလည်းဖြစ်သော သူ၏မဟေသီ မစိန်မြကို သူ မလွန်ဆန်ရဲကြောင်းကို သားတော်မောင်လည်း သိလိမ့်မည်ထင်ပါသည်။

'ဒီလိုဆို အမေသင်ပေးမလား ကဲ'

သားကပြောတော့ မစိန်မြလန့်သွားသည်၊ သူက စာကိုဟုတ်

www.burmeseclassic.com

www.burmeseclassic.com


တိ ပတ္တိစိတ်ဝင်စားခဲ့သူမဟုတ်၊ အမေ့ကို စျေးကူရောင်းရင်း တက်တစ်လှည့် ပျက်တစ်လှည့် သင်ခဲ့ရသည်ကလည်း ရှစ်တန်းအထိသာဖြစ်သည်။ နောက်ပြီး ယောက်ျားမယူမီကတည်းက ကျောင်းထွက်ခဲ့ရသူမို့ ကျောင်းစာနှင့် ဝေးနေသည်မှာလည်း ကြာလှချေပြီ။

'အင်္ဂလိပ်စာတော့ နင့်အဖေကို သင်ခိုင်း'

မစိန်မြက အကြီးဆုံးသောရန်သူကို ဘောလီဘောသိုင်းနှင့် ကမန်းကတန်းရှောင်တိမ်းလိုက်သည်။

'ရုံးမှာ ခုတစ်လော အိုဗာတိုင်တွေရှိမယ်တဲ့'

ကိုရေခဲကလည်း အပြေးအလွှား ရှောင်တိမ်းလိုက်သည်၊ မစိန်မြက မျက်စောင်းခဲရင်း ခပ်ဆတ်ဆတ်ပြောသည်။

'အိုဗာတိုင်မရှိတဲ့နေ့ သင်လို့ရတာပဲ'

ကိုရေခဲက မျက်တောင်တဖျပ်ဖျပ်ခတ်သည်၊ ကလေးပုခက်ကြိုးကို လှမ်းဆွဲသည်၊ ကြိုးနှင့်တုတ်၍ပွတ်တိုက်ပြီး 'ကျွိအိ ကျွိအိ'ဟု မြည်နေသော အသံကို သူ့နားထဲတွင် 'ကျူရှင် ကျူရှင်'ဟု ကြားယောင်နေသည်။

'တစ်ခါတလေတော့လည်း ရုံးအလုပ်တွေအိမ်ပါချင်ပါလာဦးမှာ'

'မပါတဲ့နေ့သင်ပေါ့'

'အေးပါကွာ အားတဲ့နေ့ သင်တာပေါ့'

ကိုရေခဲက ခပ်ပျော့ပျော့ပြောသည်၊ လာမည့်ဘေးကို ရှောင်လွှဲ၍ မရတော့သည်မို့ နောက်ဆုတ် နောက်ဆုတ်နှင့် ရင်ဆိုင်ရန် အားတင်း သည်။

'ဒီလိုဆို အမေက သင်္ချာသင်'

'သင်္ချာ'

စိတ်အေးပြီး စင်းမေးတော့မည်ဖြစ်သော မစိန်မြ၏ မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com


အစုံသည် ဆတ်ခနဲပြန်ပြူးသွားကြသည်၊ ထို့နောက် ကိုရေခဲကို မျက်စောင်းထိုးကာ ရန်စကားဆိုသည်။

'အဲဒီအောက်တန်းစာရေးရာထူးကြီးကိုပဲဖက်ပြီး ဖင်ကျောက်ချထားသိလား ဦးရေခဲ၊ အောက်ဆိုက်လည်း မရှာနဲ့၊ ငရဲကြီး တတ်တယ်'

'ဟ ဘာဆိုင်လို့လဲ'

ကိုရေခဲက မစိန်မြကိုနားမလည်သလိုလှမ်းကြည့်သည်၊ထိုစဉ်တွင် ဆေးလိပ်တိုမှ မီးဖွားများက ပုဆိုးပေါ်သို့ ဖွားခနဲ ကြွေကျကုန်သည်၊ နေရာမှခုန်ထပြီး မီးဖွားများကို ကမန်းကတန်းခါချစဉ် နို့ညှာကောင်က တဒိုင်းဒိုင်းပြေးဝင်လာသည်၊ ပုခက်ထဲမှ ကလေးက ထငိုသည်၊ မစိန်မြက ထမင်းအိုးကို ဆောင့်ကြီးအောင့်ကြီးမွှေသည်။

'ဘာမဆိုင်ရမှာလဲ၊ တော်သာ ဝင်ငွေကောင်းရင် ဒီအကောင်တွေကို ဆရာကောင်းကောင်းနဲ့ ကျူရှင်ကောင်းကောင်း ပေးနိုင်မှာပေါ့၊ ကျုပ်တို့သင်စရာလိုမလား'

'အင်း နောက်ဆုံးတော့ ဒီဘူတာဆိုက်တာပဲ'

ကိုရေခဲက ညာဘက်နားမှဝင်လာသော မစိန်မြ၏ စကားများကို ဘယ်ဘက်နားမှ ပြန်ထုတ်ရန် ကြိုးစားရင်း တွေးလိုက်မိလေသည်။

'ကဲ ငါးအပေါင်းရှစ်တဲ့၊ ပေါင်းစမ်း'

'ငါးကို စိတ်ထဲမှာထား၊ လက်ရှစ်ချောင်းထောင်၊ ငါးပြီးတော့ ခြောက်–ခုနစ်–ရှစ်–ကိုး'

'အမေ့ အီးအီး'

'ဩော် ခက်တော့တာပဲ ကိုရေခဲရေ'

'အေး အေး'

www.burmeseclassic.com

www.burmeseclassic.com


ကိုရေခဲက လက်ကြားထဲမှ ဆေးလိပ်တိုကို နှုတ်ခမ်းသို့ ဆီခွက်ထဲ လှမ်းထည့်ပြီး နေရာမှ ကမန်းကတန်းထသည်၊ သူ့အမေဘေးတွင်ကုန်းကုန်းကွကွရပ်နေသော နို့ညှာကောင်ကို ဆွဲခေါ်လာပြီး ခပ်လိန်လိန်ခပ်ပိန်ပိန် ဖြစ်နေသော ဒန်ထွေးခံပေါ်တွင် ထိုင်ခိုင်းလိုက်သည်။

'ဆယ့်နှစ်–ဆယ့်သုံး–ဆယ့်လေး–ဆယ့်ငါး'

'ဘာ'

မစိန်မြက အော်သည်၊ သားတော်မောင်က သူ့ပါးစပ်ကိုသူအလျင်အမြန် ဘရိတ်ဖမ်းလိုက်သော်လည်း ချက်ချင်းမရပ်၊ 'ဆယ့်–ဆယ့်–ဆယ့်ခြောက်' ဟု အထစ်ထစ် အငေါ့ငေါ့ဆိုပြီးမှ ရပ်သွားသည်။ ထို့ကြောင့် သစ်သားပေတံနှင့် တစ်ချက် အခေါက်ခံလိုက်ရလေသည်။

'ဘာဆယ့်ခြောက်လဲ ပြန်ပေါင်းစမ်း'

'ငါးကိုစိတ်ထဲမှာထား လက်ရှစ်ချောင်းထောင်'

သားတော်မောင်က နောက်ဘက်သို့ မသိမသာ တွန်းရွှေ့ထိုင် ရင်း ဒုတိယအကြိမ်ကြိုးစားသည်။

'နင့်ကိုငါ ပြောပေါင်းများလှပြီ၊ ပိုကြီးတဲ့ဟာကို စိတ်ထဲမှာထားစမ်းပါဆို၊ ရှစ်ကိုစိတ်ထဲမှာထားပြီး လက်ငါးချောင်းထောင်တာက ပိုပြီးမလွယ်ဘူးလား သံချောင်းရဲ့'

သားတော်မောင်ရွှေ့ရာဘက်သို့ မစိန်မြက လိုက်တိုးသည်။

'ကဲ ပြန်ပေါင်းစမ်း ကပျက်ကချော်လုပ်မနေနဲ့'

မစိန်မြက ပေတံနှင့် အဆင်သင့်ရွယ်ထားသည်၊ သံချောင်းက သက်ပြင်းမသိမသာချရင်း ကိုရေခဲအားလှမ်းကြည့်သည်၊ ခေါင်းကုတ်သည်၊ နှပ်ချေးရှုံ့သည်။

'အင်း ဒီကောင်တော့ ကျူရှင်ဆရာ အရွေးမှားပြီဆိုပြီး နောင်တရ နေပြီ ထင်ပါရဲ့'

www.burmeseclassic.com

www.burmeseclassic.com


ကိုရေခဲက တွေးရင်းပြုံးမိသည်၊ သူ့အလှည့်ကျလျှင်တော့ လွယ်သည်။ 'သစ်အစ်(စ်)အေဘွခ်၊ သစ်အစ်(စ်)အင် အက်ပဲလ်' ဆိုတာတွေကို တစ်ခေါက်လောက်ချပေးပြီး 'ကဲ အဲဒါတွေကို လက်ရေးလှငါးခေါက်ရေးကွာ' ဟု ခိုင်းလိုက်ရုံပင်၊ သူလည်း သက်သာ၊ သားကလည်း ကျေနပ်၊ ငြိမ်းချမ်းသာယာမှု အတိရှိမည်ဖြစ်လေသည်။

'ဖေဖေ'

နို့ညှာကောင်က ခေါ်သည်။

'ဘာလဲကွ'

'နံနံ'

'နံတာပေါ့ကွ အီးပဲဟာ'

မရှုဘဲနေမရသောကြောင့် ပျံ့လာသောရနံ့ကို မသက်မသာနှင့် မျှင်း၍ရှူသည်။

'ကိုမြတ်ဆွေတို့နဲ့လိုက်သွားရင် ကောင်းသား၊ ဒါဆို ကလေးအီးတယ်နေရမှာမဟုတ်ဘူး' ဟု စဉ်းစားသည်၊ ရုံးက အရာရှိကြီး၏ဇနီးတိုက်ဖွိုက်ဖြစ်သောကြောင့် ကိုမြတ်ဆွေတို့ ကိုအောင်မြင့်တို့လူစုတွေ အလုပ်များကြသည်၊ အားဆေး ရှာသူကရှာ၊ ကြက်ပေါင်းရည်ပို့သူကပို့၊ ဂလူးကို့(စ်)ဝယ်သူကဝယ်၍ လှုပ်လှုပ်ရှားရှားရှိသော်လည်း ကိုရေခဲကတော့ ထုံးစံ အတိုင်း ရေခဲတုံးပင်၊ 'သူ့မိန်းမနေမကောင်းတာ ကိုယ့်မိန်းမနေမကောင်းတာမှ မဟုတ်'ဟု တွေးသည်၊ သူ့မိန်းမကကိုယ့်မိန်းမထက်ပိုပြီး အရေးကြီးသည်ဟုမထင်၊ ထို့ကြောင့် မလှုပ်မရှား ငြိမ်နေလိုက်သည်၊ အင်း လှုပ်စရာရှိလည်း ပိုက်ဆံမှမရှိဘဲကိုး၊ ညနေတုန်းကတော့ ကိုမြတ်ဆွေ ကိုအောင်မြင့်နှင့် ခင်လေးဝေတို့သုံးဦးစုပြီး ဟောလစ် တစ်ပုလင်း ဝယ်သည်၊ သတင်းမေးသွားမည် လိုက်ဦးမလားဟု ခေါ်သော်လည်း သူ ခေါင်းခါခဲ့သည်၊ ဟောလစ် ပုလင်းတွင်သူ့အစုစပ်ငွေပါဘဲ

www.burmeseclassic.com

www.burmeseclassic.com


လိုက်ရမည်ကို စိတ်မလုံလှ၊ သူတို့ သုံးဦးကလည်း ရှေ့တင်သာ လိုက်ပါ ဟု ခေါ်သော်လည်း ကွယ်ရာကျတော့ပြန်ပြီး 'အတင်း' ပြောချင်ပြော ကြဦးမည်မို့ သိပ်မယုံလှ။

'ကဲ မနီတွင် လိမ္မော်သီး ခြောက်လုံးရှိသည်၊ နောက်ထပ် လေး လုံး ထပ်ဝယ်လျှင် လိမ္မော်သီးမည်မျှရှိမည်နည်းတဲ့၊ ကဲ ဒါဆို ဘာလုပ် ရမလဲ'

'ပေါင်းရမယ်'

'ဘာနဲ့ ဘာနဲ့ကို ပေါင်းရမှာလဲ'

'ခြောက်နဲ့ လေး'

'အဲ ဟုတ်ပြီ ကဲပေါင်းစမ်း'

'ခြောက်ကိုစိတ်ထဲမှာထား၊ လက်လေးချောင်းထောင်၊ ခြောက် ပြီးတော့ ခုနစ်၊ ရှစ်၊ ကိုး၊ တစ်ဆယ်၊ ဆယ့်တစ်'

'ကဲ အဲဒါ ဆယ့်တစ်'

မစိန်မြက ပေတံနှင့် လှမ်းခေါက်ပြန်သည်၊ သံချောင်းက ဖင် ရွှေ့ပြီး နောက်ဆုတ်သွားပြန်သည်။

'ခေါင်းကလေးကိုသုံးပြီး စဉ်းစဉ်းစားစားရွတ်စမ်းပါ သံချောင်း ရယ်၊ လက်ကိုထောင်ချင်တာထောင်၊ ပါးစပ်ကလည်း ရွတ်ကောင်း သလောက်ရွတ်ပြီး ရွတ်နေတာပဲ၊ အေ အေ ကျွတ် ကျွတ် အိပ်ပါကွယ် အိပ်ပါကွယ်လေ အေ အေ အေ'

မစိန်မြက ရင်ခွင်ထဲမှ လူးလွန့်လာသော ကလေး၏တင်ပါး ကို ပုတ်သည်၊ အင်္ကျီကို ကမန်းကတန်းဆွဲလှန်ပြီး ကလေး ပါးစပ်ထဲသို့ နို့ပိန်ကို ထိုးထည့်သည်၊ ကလေးက တစ်ချက် နှစ်ချက်စုပ်ပြီး ပြန်ငြိမ် သွားလေသည်။

'တော်ပါသေးရဲ့'

www.burmeseclassic.com

www.burmeseclassic.com


ကိုရေခဲက သက်ပြင်းချသည်၊ ဒီကောင်ပြန်မအိပ်လျှင် မစိန်မြ က 'ကိုရေခဲရေ' ဟု ခေါ်ဦးမည်ဖြစ်သည်၊ သူကတော့ စာသင်တာကို ရပ်လိမ့်မည်မဟုတ်။

'ကိုရေခဲ ရေ'

'ဟော ခေါ်ပါပြီဗျာ'

ကိုရေခဲက ဆေးလိပ်တိုကို နို့ဆီခွက်ထဲ ထိုးထည့်လိုက်ရပြန်သည်၊ မစိန်မြ၏လက်ထဲမှ အငယ်ကောင်ကို အလိုက်တသိ လှမ်းယူလိုက်ပြီး ပုခုံးပေါ်တွင်မှောက်ကာသိပ်လိုက်သည်။ တင်ပါးပြောင်ပြောင် ကလေးကိုပုတ်ရင်း ဆယ့်နှစ်ပေကျယ်သော အခန်း၌ ခေါက်တုန့်ခေါက် ပြန် လမ်းလျှောက်သည်။

'မြှောက်တယ်ဆိုတာ ပေါင်းတာပဲ သံချောင်းရဲ့၊ အများကြီး ထပ်ကာထပ်ကာပေါင်းနေရရင် ကြာတယ်မဟုတ်လား၊ တစ်ခါတည်း မြှောက်လိုက်ရင် အဖြေတန်းထွက်ရော'

မစိန်မြက သူသိသမျှ ပို့ချသည်။

'ဒါကြောင့် အလီရဖို့ အရေးကြီးတယ်လို့ ပြောတာပေါ့၊ အလီ မရရင် မြှောက်ကြဖို့မလွယ်ဘူး'

'အောင်မယ်လေးဟဲ့၊ ငါ့မိန်းမလည်း ဆရာမကြီးပုံ ဖမ်းနေလိုက်တာ၊ အလီရအောင်ကျက်၊ မရရင်တီးမယ်လို့သူပြောနေကျအတိုင်း ပြောလိုက်ရင် ပြီးရော'

ကိုရေခဲက တွေးသည်၊ ခုတလော မစိန်မြကို သိပ်ပြီးကြည့်လို့ မရ၊ ကိုယ့်သားကိုယ် စာသင်တာကတော့ဟုတ်ပါရဲ့၊ သူ လုပ်နေကျ အလုပ်များဖြစ်သော အငယ်ကောင် သိပ်ခြင်း၊ နို့ညှာကောင် အီးအီး

www.burmeseclassic.com

www.burmeseclassic.com


တယ်ခြင်း၊ အလတ်မ မိတ်ကုတ်ပေးခြင်း၊ အလတ်ကောင်၏ ဝဲများကို ဆေးထည့်ပေးခြင်း စသော စသော တောက်တိုမည်ရ အလုပ်များကို ကိုရေခဲအား အကုန်လွှဲအပ် လိုက်သည်ကတော့ ခက်လှသည်၊ သူ စာသင်နေတုန်းတော့ ဘယ်သူ ဘာကိစ္စပေါ်ပေါ် 'ကိုရေခဲရေ' ဟု တစ်ဆင့် လှမ်းခေါ်လိုက် သည်သာဖြစ်သည်။

'ငါ့နာမည်ကလည်း ရေခဲကနေ အရည်ပျော်ပြီး သူ့လက်ထက်ကျမှ ရေခဲရေဖြစ်နေပြီ'

ကိုရေခဲက မလိုတမာတွေးသည်၊ မိတ်ယားသဖြင့်သူ့ကျောကို သူ အိမ်တိုင်နှင့်ပွတ်နေသော အလတ်မအား စောင်းကြည့်ပြီး စိတ်မောသွားသည်၊ ပုခုံးပေါ်ကအကောင် အိပ်သွားလျှင် ခရေပွင့်ခြောက်နှင့် သနပ်ခါးကို ရောသွေးပြီး လူးပေးရန် အမိန့်ကျလာဦးမည်ကို ကြိုပြီး ကြားယောင်နေသည်၊ သူက အနည်းငယ် မျက်နှာရှုံ့မိလျှင် 'ကဲ ဒီလိုဆိုတော် လာပြီးသင်လှည့် ဒါမှမဟုတ် ကျူရှင်ခပေးပြီး ကျူရှင်ဆရာဆီပို့' ဟု ပြောဦးမည်ဖြစ်လေသည်။

'ကဲ ဒီမှာကြည့်၊ ပန်းအိုးတစ်အိုးလျှင် ပန်းသုံးပွင့်စီရှိသည်တဲ့၊ ပန်းအိုးခြောက်လုံးဆိုလျှင် ပန်းပွင့်မည်မျှ ရှိမည်နည်းတဲ့'

မစိန်မြက 'ပန်းအိုး'ဟု ဆိုလိုက်တော့ ကိုရေခဲသည် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေရင်းမှ ဒေါ်စိန်စိန်ကြည်ကို ဖျတ်ခနဲ သတိရသည်၊ ရုံးမှ အပျိုကြီးအရာရှိမဖြစ်သော ဒေါ်စိန်စိန်ကြည့်ကို သူတို့တစ်တွေက ကွယ်ရာတွင် 'ခင်ခင်ပန်းအိုး' ဟု ခေါ်ကြသည်၊ ပန်းအိုးကလေးလို ခါးသေးရင်ချီသောကြောင့်တော့မဟုတ်၊ ပန်းအိုး ထိုးထားသလို တစ်ခေါင်းလုံး ပန်းတွေဝေနေအောင် ပန်တတ်သောကြောင့် ဖြစ်သည်။ အသားညိုညို ဝဝဖိုင့်ဖိုင့်နှင့် ပုံပန်းမကျ လှသော်လည်း ရုံးမှထွေးထွေးတို့ ကေသွယ်တို့က 'မမစိန်တို့ ကိုယ်လုံးကတော့ တဂျယ်ကို

www.burmeseclassic.com

www.burmeseclassic.com


မိတယ်ဟေ့’ ဟု ပြောတတ်ကြသည်၊ မမစိန်ရဲ့အသားက ညိုပေမယ့် စိုပြီးဝင်း နေတာပဲ’ ဟုလည်း ပြောကြသေးသည်။

‘အင်း လျှာမှာအရိုးမရှိဘူးဆိုတာ တယ်ဟုတ်တာပဲ၊ ဦးလှအောင်ရဲ့သားကလေး ဆယ်တန်းကို ဂုဏ်ထူးတစ်ခုနဲ့ အောင်တုန်းကရော၊ တော်လိုက်တာနော်၊ မွေးရကျိုးနပ်လိုက်တာနော်၊ လိမ္မာလိုက်တာနော်နဲ့ ရင်သပ်ရှုမောလုပ်နေလိုက်ကြတာ၊ ဒီ ခေတ်မှာ ဂုဏ်ထူးတစ်ခုလောက်ရတာကိုများ ထူးထူးဆန်းဆန်း တအံ့တသြ လုပ်လို့’

ကိုရေခဲက အိပ်ပျော်သွားပြီဖြစ်သော အငယ်ကောင်ကို အိပ်ရာထဲသို့ ဖြည်းဖြည်းကလေးချသည်၊ နိုးသွားလျှင် နောက်ထပ်နာရီဝက်လောက် ထပ်လျှောက်ရဦးမည်မို့ အသက်ကိုပင် ပြင်းပြင်းမရှူရဲချေ။

‘သုံးတစ်လီသုံး၊ သုံးနှစ်လီခြောက်၊ သုံးသုံးလီကိုး၊သုံးလေးလီဆယ့်တစ်’

‘ဘာပြောတယ်၊ သုံးလေးလီ ဆယ့်တစ်ဟုတ်လား’

မစိန်မြကအော်သည်၊ ကိုရေခဲသည် အိပ်ရာပေါ် ရောက်နေပြီဖြစ်သော ကလေးကို လက်မလွှတ်ရဲသေးဘဲ ကမန်းကတန်း ပြန်ဖက်ထားသည်၊ ‘ရှူး ရှူး’ ဟု ခပ်တိုးတိုးပြောလိုက်သော်လည်း မစိန်မြကမကြား။

‘ဒါကြောင့် အလီကို ကျေအောင်ကျက်ပါဆို၊ စာအုပ်သာ ကျေသွားတယ်၊ စာမကျေဘူး၊ အလကား အကောင်’ ဟု ဆက်၍ အော်ပြန်သည်၊ ဒီတစ်ခါတော့ ကိုရေခဲစိတ်မရှည်တော့၊ ‘တိုးတိုးဟ’ ဟုခပ်ကျယ်ကျယ်အော်လိုက်သည်၊ မစိန်မြအော်စဉ်က မနိုးသော အငယ်ကောင်သည် ကိုရေခဲ၏အသံကြားမှ ဆတ်ခနဲ လန့်နိုးသည်၊ ဗြဲခနဲ အော်လေတော့သည်။

‘သွားပါပြီကွာ’

www.burmeseclassic.com

www.burmeseclassic.com



ကိုရေခဲက သားငယ်ကို ပုခုံးပေါ်ပြန်ထမ်းသည်၊ ခေါက်တုံ့ခေါက်ပြန်လျှောက်ရပြန်သည်၊ ထို့နောက်စိတ်ပျက်လက်ပျက်နှင့်ညည်းသည်။

'မစိန်မြရယ် ညည်းစာသင်တာ ငါပင်ပန်းလှတယ်'

'မပင်ပန်းချင်ရင် ကျူရှင်ဆရာဆီပို့လိုက်ပေါ့၊ လောက်အောင်ရှာပေးပေါ့ အိမ်ဦးနတ်ကြီးရဲ့'

မစိန်မြကလည်း ဇတ်ခနဲ မျက်စောင်းထိုးကာ ဆိုက်နေကျဘူတာသို့ ဒိုင်းခနဲ ဆိုက်လိုက်လေသည်။

'ဌာနတွင်း စာမေးပွဲဖြေထားရပါတယ်ကွ၊ ရာထူးတိုးတော့မှာပါ'

'ဒီစကားမျိုး ကြားဖူးတာများလှပါပြီ၊ ကြာလှပါပြီတော်'

မစိန်မြက အယုံအကြည်နည်းဟန်နှင့်ဆိုသည်။

'ဒီတစ်ခါ အားလုံးဖြေနိုင်တယ်ကွ'

'အရင်တုန်းကရော မဖြေနိုင်လို့လား'

ကိုရေခဲက ဘာမှဖြေရှင်းချက်ထုတ်မနေတော့ဘဲ ကြမ်းကိုမသိမသာ ဆောင့်နင်းသည်၊ ဆင့်တွေညွတ်နေပြီဖြစ်သော ကြမ်းအိုကြမ်းကျဲက ခြေချလိုက်တိုင်း ကျွီခနဲမြည်သည်။ ကိုရေခဲကတော့ ထိုအသံကို ဆိုင်းသံလိုထင်ပြီး 'လူမှာသာ ငွေမှမရှိရင် လင်ယူမိတာ နာတယ် ထင်တယ်၊ ယောက္ခမအိမ်တက် သမက်မှာမျက်နှာငယ်၊ မျက်နှာငယ်၊ ဒါတွေကို ငါ သိပြီကွယ်၊ အချစ် ဆိုတာ လောကမှာ နားမလည်တယ် လောက' ဟူသော သီချင်းကို စိတ်ထဲမှာ အော်ဆိုလိုက်မိသည်။

အဖေနှင့်အမေ စကားကောင်းနေစဉ် အကြီးကောင်က ခဲတံဖင်ကို ကိုက်ကာ ငေးနေသည်၊ မျက်လုံးစင်းပြီး ငိုက်နေသည်။

မစိန်မြမြင်တော့ ပေတံနှင့်ရွယ်ကာ အော်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com


'ဟဲ့အကောင် ဘာငေးနေတာလဲ၊ မြှောက်စမ်းပါလို့ ပြောထားတာ၊ မြှောက်ပါလား'

နေဝင်ခါနီးနေပြီ။

မိုးရိပ်က နည်းနည်းညိုနေတော့ နေမင်းသည် ရွှေဝါရောင်လက်တံများနှင့် ကမ္ဘာလောကကြီးတစ်ခုလုံးအား ဖြန့်ကျက် နှုတ်ဆက်ပိုင်စွမ်းမရှိရှာပေ။

'ခဏနေရင် မှောင်တော့မယ်'

ကိုရေခဲက တွေးသည်၊ဆေးလိပ်တိုကိုဖင်စီခံနားရောက်သည်အထိ ဖိရှူဖွာသည်၊ အပူငွေ့က အစီခံကို လောင်မြိုက်ကာ နှုတ်ခမ်းဆီသို့ ကူးစက်လာတော့မှ ရပ်လိုက်သည်။

'အစကတည်းက ထင်သားပဲ၊ ပါမှာမဟုတ်ဘူးလို့'

မစိန်မြက ခပ်တိုးတိုးပြောသည်၊ ကိုရေခဲကတော့သက်ပြင်းချသည်၊ ရာထူးတိုးရန် စာမေးပွဲဖြေရသည်၊ သူဖြေသည်၊ ဖြေလည်း ဖြေနိုင်သည်၊ သို့သော် ယခုစာရင်းထွက်လာတော့ သူ့အမည်ပါမလာ၊ သူ့ထက် လုပ်သက်နုသူတွေ၊ သူ့နောက်မှအလုပ်ဝင်သူတွေက သူ့ကိုကျော်ပြီး တက်သွားကြသည်။ 'သူတို့ကငါ့ထက်ဖြေနိုင်လို့ထင်ပါရဲ့'ဟု တွေးရုံမှအပ ကိုရေခဲ ဘာမှမလုပ်တတ်။

'သူကရော အစကတည်းက ထင်သားပဲဆိုတာကလွဲလို့ ဘာမှ မပြောတတ်တော့ဘူးလား'

ကိုရေခဲက မစိန်မြကို ဒေါသဖြစ်ချင်သည်၊ 'အလကားမိန်းမ၊ သူကြိုပြီး နိမိတ်ဖတ်နေလို့ ဖြစ်ရတာ'ဟု တွေးသည်၊ ခါတိုင်းလို အိမ်ခါးပန်းလေး ခေါင်းအုံးပြီး ဆေးလိပ်ကလေးဖွာဖို့ပင်စိတ်မကူးနိုင်၊ ရင်

www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် လေးလံပြီး ညှိုးချုံးနေသည်။

'အမေ'

'အေး'

'ဒီနေ့ အစားသင်တယ်'

'ရရဲ့လား'

'ဟင့်အင်း'

'ပြစမ်း'

သားတော်မောင် မောင်သံချောင်းက သူ၏လေ့ကျင့်ခန်းစာအုပ်ကို တွန့်ဆုတ်ဆုတ်နှင့် လှမ်းပေးသည်၊ မစိန်မြက စာရွက်များကို တဖျပ်ဖျပ်လှန်ကာ စစ်ဆေးသည်၊ ကြက်ခြေခတ်ရာများနှင့် ပြည့်နေသော စာမျက်နှာများကိုစိတ်လက်ညစ်ညူးစွာနှင့်စိုက်ကြည့်သည်၊ဆရာ ညံ့ခြင်းလော၊ တပည့်ညံ့ခြင်းလောဟု တွေးမနေအား၊ တပည့်ညံ့ခြင်းသာဖြစ်သည်ဟု ချက်ချင်းဆုံးဖြတ်လိုက်သည်၊ ကျောင်းကဆရာလည်း ညံ့မည်မဟုတ်၊ အိမ်ကဆရာကလည်း အလွန်တော်သည်ဟုတွေးသည်။

'သား မစားတတ်သေးဘူး အမေ'

သံချောင်းက သူ့အမေလက်လှမ်းမမီရာသို့ ဆုတ်ခွာရန် ဟန်ပြင်သော်လည်း မစိန်မြက သူ့ထက်မြန်သည်၊ သံချောင်း၏ ဦးစွန်းဖုတ်ကို ဘယ်ဘက်လက်နှင့် ဖျတ်ခနဲလှမ်းဆွဲသည်။ ခေါင်းက ရှေ့သို့ ငိုက်လာတော့ ညာဘက်လက်နှင့် ကျောပြင်ကို ဖြန်းခနဲ ရိုက်လိုက်သည်။

'အပေါင်းလည်းမတော်၊ အမြှောက်လည်းမတတ်ဘဲနဲ့ စားချိန်ကျမှ စားချင်လို့ရမလားဟဲ့ အဖေတူသားရဲ့'

မစိန်မြက ဒေါသတကြီးရေရွတ်သည်၊ သံချောင်းက ငိုသည်၊ ကိုရေခဲက ငေးနေသည်။

(မြတ်လေး ၁၉၈၃ မေ)

www.burmeseclassic.com

www.burmeseclassic.com



မရေးတတ်၍ဖြစ်မလာသောဝတ္ထုများ

www.burmeseclassic.com

www.burmeseclassic.com

'မေမေ'

'အင်း'

'ဘာငေးနေတာလဲဟင်'

'ဝတ္ထုရေးမလို့ စဉ်းစားနေတာပါ သမီးရယ်'

'မရေးသေးဘူးလား'

'ဟင့်အင်း'

'ဘာဖြစ်လို့လဲ'

'ဘာရေးရမယ်မှန်း မသိသေးလို့'

'တစ်နေ့တုန်းက မေမေဝတ္ထုတစ်ပုဒ်ဖတ်ရင်း၊ ရယ်နေတယ်လေ၊ ငါလည်း အဲဒီလို ရေးချင်လိုက်တာဆို...'

'ဘာပါလိမ့်'

'ပုတ်သင်ညိုအကြောင်းဆိုလား'

'သြော် ချက်ကော့ဖ်ရဲ့ (Chameleon) ဆိုတဲ့ ဝတ္ထုသမီးရဲ့၊ မြန်မာပြန်ရင်တော့ 'လူ့ပုတ်သင်' ပေါ့၊ မျက်နှာကြီးငယ်၊ ဆင်းရဲချမ်းသာ အခြေအနေအမျိုးမျိုးကိုလိုက်ပြီး အရောင်အမျိုးမျိုးပြောင်း ဆက်ဆံတတ်တဲ့လူအကြောင်း'

'ဖတ်လို့ ကောင်းလား'

www.burmeseclassic.com

www.burmeseclassic.com


'အင်း သိပ်ကောင်းတာပဲ၊ အဲဒီလို လူစားမျိုးတွေ အများကြီး ရှိတယ်'

'ဒါဆို မေမေလည်း ရေးပေါ့၊ ရေးချင်တယ်ဆို'

'အင်း ရေးချင်တာတော့ ရေးချင်တာပေါ့၊ ဒါပေမယ့် မဂ္ဂဇင်းထဲ ပါလာအောင် မေမေမရေးတတ်ပါဘူး သမီးရယ်'

'ဒီလိုဆို မေမေ့ဆီမှာတိုက်ပုံစံလာဆွဲခိုင်းတဲ့လူကြီးအကြောင်း ရေး၊ မေမေပဲပြောတယ်၊ အဲဒီလူကြီးက ချက်ချင်းချမ်းသာလာတာ၊ သူ့ အကြောင်း ဝတ္ထုရေးဖို့ ကောင်းတယ်ဆို'

'သူက တေက်ပြားပဲ'

'အင်း အဲဒီတေက်ပြား အကြောင်းရေးလေ'

'အင်း မဖြစ်သေးပါဘူးကွယ်၊ တစ်နွယ်ငင်ရင် တစ်စင်လုံးပါ ကုန်မယ်၊ မေမေမရေးတတ်ပါဘူး'

'ကဲ ဒီလိုဆို မေမေပြောတဲ့ဆရာဝန်ကြီးအကြောင်းရေး'

'ဘယ်ဆရာဝန်ကြီးလဲ'

'အိမ်တစ်ခါခေါ်ရင် ခြေကြွခက စာရေးလခတစ်လခစာ ပေးရ တယ်ဆိုတဲ့ အထူးကုဆရာဝန်ကြီးလေ'

'မလုပ်ပါနဲ့ သမီးရယ်၊ တော်ကြာ မေမေရောဂါဖြစ်လို့ အဲဒီ ဒေါက်တာ ဓူဇကာရဲ့ လူနာဖြစ်နရရင် ဒုက္ခ၊ မျက်နှာပူ နေရမှာပေါ့'

'ကဲ ဒီလိုဆို ဦးဦးပြောသွားတဲ့ သူ့လူနာအကြောင်းပဲရေးတော့'

'ဘယ်လူနာလဲ၊ သူပြောသွားတာတွေက အများကြီးပဲ၊ ဗိုက်နာ တဲ့ လူနာရော၊ မြွေပေါက်တဲ့လူနာရော စုံလို့'

'ဟိုဟာလေ နေမကောင်းဖြစ်လို့ အလုပ်မလုပ်ပါနဲ့၊ အနားယူ ပါဦး ဆိုတာ ပြောစကားနားမထောင်ဘဲ ထွက်ပြီး ဆိုက်ကား နင်းတယ် ဆိုတဲ့ သူလေ'

www.burmeseclassic.com

www.burmeseclassic.com


'အင်း နောက်ပြီးတော့ သေသွားတယ်လေ၊ ဟုတ်တယ်၊ သူ့အကြောင်းဝတ္ထုရေးပြီး ဝတ္ထုနာမည်ကို 'ရောဂါရှာပေးပါ'လို့ ပေးဖို့ကောင်းတယ်၊ သူသေတာ ဘာရောဂါကြောင့်လဲ သမီးသိရဲ့လား'

'သမီးသိအောင် မေမေရေးပြပေါ့'

'မေမေရေးပြရမယ်ဟုတ်လား၊ အင်း မေမေလည်း မရေးတတ်ပါဘူး သမီးရယ်'

'ဟင်း မေမေကလည်းနော် သမီးတောင် စိတ်ညစ်လာပြီ၊ ကဲ ဒီလိုဆို ဟိုတစ်နေ့ မေမေတို့ဆီ ဧည့်သည်လာတုန်းက ပြောနေကြတာ၊ မေမေက ပညာတတ်တဲ့လူတွေအကြောင်းရေးချင်လိုက်တာဟယ်၊ လက် ကို ယားနေတာပဲဆို'

'အင်း ဟုတ်တယ်၊ ပညာတတ်လူတန်းစားတွေ အကြောင်း'

'အင်း ရေးလေ'

'မဖြစ်သေးပါဘူး သမီးရယ်၊ အဲဒီပညာက အတန်းပညာ၊ ကျောင်းပညာမဟုတ်ဘူး၊ ဘယ်ကျောင်း ဘယ်တက္ကသိုလ်ကမှလည်း သင်ပေးတာမဟုတ်ဘူး'

'ဘာပညာလဲဟင်'

'ကပ်တန်ရင်ကပ်၊ ခွာတန်ရင်ခွာ၊ ထူထူလေး လှီးနိုင်ရင်လှီး၊ ပါးပါးကလေး ရိတ်တန်ရင်လည်း ရိတ်၊ ပေးတန်ရင်လည်း သွက်သွက်ပေး၊ ယူနိုင်ရင်လည်း မြက်မြက်ယူ၊ အပေါ်ယံအရေခွံကလေးက ပြုံးပြ'

'ဟာ ဘာတွေမှန်းလည်း မသိဘူး၊ ရှုပ်နေတာပဲ'

'သမီးကြီးလာရင် ရှင်းသွားမှာပါ၊ ဘာမှန်းလဲ သိလာမှာပါ'

'တော်ပါပြီ၊ မသိချင်တော့ပါဘူး၊ သမီးသွားကစားတော့မယ်'

'အင်း အဲဒါပဲ ကောင်းပါတယ်၊ သွားကစားချေတော့'

'မေမေလည်း ရေးချင်တာသာရေးတော့'

www.burmeseclassic.com

www.burmeseclassic.com


'မေမေ ဘာတွေရေးချင်နေသလဲ၊ သမီးသိလို့လား'

'သိတာပေါ့'

'ကဲ ပြောစမ်း'

'ဟို အံဆွဲထဲမှာ မေမေဒီအတိုင်း အထပ်လိုက်သိမ်းထားရတဲ့ ပိုက်ဆံလေးတွေအကြောင်း'

'အင်း တော်တယ်၊ နောက်ပြီးတော့ရော'

'ခရီးသွားရမှာ ကြောက်တဲ့အကြောင်း'

'အို တယ်ဟုတ်ပါလား၊ နောက်ပြီးတော့ရော'

'နောက်ပြီးတော့ မေမေက ဘာရေးချင်သေးလို့လဲ'

'မေမေက ပျော်စရာအကြောင်း ရေးချင်သေးတယ်'

'ပျော်စရာ'

'မေမေတို့တွေ အကောင်းစား အပျံစား လေယာဉ်ပျံကြီးနဲ့ ပြေလီသွားပြီး အနားယူကြတဲ့အကြောင်း'

'ဟင် ဘယ်တုန်းကလဲ'

'စိတ်ကူးထဲမှာလေ'

'အင်'

'အင်းလေ စာအုပ်ထဲမှာ သမီးတွေ့ဖူးတဲ့ လေယာဉ်ပျံ အကြီးကြီးလေ၊ အဲဒါကြီး စီးပြီးသွားကြမယ်၊ လေယာဉ်လက်မှတ်ကို လွယ်လွယ်ကလေး ဝယ်၊ လေယာဉ်ပျံပေါ် ကြော့ကြော့ကလေးတက်'

'လေယာဉ်မယ်လေးက မုန့်အကောင်းစား ဖျော်ရည်အကောင်းစားတွေ လာကျွေးရမယ်နော် မေမေ၊ အိမ်သာထဲမှာလည်း ရေမွှေးပုလင်း တွေ၊ နူတ်ခမ်းဆိုးဆေးဘူးတွေ ရှိရမယ်'

'အင်းပေါ့'

'ဟာ ဟ တကယ့်ကို ပျော်စရာကြီးပဲ၊ ကဲ မေမေရေးတော့'

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် မလွယ်ဘူး သမီးရဲ့'

'ဟင် ဘာဖြစ်လို့လဲ'

'မေမေ မရေးတတ်ပြန်ဘူး'

'ဘာဖြစ်လို့'

'အဲဒီလို လေယာဉ်မျိုးကို မေမေမှ မစီးဖူးတာ'

'ဟင် မေမေကလည်း လုပ်ပြန်ပြီ'

'ဘာလုပ်လို့လဲ'

'ဟင်း တော်ပါပြီ၊ မပြောချင်တော့ပါဘူး၊ မေမေက စာရေးဆရာသာ ဆိုတယ် အလကားပဲ'

'ဘာဖြစ်လို့'

'ဟိုအကြောင်းပြောလည်း မရေးတတ်'

'အင်း'

'ဒီအကြောင်းပြောလည်း မရေးတတ်'

'အဲ'

'ညံ့လိုက်တာက လွန်ပါရော'

'ဘာပြောတယ်၊ ကိုယ့်အမေကိုကိုယ်ဒီလိုပြောရသလား၊ ခွေးမလေးနော်၊ ဟင်း ငါ့ဘာသာငါညံ့တာ ဘာဖြစ်လဲ၊ တော်ချင်တိုင်း တော်လို့ ရတယ် အောက်မေ့လို့လား သွား'

(ပေဖူးလွှာ ၁၉၈၇ ဒီဇင်ဘာ)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ ဘဘကြီး ရုံးကပြန်လာတာ မျက်မှောင်ကြီးကျုံ့လို့၊ မျက်နှာကြီးလည်း နီလို့၊ ဒါဆိုရင် ရုံးမှာဖြစ်ဖြစ် လမ်းမှာဖြစ်ဖြစ် တစ်ခုခု စိတ်ဆိုးစရာ ဖြစ်ခဲ့ပြီဆိုတာကို မိအေးသိတာပေါ့၊ မိအေး ဒီအိမ်ရောက်တာ တစ်နှစ်တောင်ကျော်ခဲ့ပြီဟာပဲ၊ ဒီလောက်တော့အကဲခတ်တတ်နေပါပြီ။

အန်တီခင် မခိုင်းသေးပေမယ့် မိအေးနောက်ဖေးချောင်ဝင်ပြီး သံပရာရည်ချိုချို အေးအေးလေး တစ်ခွက်ဖျော်ထားနှင့်တယ်၊ မကြာပါဘူး အန်တီခင်က လှမ်းအော်တာပဲ 'မိအေးရေ သံပရာရည် ချိုချိုလေး တစ်ခွက် မြန်မြန်လုပ်ခဲ့စမ်း' တဲ့။

သံပရာရည်ကို အန်တီခင်တို့အိပ်ခန်းထဲသွားပို့ရတယ်၊ ပြောရဦးမယ် အန်တီခင်တို့ အိပ်ခန်းကလေ လေအေးစက် တပ်ထားတာ သိလား၊ အမြဲတမ်းအေးပြီး မွှေးနေတာပဲ၊ အန်တီခင်က ပန်းကြိုက်တယ်လေ၊ အနံ့မွှေးတဲ့ပန်းလေးတွေ တစ်မျိုး မဟုတ် တစ်မျိုး ခုတင်ဘေးက စားပွဲလေးမှာ တင်ထားတတ်တယ်၊ ဒီတစ်ခါတော့ သနပ်ခါးပန်းဝါဝါလေးတွေက ဝေလို့၊ အခန်းထဲမှာလည်း သနပ်ခါးပန်းနံ့လေး သင်းလို့၊ ဒါပေမယ့် မိအေးစိတ်ညစ်သွားတယ်၊ အဲဒီသနပ်ခါးပန်းလေးတွေ မှည့်ပြီး ခုတင်ဘေးမှာခင်းထားတဲ့ မွှေးပွကော်ဇောထဲ ကြွေတော့မှာကြောင့်ပါ၊ အဲဒါဆိုရင် လှည်းရကျင်းရ သိပ်ခက်တာပဲ၊ ဟိုတစ်ခါ ပိတောက်

www.burmeseclassic.com

www.burmeseclassic.com


ပန်းတွေ ကြွေတုန်းကလည်း မိအေး တစ်ပွင့်ချင်းလိုက်ကောက်ခဲ့ရဖူးပြီ။

'ဟဲ့ မိအေး၊ ပေးလေ ဘာငိုင်နေတာလဲ' တဲ့။

အန်တီခင်က မိအေးလက်ထဲမှ သံပရာရည်ခွက်ကို လှမ်းယူတယ်၊ ဘဘကြီးက ခုတင်ဘေးက ပက်လက်ကုလားထိုင်မှာ ထိုင်နေတယ်၊ ကိုကိုလေးက ဘဘကြီးရဲ့လက်မောင်းမှာ သားရေပတ်လားဘာလား မသိပါဘူး၊ အဝတ်စလိုဟာကြီး တစ်ခုပတ်ပြီး သွေးပေါင်ချိန်နေတယ်၊ နောက်ပြီး 'ဝမ်းစစ်တီး၊ ဟိုင်ဒရက်' လို့ ပြောတယ်လေ၊ မိအေးလည်း ခြောက်တန်းအထိစာသင်ဖူးတာပဲဟာ ဝမ်းစစ်တီးဆိုတာ တစ်ရာ့ခြောက်ဆယ်မှန်း သိတာပေါ့၊ ဘဘကြီးရဲ့သွေးပေါင်ချိန်က တစ်ရာ့ခြောက်ဆယ်၊ တစ်ရာဖြစ်နေပြီ၊ သွေးတိုးနေပြီ၊ ကိုကိုလေးက သွေးကျဆေးတွေ တိုက်တော့မယ်ဆိုတာလဲ သိတာပဲ။

'ဖေဖေကလည်း ထစ်ခနဲရှိ စိတ်က တိုတော့တာကိုး၊ စိတ်တိုတာနဲ့ သွေးကလည်း ဒိုင်းခနဲ တိုးတတ်တာကိုလည်း သိသားနဲ့'

'ဒိုင်းချင်မှသာ ဒိုင်းရောပေါ့၊ မတိုလို့ကတော့ မဖြစ်ဘူး'

ဘဘကြီးက ငေါက်ဆတ်ဆတ်ပြောတယ်။

'လူတွေဟာ ကိုယ့်ကိုကိုယ် ပြည့်သူ့ဝန်ထမ်းဆိုတာ သတိမရကြဘူး၊ ဒီဖိုင်တွဲ ဒီစားပွဲပေါ်ကနေ ဟိုစားပွဲပေါ် ရောက်ဖို့လောက် အရေးတောင် လက်ဖက်ရည်ဖိုးက တစ်မျိုး၊ ထမင်းဖိုးက တစ်မျိုး'

ဘဘကြီးတို့ဌာနက ဘာဌာနလဲတော့မိအေးမသိပါဘူး၊ဒါပေမယ့် အရပ်ထဲကလူတွေ ခဏခဏ လျှောက်လွှာတင်ကြတဲ့ ဌာနဆိုတာတော့ မိအေးသိတယ်။

'အလုပ်ကို အလုပ်နဲ့တူအောင် မှန်မှန်လေးလုပ်သွားဖို့ဆိုတဲ့ အသိစိတ်ဓာတ်ကို သူတို့ခေါင်းထဲမှာ မရှိကြဘူး၊ အလုပ်လုပ်စေချင်ရင် ပေးပါ ပေးပါ ပေးဆိုတာမျိုးတွေ တောက်'

www.burmeseclassic.com

www.burmeseclassic.com



ဘဘကြီးက ပြောရင်းဆိုရင်း ဒေါသတွေပိုထွက်လာတယ်၊ ကိုကိုလေးက မိအေးကိုလှမ်းကြည့်တော့ မိအေးက 'ဆေးသေတ္တာလား အစ်ကိုလေး'လို့ မေးလိုက်တယ်၊ သူ့အခန်းထဲက ဆေးသေတ္တာကို ယူခိုင်းတော့မယ်၊ ဘဘကြီးကို သွေးကျဆေးတွေရော စိတ်ငြိမ်ဆေးတွေရော တိုက်တော့မယ်ဆိုတာ မိအေးသိတာပေါ့။

မိအေး ဆေးသေတ္တာယူပြီး ပြန်လာတဲ့အထိဘဘကြီးကတော့ တဖျစ်တောက်တောက်ပြောတုန်းပဲ။

'ဒီနေ့တော့ အကုန်လုံး တန်းစီပြီး ကောင်းကောင်းဆူပစ်ခဲ့တယ်၊ မင်းတို့ကို နိုင်ငံတော်က လစာပေးပြီးသား၊ ကိုယ့်အလုပ် ကိုယ့်တာဝန်ကို သမားရိုးကျဆောင်ရွက်ရခြင်းအားဖြင့် ဘယ်သူ့ဆီကမှ ဘာမှ ထပ်လိုချင်နေစရာမလိုဘူး၊ မျှော်ကိုးနေစရာမလိုဘူး၊ ထမင်းဖိုး ပြောပြော လက်ဖက်ရည်ဖိုးပြောပြော ဒါဟာ လာဘ်ပဲ၊ ပေးတဲ့သူကလည်း လာဘ်ပေးတာပဲ၊ ယူတဲ့သူကလည်း လာဘ်ယူတာပဲလို့၊ဒီလိုလုပ်နေရင် တို့ဌာနကြီး သူများလက်ညှိုးထိုးတာ အမြဲခံနေရမှာပဲ၊ ဒီအကျင့်တွေကို ပြင်ချင်ပြင်၊ မပြင်ရင်တော့ အပြုတ်ပဲလို့ ဟင်း'

'ကိုကိုရယ် လျှော့၊ လျှော့၊ စိတ်ကိုလျှော့'တဲ့။ အန်တီက လေချိုအေးလေးနဲ့ ချော့ရင်း သံပရာရည်တိုက်တယ်၊ ဟုတ်ပါရဲ့ ဘဘကြီးခမျာလည်း ဘယ်လောက်တောင်စိတ်တွေတိုနေလဲမသိပါဘူး။လေအေးစက် ဖွင့်ထားတဲ့ အခန်းထဲမှာတောင် နဖူးမှာ ချွေးတွေသီးလို့၊ အန်တီခင်က မွေးပွတဘက်ကလေးနဲ့အသာသုတ်ပေးရင်း 'အလုပ်ကိစ္စတွေမေ့ပြီး ခဏမှိန်းလိုက်ကွယ်' တဲ့။

အန်တီခင်ဟာလေ၊ လူကသာ ဝဝကြီး၊ စကားပြောလိုက်ရင်တော့ ချိုချိုအေးအေးလေး၊ မိအေးတို့ကို ပြောရင်တောင် ချိုချိုပဲ ပြောတယ်၊ ဆူလားဆဲလား ဘယ်တော့မှမရှိဘူး၊ ဒါပေမယ့် အကျယ်စေ

www.burmeseclassic.com

www.burmeseclassic.com


အောင်တော့ သိပ်ခိုင်းတတ်တာ၊ အိမ်မှာ မိအေးရော၊ အဒေါ်ကျေးရော၊ ခြံထဲမှာမာလီလုပ်တဲ့ကိုဖိုးမောင်ရော အားလို့နားရတယ်ဆိုတာ တစ်ခါမှ မရှိပါဘူး၊ အလုပ်က တစ်ခုပြီးတစ်ခု ဇယ်ကိုဆက်လို့၊ ဒါပေမယ့် မိအေး ပျော်ပါတယ်၊ မိအေးကလည်း အလုပ်လုပ်ဖို့လာတဲ့သူပဲဟာ။

မိအေး အခန်းအပြင်ပြန်ထွက်လာတော့ အိမ်ထဲမှာ ကြက်သား ကြော်နံ့မွှေးနေပြီ၊ ဒေါ်ကျေးကြော်နေတဲ့ ကြက်သား ကျွတ်နေပြီ ထင်ပါရဲ့၊ ညနေစာ ပဲဟင်းကို ဆားလျှော့ခတ်ဖို့ ဒေါ်ကျေးကို သတိပေးရဦးမယ်၊ ဘဘကြီး သွေးတိုးနေတယ် မဟုတ်လား၊ ဩော် နောက်ပြီးငံပြာရည်ချက်နဲ့ တညင်းသီးတို့စရာလည်း စားပွဲပေါ်တင်လို့မဖြစ်ဘူး၊ အန်တီခင်က မိအေးတို့ကို ပြောပြီးသား၊ အဲဒါတွေက သွေးတိုးစာတွေတဲ့။

BURMESE CLASSIC .com

မိအေး မီးဖိုချောင်ဝင်ပြီး

'အဒေါ်ကျေးရေ၊ ဘဘကြီးသွေးတိုးနေပြီ၊ ဟင်းတွေကို ဆားလျှော့' လို့ပြောတော့ ဒေါ်ကျေးက မျက်စောင်းထိုးတယ်။

'ကျွန်မအလုပ်ကျွန်မနားလည်ပါတယ်မမအေးရယ်'လို့လည်း ငေါ့ပြီး ပြောတယ်၊ အဲဒါနဲ့ မိအေးလည်း အသာလေး ပြန်ထွက်ခဲ့ရ တယ်၊ ဒေါ်ကျေးက သဘောကောင်းပေမယ့် တစ်ခါတလေကျတော့ တစ်မျိုး ပဲ၊ မိအေးက သူ့ကို လာလာပြီး ဆရာလုပ်တယ် လို့ထင်တတ်တယ်၊ ဟွန်း ဒီက စေတနာနဲ့ပြောတာ၊ မကြိုက်ရင် မပြောရုံပေါ့။

မိအေးလည်း စိတ်တိုတိုနဲ့ဧည့်ခန်းဘက်ပြန်ထွက်လာခဲ့တယ်၊ နည်းနည်းပါးပါး ဖုန်တက်နေတာတွေကို ပြန်ပြီး လှဲကျင်း နေလိုက်တယ်။ ဟွန်း ခဏနေရင်တော့ မိအေးရေ ထမင်းပွဲ ကူပြင်လှည့်ဦးလို့ အဒေါ်ကျေးက ခေါ်လိမ့်မယ်၊ အဲဒီကျမှ မကြားချင်ယောင်ဆောင်နေလိုက်ဦးမယ်။

တံမျက်စည်းလှဲလို့ ပြီးခါနီးတော့ ဧည့်သည်တွေ ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အသားဖြူဖြူ၊ ပုပု၀၀၊ လင်မယားနှစ်ယောက်လေ၊မျက်နှာလည်း ချိုတယ်၊ အပြောလည်းချိုတယ်။ နောက်ပြီး သူတို့ ဟိုတစ်ခါတုန်းက ယူလာတဲ့ သပျက်သီးခြောက်တွေကလည်း သိပ်ချိုတာပဲ၊ မိအေး ခိုးစား ဖူးလို့သိတာပါ၊ အင်း ဒီတစ်ခါလည်း အထုပ်အပိုးတွေဆွဲလို့၊ အထုပ် တွေက ခါတိုင်းထက်တောင် ပိုများသေး၊ မိအေးလေအဲဒါတွေကိုကြည့် ရင်း ခုနတုန်းက ဘဘကြီးပြောတာကို သတိရတယ်၊ ဒါဟာ လာဘ်ပေး တာများလား လို့တွေးမိတယ်၊ အဒေါ်ကျေးသိရင်တော့ ရှင်နဲ့ဘာဆိုင်လို့ လဲ၊ အေးအေးနေစမ်းပါ မမအေးရယ်လို့ ပြောဦးတော့မှာပဲ ထင်ပါရဲ့။

သူတို့ကို ခဏစောင့်ပါလို့ ပြောရင်း မိအေး အန်တီခင်တို့ အခန်းထဲ ၀င်ခဲ့ရပြန်တယ်၊ ဘဘကြီးမျက်နှာက သိပ်မနီတော့ပါဘူး၊ သိပ်မကြည်သေးပေမယ့် မျက်မှောင်အတွန့်တော့ ပြေနေပါပြီ၊ အန်တီ ခင် နေ့ခင်းကမေးလာတဲ့ အကြားအမြင် ဗေဒင်ဆရာမ ဟောလိုက်တာ တွေကို နားထောင်နေတယ်၊ အန်တီခင်က ထပ်ပြီးပေါ်များအောင် ထော ပတ်လှူရမယ်တဲ့၊ ဘေးဘယာတွေ ကျော်သွားအောင်လို့ ဘယာကြော် လှူရမယ်တဲ့၊ အင်း သူများကို လှူမယ့်အစား အဒေါ်ကျေးရယ်၊ မိအေး ရယ်၊ ကိုဖိုးမောင်ရယ်ကို လှူလိုက်ရင်တော့ သိပ်ကောင်းမှာပဲနော်။

'အန်တီခင်၊ ဧည့်သည်လာတယ်'

'ဘယ်သူတွေများတုံးကွယ်'

'ဟို ၀၀ ပုပု လင်မယား'

'သြော် ကိုသန်းစိန်တို့ထင်ပါရဲ့'

အန်တီခင်က ပြုံးသွားတယ်၊ ဘဘကြီးဘေးက ထလာပြီး မှန်တင်ခုံရှေ့မှာ ရပ်တယ်၊ မျက်နှာကို တို့ပတ်နည်းနည်း ရိုက်တယ်။

'သူတို့တွေ နေ့ခင်းက ဖုန်းဆက်သေးတယ်၊ ကိုကိုကူညီလို့ဖြစ် တာ ကျေးဇူးတင်လွန်းလို့တဲ့'

www.burmeseclassic.com

www.burmeseclassic.com


'အပန်းမကြီးပါဘူးကွာ'

'ဒါပေမယ့် သူတို့အတွက်က တော်တော်အဆင်ပြေသွားတာကိုး၊ အဲဒါ နောက်ကိစ္စလေးတစ်ခုပါ အပူကပ်ချင်လို့ လာပါရစေ ပြောထားတာ၊ ခုနတုန်းက ခင်မေ့နေလို့'

'ကိုကို တွေ့ရဦးမှာလား'

'အို မတွေ့ပါနဲ့တော့၊ ခင် ကြည့်ပြောလိုက်ပါ့မယ်'

'အေး အေး'

ဘဘကြီးက ခေါင်းညိတ်တယ်၊ မိအေးက အန်တီခင်နားကပ် ပြီး သူတို့မှာအထုပ်တွေနဲ့လို့ သတင်းပေးသလို တိုးတိုးပြောတော့ အန် တီခင်က ဘာမှပြန်မပြောဘူး၊ ခဏနေတော့

'သွား သွား၊ ဧည့်သည်ဖို့ နက်စ်ကော်ဖီ ဖျော်ခဲ့'တဲ့။ နောက်ပြီး ခေါင်းကို ဘီးနဲ့သပ်ရင်း သြော် သူတို့ခမျာ ကိုယ့်ကိုချစ်လို့၊ ခင်လို့၊ လေးစားလွန်းလို့၊ ခဏခဏ ဒုက္ခခံလာနေကြရှာတာတဲ့။


မိအေး အခန်းထဲက မထွက်ခင် ဘဘကြီး ဘာများခိုင်းဦးမလဲလို့ လှမ်းကြည့်လိုက်တော့ မျက်စိမှိတ်ပြီးမှိန်းနေတာ တွေ့ရတယ်၊ မျက်နှာကြီးကတော့ ကြည်လို့ ပြုံးလို့။

(မဟေသီ ၁၉၉၁ ဩဂုတ်)

မစန္ဒာ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com